www.burmeseclassic.com

# ကျွန်တော့် ဖေဖေ နှင့်......

ကိုကိုမောင် (G.E.M)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာ တိ ကာ

ဆရာကြီးများ၏အမှာ

ပါမောက္ခဒေါက်တာခင်မောင်ဝင်း(ဒဿနဗေဒ) က

ဒေါက်တာကျော်စိန် င

စာရေးဆရာ ဆရာမတို့၏အတွေး

ဆရာမောင်ဝဏ္ဏ ဈ

ဆရာမ မနော်ဟရီ ဏ

ကျွန်တော့်ဖေဖေနှင့် . . .

- **ဒေဘိုးနီး** ၁
  အတွေးသစ်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၁၉)၊ (၅-၁၂-၂၀၀၀)
- **နောက်ကျော** ၉
  အတွေးသစ်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၃၅)၊ (၂၇-၃-၂၀၀၁)
- **ရွှေဒင်္ဂါးရှစ်ပြား** ၁၅
  အတွေးသစ်ဂျာနယ်၊ အတွဲ(၁)၊ အမှတ် (၅၀)၊ (၁၁-၉-၂၀၀၁)
- **ဟာမ်မူရာဘီမင်းမြတ်** ၂၃
  အတွေးသစ်ဂျာနယ်၊ အတွဲ(၂)၊ အမှတ်(၇၅)၊ (၂၅-၃-၂၀၀၂)
- **ချစ်ခြင်းမေတ္တာသည်သာ** ၃၃
  အတွေးသစ်ဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၁၇၆)၊ (၁၅-၃-၂၀၀၄)
- **သင်းအုပ်ဆရာ** ၃၉
  အတွေးသစ်ဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၁၉၅)၊ (၂-၈-၂၀၀၄)
- **Family** ၄၇
  Family မဂ္ဂဇင်း၊ အမှတ်(၃၆)၊ (ဇန်နဝါရီလ၊ ၂၀၀၅)
- **မရှိမဖြစ်** ၅၅
  Family မဂ္ဂဇင်း၊ အမှတ်(၃၇)(ဖေဖော်ဝါရီလ၊ ၂၀၀၅)
- **သင်ကောင်းလျှင်** ၆၁
  အတွေးသစ်ဂျာနယ်၊ အတွဲ(၅)၊ အမှတ်(၂၅၀)၊ (၂၉-၈-၂၀၀၅)
- **နှစ်သစ်လက်ဆောင်** ၇၅
  Family မဂ္ဂဇင်း၊ အမှတ်(၄၈)၊ (ဇန်နဝါရီလ၊ ၂၀၀၆)
- **ဖခင်တစ်ဦး၏ဆုတောင်း** ၈၇
  Family မဂ္ဂဇင်း၊ အမှတ်(၅၃)၊ (ဇွန်လ၊ ၂၀၀၆)
- **သင်းအုပ်ဆရာ (၂)** ၉၇
  အတွေးသစ်ဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၃၀၀)၊ (၂၁-၈-၂၀၀၆)
- **သင်္ချာဉာဏ်စမ်းပုစ္ဆာလေး** ၁၀၅
  Family မဂ္ဂဇင်း၊ အမှတ်(၆၀)၊ (ဇန်နဝါရီလ၊ ၂၀၀၇)
- **လောက၏ဆား** ၁၁၉
  အတွေးသစ်ဂျာနယ်၊ အတွဲ(၈)၊ အမှတ်(၃၅၀)၊ (၁၃-၈-၂၀၀၇)
- **ပုံပြင်အတွေးသစ်** ၁၂၉
  အတွေးသစ်ဂျာနယ်၊ အတွဲ(၈)၊ အမှတ်(၃၆၂)၊ (၅-၁၁-၂၀၀၇)

www.burmeseclassic.com

www.burmeseclassic.com


အင်္ဂလိပ်စာသင်ယူခြင်း ၁၃၉
- **အပိုင်း(၁)** ၁၄၃
အတွေးသစ်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၄)၊ (၂၁-၈-၂၀၀၀)
General English Magazine, (Jan-2005)
- **အပိုင်း(၂)** ၁၅၃
အတွေးသစ်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၅)၊ (၂၉-၈-၂၀၀၀)
General English Magazine, (March-2005)
- **အပိုင်း(၃)** ၁၆၃
အတွေးသစ်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၆)၊ (၅-၉-၂၀၀၀)
General English Magazine, (April-2005)

စာဖတ်သူလူငယ်များ၏အမြင်
စောဘိုဘို ၁၇၁
ဆိုင်ဆောင်းမ် ၁၇၃


❐

# နိုင်ငံတော်အကျိုးကို သယ်ပိုးသွားသောဗင်

**ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ)**

ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့သည် ကိုရီးယားရုပ်ရှင်များကို ညနေတိုင်း ကြည့်ကြ၏။ ရုပ်ရှင်နှင့်ပတ်သက်၍ ကျွန်တော် ဘာမျှနားမလည်ပါ။ သာမန်သာ ခံစားတတ်ပါသည်။ ဇာတ်ကား ကောင်း မကောင်းကို သာမန်သာ ခံစားတတ်ပါသည်။ အမှုအရာ ကောင်း မကောင်းကို သာမန်သာ ခံစားတတ်ပါသည်။ အသံသွင်းပုံ ကောင်း မကောင်းကို သာမန်သာ ခံစားတတ်ပါသည်။

သို့သော် ကိုရီးယားရုပ်ရှင်များကို ကျွန်တော်ကြည့်ရာတွင် အဓိကအားဖြင့် ဖော်ပြပါ အရာများမဟုတ်ပါ။ ကိုရီးယားကားများကို ကျွန်တော်ကြည့်ရာတွင် စိတ်ဝင်စားမှုရှိသည်မှာ ဇာတ်အိမ်ဖွဲ့မှုဖြစ်ပါသည်။

ကိုရီးယားရုပ်ရှင်ကားများမှာ ရှည်၏။ အဓိကဇာတ်ကြောင်းကြီးတစ်ခုအပြင် ဘေးသို့ ဖြာထွက်သွားသောဇာတ်ကြောင်းလေးများသည်လည်း ပါရှိ၏။ အဓိက

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကြောင်းကြီးသည် မြစ်မကြီးကဲ့သို့ဖြစ်၍ ဖြာထွက်သွားသော ဓာတ်ကြောင်းလေးများသည် မြစ်လက်တက်ကလေးများကဲ့သို့ ဖြစ်၏။ နောက်ဆုံး ဓာတ်သိမ်းသောအခါ သီးခြားကဲ့သို့ မှတ်ထင်ရသည့် မြစ်လက်တက်လေးများကဲ့သို့ တည်ရှိနေသော ဓာတ်ကွက်လေးများသည် ပင်မဓာတ်ကြောင်းကြီးနှင့် ပေါင်းစည်းကာ နောက်ပိုင်း ဓာတ်သိမ်းသော ကာလ၌ ဓာတ်ရည်လည်သွားသည်။ ဤသို့ ဓာတ်အိမ်ကိုဖွဲ့နိုင်ရန်အတွက် ယုတ္တိဗေဒဟုခေါ်သော Logic ပညာရပ်ကို ကျွမ်းကျင်ရန် လို၏။

ကိုကိုမောင်၏ ဆောင်းပါးများကို ဖတ်ကြည့်သောအခါ၌လည်း သချာနှင့်ပတ်သက်သော ဆောင်းပါးများ၊ ဉာဏ်စမ်းပုစ္ဆာများနှင့်ပတ်သက်သော ဆောင်းပါးများ၊ သူ့ဖေဖေနှင့်ပတ်သက်သော ဆောင်းပါးများကို တွေ့ရမည်ဖြစ်၏။ ဤတွင်လည်း မည်သည့်အကြောင်းအရာက ပင်မ၊ မည်သည့် အကြောင်းအရာက ဖြာထွက်လာသော အကြောင်းအရာများဟူ၍ခွဲခြားကာ ဆောင်းပါးများ၏ သဘောကို တစ်စုတစ်စည်းတည်း ဖတ်သွားနိုင်ပါက ပိုမို စိတ်ဝင်စားဖွယ် ဖြစ်မည်ဟု ထင်ပါသည်။

ကျွန်တော့်အမြင်အရ အဓိကအကြောင်းအရာမှာ ကိုကိုမောင်နှင့် သူ့ဖေဖေတို့၏ ဆက်ဆံပုံပင်ဖြစ်ပါသည်။ များသောအားဖြင့် အိမ်ထောင်တစ်ခုတွင် ဖခင်ဖြစ်သူသည် အလုပ်များတတ်၍သော်လည်းကောင်း၊ အခြားအကြောင်းများကြောင့်သော်လည်းကောင်း မိမိ၏သားသမီးများကို အချိန်ပေး နည်းတတ်ကြသည်။

ဖခင်ဖြစ်သူက မိမိသားသမီးများအတွက် ငွေကြေး



ရှာပေးနိုင်လျှင် မိမိတာဝန်မှာ ကျေပြီဟုထင်ကြ၏။ ဤသည်မှာ မိသားစုတစ်ခုတွင် ကြီးမားဆုံးသော မှားယွင်းမှုကြီးတစ်ခုဖြစ်၏။ မိမိသားသမီးများသည် တစ်ဘက်က မိမိတို့မိခင်၏ယုယမှုကို ခံယူလိုသလို၊ အခြားတစ်ဘက်ကလည်း ဖခင်၏စိတ်ဝင်စားမှု၊ သွန်သင်ဆုံးမမှု၊ သင်ကြား ပြသမှုများကို လို၏။

ဤကဲ့သို့ ဖခင်တစ်ယောက်အနေဖြင့် မိမိသားသမီးများအား အချိန်ပေးခြင်းမှာ အချို့က တစ်ကိုယ်ကောင်းဆန်သည်။ မိမိမိသားစု၏ ကောင်းကျိုးကိုသာ ကြည့်သည်ဟု မြင်ချင် မြင်ကြမည်ဖြစ်၏။ ကျွန်တော်၏ အယူအဆအားဖြင့် ဤသို့မြင်ခြင်းမှာ လွဲမှားသော အမြင်ဖြစ်၏။

နိုင်ငံဆိုသည်မှာ နိုင်ငံသားများအားလုံးကို စုပေါင်းထားခြင်းအား ခေါ်ခြင်းဖြစ်၏။ နိုင်ငံသားများမှတစ်ပါး နိုင်ငံ ဟူသည်မရှိ။ ထို့ကြောင့် ဖခင်ဖြစ်သူသည် မိမိ၏သားသမီးများအား အချိန်ပေး၍ သွန်သင်ဆုံးမ လမ်းညွှန်ပြခြင်းသည် နိုင်ငံတော်၏ တစ်စိတ်တစ်ဒေသတာဝန်ကို ထမ်းဆောင်ခြင်း ပင်ဖြစ်သည်။

အချုပ်အားဖြင့် ပြောရသော် ကိုကိုမောင်၏ဖခင်သည် ကိုကိုမောင်တစ်ယောက်တည်း၏ ကောင်းကျိုးကိုသာ ဆောင်ရွက်သွားသည်မဟုတ်။ ကိုကိုမောင်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးအား လေ့ကျင့်သွန်သင်ဆုံးမပေးနိုင်ခဲ့သဖြင့် ကိုကိုမောင်မှတစ်ဆင့်ဖြစ်သော အခြားလူငယ်အပေါင်းတို့၏ အကျိုးကိုလည်း ဆောင်ရွက်သွားနိုင်ခဲ့သည်ဆိုရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်၏ ဖခင်ကဲ့သို့သော ဖခင်များ ပေါ်များလာပြီး နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်ကြပါစေ။

*ဒေါက်တာခင်မောင်ဝင်း*

## ဒေါက်တာကျော်စိန်၏အမှာစာ

ဤစာအုပ်တွင် ကိုကိုမောင် (GEM) ရေးသားသည့် ဖခင်မေတ္တာရနံ့ ကြိုင်ပျံ့သော ဆောင်းပါး ၁၈ ပုဒ်ပါဝင်သည်။ အတိအကျဆိုရသော် ဖခင်မေတ္တာဖွဲ့ ဆောင်းပါး ၁၅ ပုဒ်နှင့် အင်္ဂလိပ်စာ သင်ယူခြင်းဆိုင်ရာ ဆောင်းပါး ၃ ပုဒ်ဖြစ်ပါသည်။ ကာလအားဖြင့်သော် ခရစ်နှစ် ၂၀၀၀ မှ ၂၀၀၇ ခုနှစ်အတွင်း ထုတ်ဝေသည့် အတွေးသစ်ဂျာနယ်နှင့် FAMILY မဂ္ဂဇင်းတို့တွင် ပါဝင်သည်ဖြစ်ရာ စာအရေးကောင်းသလောက် စာအရေးကျဲလှသည်ဟု မှတ်ချက်ချရမလို ဖြစ်နေသည်။

ဆရာကိုကိုမောင် (GEM) ၏ဖခင်သည် အသက် ၅၆ နှစ်ကျော် အရွယ်လောက်ကပင် ဆယ်ကျော်သက်အရွယ် ကိုကိုမောင်နှင့် သူချစ်သောမိသားစုကို ထားရစ်ကာ ကွယ်လွန်ခဲ့ရှာသည်။ သို့သော် ဖခင်၏ ပုံရိပ်သွင်၊ ဖခင်၏ ကြည်လင်သောအပြုံး၊ နွေးထွေးသော ထိတွေ့မှုနှင့် ဟာသဉာဏ်ရွှင်သောပုံရိပ်သည် ကိုကိုမောင်၏ ရင်ထဲတွင် အစဉ်အမြဲ စွဲထင်လျက်ရှိပုံ ပေါ်ပါသည်။ ဆရာ ဦးသုခသည် သူ့စာတို့၏အဆုံးသတ်တွင် "သုခိအတ္တာနံ ပရိဟ

www.burmeseclassic.com

www.burmeseclassic.com



ရန်ု” “ချမ်းသာခြင်းဖြင့် ပြည့်ဝကြပါစေ” ဟူသော မေတ္တာပို့ဖြင့် အဆုံးသတ်လေ့ရှိသလို၊ ဆရာကိုကိုမောင်(GEM)သည်လည်း **“မေမေ့၏ မေတ္တာကျေးဇူးများကို ထာဝစဉ် အောက်မေ့သတိရလျက်”** ဟူသော ဝါကျဖြင့် သူ၏ဆောင်းပါးတို့ကို အဆုံးသတ်လေ့ရှိပါသည်။

ဆရာကိုကိုမောင်၏ ဆောင်းပါးများကို ဖတ်ရသောအခါ “မိကောင်းဖခင်သားသမီး” ဟူသော ဝေါဟာရကို သွားသတိရမိပါသည်။ ဆောင်းပါးတိုင်းတွင် ဖခင်နှင့်သားတို့ကြား၌ ထားရှိသော သန့်စင်မွန်မြတ်သည့် မေတ္တာတစ်ကိုတွေ့ရသည်။ ဤတွင် မေတ္တာတရားကို ဖော်ပြရာ၌ စိတ်လှုပ်ရှားမှုဆိုင်ရာ ဘာသာစကား (EMOTIONAL LANGUAGE) ဖြင့်သာမက ကိုယ်ခန္ဓာဆိုင်ရာ ဘာသာစကား (BODY LANGUAGE) တို့ဖြင့်လည်း ဖော်ပြလေ့ရှိကြောင်း တွေ့ရသည်။

“ကျွန်တော်ဟာ မေမေ့လက်ကို ဆုပ်ပြီး မေမေ့ပါးကို အားရပါးရပွေ့ဖက်ပြီး နမ်းလိုက်ပါတယ်” (ဆောင်းပါး အမှတ် ၁)။

“မေမေ့မျက်လုံးကို တည့်တည့်ကြည့်လိုက်ပါတယ်။ နောက် မေမေ့ကို အားရပါးရဖက်လိုက်ပြီး” (ဆောင်းပါး အမှတ် ၉) စသည်ဖြင့် စိတ်လှုပ်ရှားမှုနှင့်အတူ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ဘာသာစကားကို သုံးစွဲ၍လည်း ဖော်ပြခဲ့သည်။ ကိုကိုမောင် (GEM) သည် ဖခင်ကို ချစ်ခင်လေးစားသော ယုံကြည်စိတ်အပြည့်ဖြင့် မိမိကိုယ်ကို အားကိုးတတ်သော သားကောင်းတစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။ သူ့ဖခင်သည် ဘယ်သောအခါမှ တိုက်ရိုက်ဆုံးမ



သည့်သဘောမရှိ။ ပန်းချီကားတစ်ကားကိုပြ၍ အလင်း၊ အမှောင်ကစားထားပုံ၊ စုတ်ချက် အပျော့၊ အမာ ဆွဲထားပုံ၊ အရောင်အနုအရင့် တွဲထားပုံတို့ကို ကိုယ်တိုင်ခံစားကြည့်ပြီးမှ ပေါ်ထွက်လာသည့် အသိဉာဏ်မျိုး ဖြစ်ပေါ်စေရန် လေ့ကျင့်ပေးသော ဖခင်တစ်ယောက်ဖြစ်သည်။ သမားရိုးကျမဟုတ်ဘဲ သေးတိုက်ဖြာထွက် စဉ်းစားတတ်အောင် လမ်းညွှန်ပေးသူလည်းဖြစ်သည်။ ထို့ကြောင့် ကိုကိုမောင် (GEM) ကိုယ်တိုင်ကပင် သူ့ဖခင်ကို ဆောင်းပါးအမှတ် ၁ တွင် “ကျွန်တော့်မေမေဟာ ကျွန်တော့်အတွက် ဒေဘိုးနိုးမဟုတ်လျှင် ဘယ်သူ လာဖြစ်နိုင်မှာလဲ” ဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်ဟန်တူပါသည်။

*(အက်ဒွပ် ဒီဘိုးနိုး (EDWARD de BONO) ဆိုသူမှာ ၁၉၃၃ ခုနှစ်က ဗြိတိသျှပိုင် မော်လ်တာကျွန်း (MALTA) တွင် မွေးဖွားပြီး အောက်စ်ဖို့ဒ်တက္ကသိုလ်မှ စိတ်ပညာ၊ ဇီဝကမ္မပညာနှင့် ဆေးပညာတို့တွင် ဘွဲ့များ ရရှိခဲ့သူဖြစ်သည်။ ကင်းဘရစ်တက္ကသိုလ်မှလည်း ပါရဂူဘွဲ့ရခဲ့သေးသည်။ သူသည် အောက်စ်ဖို့ဒ်၊ ကင်းဘရစ်၊ လန်ဒန်နှင့် ဟားဗတ်တက္ကသိုလ်ကြီးများတွင် ပါမောက္ခအဖြစ် တာဝန်ယူခဲ့ဖူးသော လူမွန်လူချွန်တစ်ယောက်ဖြစ်သည်။)*

ကိုကိုမောင် (GEM) ၏ဖခင်သည် သားဖြစ်သူအား တန်ဖိုးရှိသောလူတစ်ယောက်၊ အများကို ကူညီနိုင်သော လူတစ်ယောက်ဖြစ်ဖို့ လေ့ကျင့်ပေးခဲ့သည်။ တစ်ဦးကို တစ်ဦး အပြန်အလှန်လေးစားစိတ်ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးခဲ့သည်။ စနစ်တကျတွေးတတ်အောင် သင်ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ အတွေးကို လက်တွေ့ဘဝမှာ အသုံးချတတ်အောင် လမ်းညွှန်ပြခဲ့သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သိရှိနားလည်အောင်သာမက ချစ်ခြင်းမေတ္တာ ထားတတ်အောင်လည်း သင်ကြားပေးခဲ့သည်။ အပြောလွယ်သလောက် လက်တွေ့ကျင့်သုံးရန် ခက်သည့်အတွက် သူတစ်ပါးကို ဆရာမလုပ်ခင် ကိုယ်တိုင်လည်း ကျင့်သုံးတတ်ရန် တိုက်တွန်းခဲ့သည်။ မိမိတစ်ကိုယ်တည်း ကောင်းရုံမျှမကသေး အခြားသူများကောင်းအောင်ပါ ကြိုးစား ကူညီအားပေးတတ်စေရန် လမ်းညွှန်ပေးခဲ့သည်။ မိသားစုအတွင်း သာတူညီမျှ နွေးထွေးသောစိတ်ထားဖြင့် ဆက်ဆံကြရန်လည်း သင်ကြားပေးခဲ့သည်။ ကိုယ်တစ်ယောက်တည်း တော်နေ၊ တတ်နေလို့မရဘူး။ လူတွေအားလုံး တတ်နေတော်နေမှ လောကကြီးဟာ သာယာမှာ၊ တိုးတက်မှာဟု အမှာစကားဆိုခဲ့သည်။ ထိုသို့သောဖခင်မျိုးရှိခဲ့၍ ကိုကိုမောင် (GEM) ကို ကျွန်တော်က မိကောင်းဖခင်သားတစ်ယောက်ဟု ဂုဏ်ပြုအမည်ပေးလိုက်ပါသည်။ ကိုကိုမောင် (GEM) ဝေငှလိုက်သော သူ့ဖခင်၏ ပုံစံမဲ့ အလွတ်သဘော သင်ကြားပို့ချမှုများကို ဖတ်ရှုလေ့လာကျင့်ကြံရင်း လူတိုင်း မိကောင်းဖခင် သားသမီးများ ဖြစ်ကြပါစေဟု အမှာစကားပါးလိုက်ရပါသည်။

**ဒေါက်တာကျော်စိန် (၂၃.၃.၀၇)**

# အမှာနှင့်အတွေး

**မောင်ဝဏ္ဏ**

ကျွန်တော် အမှာစာ မရေးတတ်ပါဘူးလို့ ကြိုကြိုတင်တင် ဝန်ခံပါရစေ။ ဆရာကိုကိုမောင် (GEM) က တာဝန်ပေးလို့ ရေးလိုက်ရပါတယ်။

အမှာစာရေးရတာ မလွယ်ဘူးခင်ဗျ။ စာရေးဆရာရေးထားတဲ့ စာမူတွေကို သာမန်ကာလျှံကာ တစ်ခေါက်လောက်ဖတ်ပြီး 'ဒီစာအုပ် သိပ်ကောင်းတာပဲ၊ ဖတ်ကြည့်ကြပါ' လို့ ဖြီးဖြန်းရေးလို့ ရတာမှ မဟုတ်ပေဘဲ။

ဆရာကိုကိုမောင် (GEM) ရဲ့ စာတွေကို ဖတ်ဖူးပေမယ့် သေသေချာချာ ရှုးရှုးစိုက်စိုက်ဖတ်ခဲ့တာမဟုတ်ပါဘူး။ ခု စာအုပ်ကိုတော့ အမှာစာရေးရမှာမို့ သုံးခေါက်လောက် ဖတ်ရပါတယ်။ အဲသလို အထပ်ထပ်ဖတ်တော့မှ ဆရာ ကိုကိုမောင်ရဲ့စေတနာကို ရိပ်စားမိပါတယ်။

ဆရာကိုကိုမောင်ရဲ့ စာစုတွေဟာ ဆောင်းပါးတွေလို့ အကြမ်းဖျင်းပြောလို့ရပေမယ့် ဖတ်ရင်းဖတ်ရင်း ဝတ္ထုတိုတွေ ဖတ်ရသလို အရသာရှိလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်ကို ချစ်တဲ့စိတ်နဲ့ရေးတာမို့ သူ့စာတွေထဲမှာ ချစ်ခြင်းမေတ္တာ အငွေ့အသက်တွေ ပါနေပါတယ်။

သားအဖနှစ်ယောက် စကားပြောရင်း၊ မေးခွန်းထုတ်ရင်း၊ အဖြေပေးရင်း၊ ဆွေးနွေးရင်း တွေးခေါ်ဆင်ခြင်စဉ်းစားတဲ့ အလေ့အထကို သိမ်သိမ်မွေ့မွေ့တင်ပြထားပါတယ်။ ပြီးတော့ ဖခင်တစ်ယောက်က သားငယ်နဲ့ သားရဲ့ သူငယ်ချင်းတွေကို တန်းတူရည်တူ ဆွေးနွေးနေပုံကို လည်း တင်ပြထားပါတယ်။

အမေက သားကို "ဒီလိုစဉ်းစား၊ ဒီလိုလုပ်၊ ဒီလိုနေ" စသည်ဖြင့် အမိန့်ပေး၊ စည်းကမ်းချမှတ်တဲ့သဘောမျိုး မဟုတ်ဘဲ သား(လူငယ်)ကိုယ်တိုင် 'ဆင်ခြင်ခွင့်၊ စဉ်းစားခွင့်တွေ၊ ပြန်ပြောခွင့်' တွေ အပြည့်အဝပေးထားတဲ့ ဖခင်တစ်ယောက် ကို 'စိတ်မျက်စိ' မှာ မြင်လာအောင် 'စိတ်နား' မှာ ကြားလာအောင် ရေးထားတာကို သတိထားမိပါတယ်။

ဥပမာ 'သချ်ာဉာဏ်စမ်းပုစ္ဆာလေး' စာစုမှာ အပျင်းပြေ သချ်ာဉာဏ်စမ်းတွက်ရင်းကနေ လူ့ဘဝရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတွေဆီကို တဖြည်းဖြည်းသယ်သွားပါတယ်။ နိဂုံးသတ်တဲ့အခါကျတော့ အနိုင်ယူခြင်းနဲ့ အရှုံးပေးခြင်းအကြောင်းကို ညင်ညင်သာသာ တင်ပြသွားပါတယ်။

'လူ့ဘဝမှာ ကိုယ်ကနိုင်ခြေအပြည့်ရှိပေမယ့် တစ်ဘက်သားရဲ့ဘဝကိုစာနာပြီး အရှုံးပေးသင့်ရင့် ပေးလိုက်ရမယ်' ဆိုတဲ့ အသိဉာဏ်တံခါးတစ်ချပ်ကို (ကျွန်တော့် အတွက်) လှပ်ပေးလိုက်သလို ခံစားရပါတယ်။

ကိုယ်က အထက်စီးရနေလို့ တခြားလူကို လိုမ့်အနိုင်ယူနေရင်၊ အနိုင်ကျင့်ရင် လူဆန်တဲ့အပြုအမူမဟုတ်ဘူးလို့ သဘောရပါတယ်။

အဲဒီထက်ပိုပြီးစဉ်းစားရင် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ လွှတ်လပ်ခြင်း၊ တရားမျှတခြင်း၊ မေတ္တာတရားစတဲ့ သဘောတွေအထိ တွေးနိုင်ပါတယ်။

အတွေးနဲ့ပတ်သက်လို့လည်း ဆရာကိုကိုမောင် ရေးတာတွေ အများကြီးပါ။ စာတွေကတော့ တိုစိစိနဲ့။ ဒါပေမယ့် နောက်ဆက်တွဲအတွေးတွေကို ပေးစွမ်းနိုင်ပါတယ်။ 'ဒီဘိုးနိုး' ဆောင်းပါးမှာ 'Flexible creative system' ကို ဆွေးနွေးထားပါတယ်။

ဆရာကိုကိုမောင်က (လိုက်လျောညီထွေတွေးတောခြင်း) လို့ ဆိုပါတယ်။ 'မျှမျှတတစဉ်းစားခြင်း' လို့ ဆိုချင်တယ်ထင်ပါရဲ့။

အယူအဆ၊ အတွေးအခေါ်၊ ဆင်ခြင်စဉ်းစားမှုပေါင်း မြောက်မြားစွာရှိပါတယ်။ ကိုယ်ကသာ အမှန်၊ သူများတွေ အမှားလို့စဉ်းစားတာဟာ တစ်ဖက်သတ်ကျပါတယ်။ သူလည်း မှန်နိုင်တယ်လို့ သူ့ဘက်က တွေးပေးတာဟာ မျှတတဲ့အဖြေနဲ့ နီးစပ်ပါတယ်။ ကိုယ့်အယူအဆသဘောထားကို လုံးဝ ခဝါချပစ်စရာမလိုပါဘူး။ အခြားတစ်ဘက်ရဲ့အမြင်ကို အသိအမှတ်ပြုပြီး စဉ်းစားပေးဖို့ပါ။ ရောယိမ်းလိုက်၊ ဘယ်ယိမ်းလိုက် လုပ်ဖို့တော့ မဟုတ်ပါဘူး။

Flexible ဆိုတာ တိမ်းလွယ်ညွတ်လွယ် မဟုတ်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ မာလျှင် သံချောင်း၊ ပျော့

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဖယောင်းလည်း မဟုတ်ပါဘူး။ သူ့ဘက် ကိုယ့်ဘက် မျှတတဲ့သဘောပါ။ အဲသလိုမျှတတဲ့သဘောထားဟာ အလွန်ခိုင်ကျည်ပါတယ်။ သူများနဲ့လို့ ကျိုးလွယ်ပျက်လွယ်တဲ့ စိတ်ထားမျိုးမဟုတ်ပါဘူး။

တရားမျှတဲ့တွေးတောဆင်ခြင်မှုဟာ စိတ်ကို ကြည်လင် သန့်ရှင်းစေပါတယ်။ စိတ်ရှင်းတယ်ဆိုပါတော့။

ဆရာကိုကိုမောင်က ကြည်လင်သန့်ရှင်းတဲ့စိတ် ရှိစေဖို့ ဦးတည်ရေးထားပါတယ်။ ကြည်လင်သန့်ရှင်းတဲ့စိတ်၊ တရားမျှတတဲ့ တွေးတောဆင်ခြင်မှုကနေ ချစ်ခြင်းမေတ္တာကို ဆရာကိုကိုမောင် ဆက်ပြီးဦးတည်လိုက်ပါတယ်။

မိသားစု (Family) စာစုမှာ ဖခင် (ယောကျ်ား) က မိခင် (မိန်းမ)အပေါ်ထားအပ်တဲ့ ချစ်ခြင်းမေတ္တာကို ရေးဖွဲ့ထားပါတယ်။

ဘာသာရေး အဆုံးအမတစ်ခုဖြစ်တဲ့ 'မိန်းမကို ယောကျ်ားရဲ့ နံရိုးကနေ ဖန်ဆင်းတယ်' ဆိုတဲ့အယူအဆကနေ ဆင့်ပွားယူပြီး ယောကျ်ားက မိန်းမအပေါ် ထားအပ်တဲ့ သဘောထားကို လှလှပပဖွဲ့နွဲ့ပြပါတယ်။

From near his heart to be loved by him.

(နှလုံးသားနားကနေ ဖန်ဆင်းထားတာမို့ သူ့ကို ရင်ထဲက ချစ်မှာပေါ့) တဲ့။

အဲဒီကမှတစ်ဆင့် မိသားစု ပျော်ရွှင်ချမ်းမြေ့ရေးကို တို့ထိ ပြလိုက်ပါတယ်။ မိသားစုတစ်စုချင်း ပျော်ရွှင်ချမ်းမြေ့မှုကနေ မိသားစုအချင်းချင်းနဲ့ လူမှုန်သမျှအားလုံး ပျော်ရွှင်ချမ်းမြေ့ဖို့ မေတ္တာတရားဟာ အရေးကြီးကြောင်းလည်း ပြောပြပါတယ်။





Flexible သဘောတရားကနေ Creative ကို ဆက်စပ်ရေးပြန်ပါတယ်။ Creative ဆိုတာ ဖန်ဆင်းတာ၊ ဖန်တီးတာလို့ အကြမ်းအားဖြင့် ပြောနိုင်ပေမယ့် Creative ဖြစ်ဖို့ မလွယ်လှပါဘူး။ ဒီနေရာမှာ စဉ်းစားတွေးတောခြင်းနဲ့သာဆိုင်တဲ့ Creative သဘောကို ပြောရမှာဖြစ်ပါတယ်။ ရုပ်ဝတ္ထုဥပမာနဲ့ပြောရရင် ရွှံ့တုံးတစ်တုံး၊ ကျောက်တုံးတစ်တုံးကနေ ပန်းပုရုပ်ဖြစ်အောင်လုပ်ဖို့ မလွယ်ပါဘူး။

စိတ်ဝတ္ထုဖြစ်တဲ့ တွေးတောဆင်ခြင်စဉ်းစားတာကျတော့ ရုပ်ဝတ္ထုထက် ပိုပြီးသိမ်မွေ့ပါတယ်။

ကောင်းတယ်ဆိုတာ ဘာလဲ၊ စိတ်ကောင်းရှိတယ်ဆိုတာဘာလဲ၊ မှန်တယ်ဆိုတာ ဘာလဲ စတဲ့ မေးခွန်းတွေဟာ အဖြေရကျပ်တဲ့ မေးခွန်းတွေပါ။ ဆရာကိုကိုမောင်က အဲဒီ ပြဿနာတွေရဲ့အဖြေကို ရှာဖို့ နှပ်ကြောင်းလေးတွေပေး ထားပါတယ်။

'သင်ကောင်းလျှင်...' စာစုမှာ တွေးတောဆင်ခြင်စရာ နှပ်ကြောင်းလေး တွေ့ရမှာပါ။ စာစုတိုင်းမှာ နှပ်ကြောင်းကလေးတွေ ပါတယ်လို့ပဲ ပြောပါရစေ။

ဆရာကိုကိုမောင်ပေးတဲ့ 'နှပ်ကြောင်း' အတိုင်း လိုက်စဉ်းစားရင် Creative Thinking ကို ရိပ်မိနိုင်တယ်လို့ ယူဆပါတယ်။

အတွေးမျှင်လေးတစ်ခုကနေ နောက်တစ်ခု နောက်ထပ် စဉ်းစားဆင်ခြင်မှုတွေနဲ့ ဖွဲ့စည်းဖန်ဆင်းလိုက်ရင် ပြဿနာဆိုတာတွေကို ဖြေရှင်းဖို့ သန့်စင်တဲ့ အတွေးလေးတွေ ရနိုင်ကောင်းပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သည့်စာအုပ်ထဲမှာပါတဲ့ စာပိုဒ်တစ်ပိုဒ်ကတော့ ကျွန်တော့်စိတ်ကို လှုပ်ရှားစေပါတယ်။

*Thank a lots, Dad, becaues of your teaching I dare to face the death; at any day, any time; without fear, without sorrow.*

ဆရာကိုကိုမောင်က နှလုံးသွေးကြောပိတ်ဝေဒနာ ခံစားနေရပါတယ်။ ကျွန်တော်တို့က သူ့အတွက် စိုးရိမ်နေပေမယ့် သူကတော့ စိုးရိမ်ရိပ်မရှိပါဘူး။ သူ့ဘဝ၊ သူ့အလုပ်၊ သူ့စိတ်ထားတွေက ရှင်းနေလို့ ဖြစ်ပါလိမ့်မယ်။

'နကမွတ်' မတုန်လှုပ်ဘူးဆိုတာ မင်္ဂလာတရားတစ်ပါးပါ။

ကျွန်တော်ကော ဆရာကိုကိုမောင်လို ဝေဒနာတစ်ခုခုရရင် စိတ်ရှင်းရှင်းနဲ့ မတုန်မလှုပ် ရင်ဆိုင်ရဲပါ့မလားလို့ တွေးနေမိပါတယ်။

လေးစားသော

မောင်ဝဏ္ဏ (၉-၄-၂၀၀၇)

# မနော်ဟာရီ၏အတွေး

အမှန်တကယ်ဆို ကျွန်မအနေနဲ့ ဆရာ့စာအုပ်မှာ အမှာစာရေးပေးရမယ့် အရွယ်မဟုတ်ပါဘူး။ ဒါပေမယ့် ဆရာ့တောင်းဆိုချက်အရရော၊ ကျွန်မရဲ့ ဆရာ့အပေါ်ထားတဲ့ လေးစားမှုအရရော ကျွန်မ ရေးဖြစ်ခဲ့တာပါ။

ကျွန်မ ဆရာ့ကို လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်ကျော်လောက်ကတည်းက စသိခဲ့ပါတယ်။ အဲဒီအချိန်မှာ (ဂုဏ်ထူးတန်းပြီးလို့ M.SC တက်ဖို့စောင့်နေချိန်) ကျွန်မတို့ အလကားမနေဘဲ တကယ်လည်းစိတ်ဝင်စားတဲ့ စာမေးပွဲတစ်ခုကို ဝင်ဖြေဖို့ကြိုးစားခဲ့ကြတယ်။ အဲဒီအတွက် လိုအပ်တဲ့ IQ Test တွေအားလုံးကို ဆရာက ကျွန်မတို့အုပ်စုကို ဦးဆောင်သင်ကြား လေ့ကျင့်ပေးခဲ့တာပါ။

ဆရာ့ကို တွေ့တွေ့ချင်းမှာပဲ စာဖတ်တဲ့ကျွန်မက ဆရာဟာ အရမ်းဖတ်ထားတဲ့သူတစ်ယောက် စာပေလောကနဲ့ ဆက်စပ်နေမယ့်တစ်ယောက်ဆိုတာ မှန်းခဲ့မိတယ်။ ထင်တဲ့အတိုင်းပဲ ဆရာဟာ ကျွန်မတို့စိတ်ဝင်တစားဖတ်ခဲ့ဖူးတဲ့ GEM (General English Maga-

www.burmeseclassic.com

www.burmeseclassic.com



zine) ကို ထုတ်ခဲ့သူဖြစ်ပါတယ်။ အဲဒီတုန်းက ဆရာ စာမရေးသေးဘူး ထင်ပါတယ်။

ကံအားလျော်စွာပါပဲ။ ကျွန်မတို့တစ်အုပ်စုလုံး အဲဒီ စာမေးပွဲကို (Cent percent လို့ ကျွန်မ မပြောချင်ပါဘူး။ လျော့ပေါ့တွက်ရင်တောင် ၉၈% လောက်) ဖြေနိုင်ခဲ့ပါလျက်နဲ့ ကျခဲ့ကြတယ်၊၊ တစ်သက်နဲ့တစ်ကိုယ် ကျဖူးတဲ့ စာမေးပွဲ မှတ်မှတ်ရရ ရှိသွားခဲ့တာပေါ့။ အဲဒီမှာ တစ်ခါမှ ဒီလိုအတွေ့အကြုံမရခဲ့ဖူးတဲ့အတွက် depression ရနေ တဲ့ ကျွန်မတို့ကို ဆရာက နည်းမျိုးစုံနဲ့ ပြန်ပြီး Motivation ပေးခဲ့ပါတယ်။


ခုရိုန်မှာ ဆရာရေးခဲ့တဲ့ သူ့ဖခင်နဲ့ပတ်သက်တဲ့ ဆောင်းပါးတွေကို ဖတ်လိုက်ရတဲ့အခါကျ ကျွန်မ ပြန်တွေးမိတယ်။ တစ်ချိန်က ကျွန်မတို့ကို ဆရာ ဘာလို့ ပြန့်အားပေးနိုင်ခဲ့တယ်ဆိုတာကိုပါ၊၊ ဆရာ့မှာက အဲလိုအဖေမျိုး ရှိခဲ့တယ်လေ။ လူတစ်ယောက်မှာ အရေးကြီးတာက စိတ်ဓာတ်ပါ။ အဲဒီစိတ်ကပဲ လူတွေကို ဆောက်တည်သွားတာလို့ ကျွန်မမြင်တယ်။ ဆရာ့ဖခင်လို လက်ဆင့်ကမ်းစရာ သားသမီးမျိုး ဆရာ့မှာမရှိပေမယ့် ဆရာ ဒီစာတွေနဲ့ စာဖတ်သူများစွာရဲ့ စိတ်တွေကို ပြန်လည်တည့်မတ်၊ ရှင်သန်စေနိုင်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်။

ဆရာ စာတွေ ဆက်ရေးနိုင်ပါစေ။

**မနော်ဟာရီ**

ကျွန်တော့်

# ပေပေ နှင့် ဒေဘိုးနိုး



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကျွန်တော့်ဖေဖေနှင့် အေဘိုးနီး

အတွေးသစ်ဂျာနယ် အမှတ် (၁၉) ထွက်မယ့်နေ့ဟာ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၃၅ နှစ်၊ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဖေဖေဟာ မေမေနဲ့ကျွန်တော်တို့မိသားစုကို ထားခဲ့ကာ တမလွန်ဘဝသို့ ကူးပြောင်းသွားခဲ့ပါတယ်။

ထိုစဉ်က ကျွန်တော့်ဖေဖေဟာ အသက် ၅၆ နှစ်ကျော်ခန့်သာရှိသေးပြီး ကျွန်တော်ပင်လျှင် ဆယ်ကျော်သက် *(Teenage)* ဘဝကို မကျော်လွန်သေး။

ကျွန်တော်ဟာ ဖေဖေ့ကို မေမေ့ထက် ပိုချစ်တဲ့သား ဖြစ်ပါတယ်။ ဖေဖေဟာ ၅ နှစ်သားအရွယ်မှာ မိဘနှစ်ပါး ကွယ်လွန်ခဲ့တဲ့အတွက် ဝမ်းကွဲအစ်မကြီးများရဲ့ စောင့်ရှောက်မှုနဲ့ ကိုယ်ထူးကိုယ်ချွန် တိုးတက်လာသူဖြစ်ပါတယ်။

ကျွန်တော့်ကို အတွေးအခေါ်တွေးတတ်အောင် သင်ပေးတဲ့ လက်ဦးသင်ဆရာဟာလည်း ဖေဖေပဲဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ဉာဏ်စမ်းပုစ္ဆာလေးတွေမေးပြီး စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



တွေးခေါ်မှုကို ပျော်မွေ့လာအောင် လေ့ကျင့်ပေးခဲ့သူဟာလည်း ဖေဖေပဲ ဖြစ်ပါတယ်။

ယခုအခါမှာ 'ဆရာတာ'တို့၊ 'ဆရာတင်မောင်သန်း'တို့ 'ဆရာမြတ်ငြိမ်း'တို့က ဒီဘိုးနိုး (De Bono) ရဲ့ အတွေး ကိစ္စများကို ရေးသားတင်ပြလာတဲ့အခါ ကျွန်တော်ဟာ ဖေဖေ့ကို ပိုပြီးလွမ်းဆွတ်သတိရမိပါတယ်။ ကျွန်တော် ငယ်စဉ်ကနေ ယခုအထိ ကျွန်တော့်ဖေဖေဟာ ကျွန်တော့်ရဲ့ ဒေဘိုးနိုး (Edward de Bono) ဖြစ်တယ်လို့ ခံစားမိလာပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၃၆ နှစ်လောက်တုန်းက ဖေဖေ ကျွန်တော့်ကို မေးခဲ့တဲ့၊ သင်ကြားပေးခဲ့တဲ့ အတွေးပုစ္ဆာလေးကို ယခုအခါ မှတ်မှတ်ရရ သတိရမိပါတယ်။

* * *

ဖေဖေက ကျွန်တော့်ကို မေးခဲ့ပါတယ်။

"သား . . . ဖေဖေတို့အဖေ၊ သားတို့ရဲ့ဘိုးဘိုးမှာ နာရီတစ်လုံးရှိခဲ့တယ်၊ ဒီနာရီမှာ မျက်နှာအညွှန်းပြတဲ့ နာရီလက်တံနှစ်ခုလည်းမရှိဘူး၊ ဂဏန်း ၁ ကနေ ၁၂ အထိ တစ်လုံးမှလည်းမပါဘူး၊ ဒီနာရီနဲ့ သားတို့ဘိုးဘိုးဟာ ညဘက်မှာတောင် နာရီအချိန် သိနိုင်တယ်ဆိုရင် သား ယုံမလား"

ယခင်က ဖေဖေမေးခဲ့တဲ့ ဉာဏ်စမ်းတွေကို လွယ်လွယ်ကူကူဖြေနိုင်ခဲ့တဲ့ ကျွန်တော့်အဖို့ တော်တော်လေးခက်ခဲသွားပါတယ်။ ဖေဖေက ကျွန်တော့်ကို လေအေးအေးလေးနဲ့ ရှင်း



ပြပါတယ်။

"သား၊ သားတို့ဟာ သမားရိုးကျမြင်နေ၊ တွေ့နေကျတွေကနေ သွေဖည်တဲ့ကိစ္စတစ်ခု ကြားလာ၊ သိလာရင် လက်ခံမယ် (Yes) နဲ့ လက်မခံဘူး (No) အဖြေနှစ်ခုပဲ ထွက်လာမယ်။

"လက်မခံဘူး (No) ဆိုတာ Logic နည်းနဲ့စဉ်းစားပြီး ဂဏန်းမပါဘဲ နာရီလက်တံနှစ်ခုပါရင်လည်း Analog နည်းနဲ့ အချိန်ကိုပြနိုင်မယ်၊ ဒါမှမဟုတ် နာရီလက်တံ နှစ်ခုမပါဘဲ ဂဏန်းတွေပါရင်လည်း Quartz နာရီတွေလို တဖျပ်ဖျပ် နဲ့ပေါ်ပြီး Digital နည်းနဲ့ပြရင်လည်း ရသေးတယ်၊ ခုတော့ နှစ်ခုလုံးမပါဘူးဆိုတော့ ယုတ္တိမတန်ဘူး၊ မဖြစ်နိုင်ဘူး (No) ပဲပေါ့။

"ဒီလိုမဟုတ်ဘဲ သားက ဖေဖေ့ကို သိပ်အထင်ကြီးလို့၊ သိပ်ယုံကြည်လို့ ဖေဖေဟာ မဟုတ်တာမပြောဘူး၊ ဘိုးဘိုးမှာ တကယ်ရှိခဲ့လို့၊ ဖေဖေလည်း တကယ်တွေ့ခဲ့ဖူးလို့ ပြောတာပဲဆိုပြီး လက်ခံလိုက်တယ် (Yes) ဆိုရင်တော့ ဒါက ယုံကြည်မှုကြောင့် လက်ခံလိုက်တာပဲ"

ဖေဖေဟာ ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ကာ ပြုံးပြီးပြောပါတယ်။

"သားဟာ ဒီ ယုံကြည်တယ် (Yes) (ဒါက ယုတ္တိရှိတာကို ယုံကြည်တယ်ပြောတာ မဟုတ်ဘူးနော် သား၊ ယုတ္တိမရှိတဲ့ ကိစ္စကိုပါ ပြောသူကို ယုံကြည်မှုနဲ့ လက်ခံတာကို ပြော

www.burmeseclassic.com

www.burmeseclassic.com



တာ) နဲ့ နောက်... ယုတ္တိမတန်တာကို ယုတ္တိမရှိဘူးလို့ထင်ပြီး လက်မခံဘူး (No)၊ ဒီနှစ်ခုတည်းပဲရှိရင် သားဘဝဟာ သာမန်လူတွေလိုပါပဲ"

ကျွန်တော်ဟာ ဖေဖေ့ကို နားမလည်စွာ မော့ကြည့်မိပါတယ်။

ဖေဖေက ကျွန်တော့်ခေါင်းလေးကို ကြင်နာစွာပွတ်ပြီး...

"နောက်တစ်ခု ရှိသေးတယ် သား၊ အဲဒါက 'တွေး' တဲ့၊ တွေးတတ်ရမယ်၊ လူမှာ ဒါအရေးကြီးဆုံးပဲ၊ လူဟာ တိရစ္ဆာန်နဲ့ အဓိကကွာခြားတာက တွေးတတ်လို့ပဲ။"

"ဒီလိုတွေးတတ်ဖို့ လူဟာ Flexible ဖြစ်ရမယ်၊ ဖေဖေဆိုလိုတာက အမြင်တစ်ခုတည်း၊ အတွေးတစ်ခုတည်းကို ပုံသေစွဲကိုင် မထားဖို့ပဲ"

ဖေဖေက ကျွန်တော့်ကို ခေါင်းတစ်ချက်ပုတ်ပြီး...

"ကဲ... သား ပြောကွာ၊ နာရီဆိုတာ ဘာလုပ်ဖို့လဲ"

"အချိန်သိဖို့ပါ ဖေဖေ"

"အချိန်သိဖို့ ဘယ်လိုလုပ်ရလဲ"

"ကြည့်ရပါတယ် ဖေဖေ"

"ဘာနဲ့ ကြည့်ရလဲ"

"မျက်စိနဲ့ ကြည့်ရပါတယ်"

"ကဲ...သား၊ ဒါဆိုရင် မျက်စိမမြင်တဲ့ လူတွေကျရင်ကော"

ကျွန်တော့်ခေါင်းထဲမှာ တစ်ချက် လက်ခနဲဖြစ်သွားပြီး...



"သိပြီ...သိပြီ ဖေဖေ၊ ဟို ရွှေဂုံတိုင်ခြံထဲက ဘိုးဘိုးစိုးရဲ့ သံစုံမြည်တဲ့နာရီ၊ ဟို ချိန်သီးတွေနဲ့ တိုင်ကပ်နာရီမျိုးပေါ့နော်"

ဖေဖေဟာ ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် အားရပါးရဖက်ထားလိုက်ပြီး...

"ဟုတ်တယ်၊ မှန်တယ်၊ ဒါမှ ဖေဖေ့သားကွ"

လို့ ဝမ်းသာအားရသံနဲ့ ဆက်ပြောပါတယ်။

"သား၊ လူတွေဟာ ဝန်းကျင်ကို အာရုံကြီးငါးပါးနဲ့ ဆက်သွယ်နေကြရတယ်၊ အဓိကအကျဆုံးနဲ့ အများဆုံး အသုံးပြုတာကတော့ အမြင်အာရုံ (Visual Sense) ဖြစ်တယ်၊ ဒုတိယအများဆုံးအသုံးပြုတာက အကြားအာရုံ (Audio Sense) ပဲပေါ့။ မျက်စိမမြင်သူတွေဟာ အချိန်နာရီကို မျက်စိနဲ့ မမြင်နိုင်လို့ နားနဲ့ပဲ အသုံးပြု သိရတယ်။

"ဒါကို သား သတိပြုမိအောင် မျက်စိမြင်တဲ့ လူကောင်းတွေပါ မမြင်နိုင်တဲ့ ညအချိန်ကိုပါ ညွှန်းခဲ့တယ်၊ ဒါဆို သား အလွယ်တကူနဲ့ အသံကိုအသုံးပြုတဲ့ သံစုံနာရီဆိုတာ သိမှာပေါ့၊ ဒါပေမယ့် သား..."

ဆိုပြီး ဖေဖေဟာ ကျွန်တော့်ကို အလေးအနက်တစ်ချက် ကြည့်ကာ...

"လောကကြီးဟာ ရိုးရိုးရှင်းရှင်းလေး မဟုတ်ဘူး၊ မာယာများတယ်၊ ဒါကြောင့် သားကို မျက်စိလည်သွားအောင် မလိုအပ်တဲ့အကြောင်းတွေ၊ နာရီလက်တံနှစ်ခု မပါတာတို့၊ ဂဏန်း ၁ ကနေ ၁၂ အထိ မပါတာတို့ ထည့်ပြောတော့

www.burmeseclassic.com

www.burmeseclassic.com



သားအာရုံရှုပ်ပြီး အမြင်ကနေ အသံကို ပြောင်းစဉ်းစားဖို့ သတိမထားလိုက်နိုင်ဘူးပေါ့။

"ဒီတော့ သားကို ဖေဖေ အလေးအနက်ထား ပြောချင်တာကတော့ သား လူ့လောကမှာ တန်ဖိုးရှိတဲ့လူတစ်ယောက်၊ အများကို ကူညီနိုင်တဲ့လူတစ်ယောက်ဖြစ်ဖို့...

*ပြဿနာ ရှိလာရင် မပျော့ပါနဲ့၊*

*စိတ်နှလုံး အေးချမ်းငြိမ်သက်ပါစေ၊*

*မလိုအပ်တာတွေကို မလိုအပ်မှန်းသိပြီး ဖယ်ထုတ်နိုင်ပါစေ၊*

*Flexible Creative Person (လိုက်လျောညီထွေ တွေးတောတတ်သူ) တစ်ယောက်ဖြစ်ပါစေ"*

ကျွန်တော်ဟာ ဖေဖေ့လက်ကိုဆုပ်ပြီး ဖေဖေ့ပါးကို အားရပါးရပွေ့ဖက်ပြီး နမ်းလိုက်ပါတယ်။

*[ဆရာတာ၊ ဆရာတင်မောင်သန်းတို့ ရေးကြသော ဒီဘိုးနိုး၏ ပို (PO) ဆိုသည်မှာ ကျွန်တော့်ဖေဖေပြောသော Flexible Creative System (လိုက်လျောညီထွေစွာ တွေးတောခြင်း)ပင်ဖြစ်သည်ဟု ယုံကြည်မိပါသည်။]*

*ကျွန်တော့်ဖေဖေဟာ ကျွန်တော့်အတွက် ဒေဘိုးနိုးမဟုတ်လျှင် ဘယ်သူ လာဖြစ်နိုင်မှာလဲ။*


*ဖေဖေ၏ မေတ္တာ၊ ကျေးဇူးများကို ထာဝစဉ် အောက်မေ့သတိရလျက်*

**ကိုကိုမောင်** (G.E.M)

ကျွန်တော့်

# ဖေဖေ နှင့်

# နောက်ကျော



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် နောက်ကျော

အတွေးသစ်ဂျာနယ် အမှတ် (၁၉) ထွက်ရှိခဲ့တဲ့ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ဟာ ကျွန်တော့်ဖေဖေ ကွယ်လွန်ခဲ့တာ နှစ်ပတ်လည်တဲ့နေ့တစ်နေ့ဖြစ်ခဲ့တာမို့ **ကျွန်တော့်ဖေဖေနဲ့ အေဘိုးနိုး**ဆိုတဲ့ဆောင်းပါးကို ရေးဖြစ်ခဲ့ပါတယ်။ ဒီဆောင်းပါး ပါပြီးခဲ့တဲ့နောက် ကျွန်တော့်ဖေဖေအကြောင်း ဆက်ရေးဖို့ တိုက်တွန်းတဲ့စာတွေကို လက်ခံရရှိခဲ့ပါတယ်။ ဒါပေမယ့် ဂျာနယ်ရဲ့ စာမျက်နှာနေရာကို ငဲ့နေရလို့ တော်တော်နဲ့ မရေးဖြစ်ခဲ့ပါဘူး။ ဒီတစ်ပတ်မှာတော့ တိုက်တွန်းအားပေးကြတဲ့ စာဖတ်ပရိသတ်ကြီးအတွက်...

* * *

အဲဒီတုန်းက ကျွန်တော်ဟာ (၁၂) နှစ်သားပဲ ရှိပါသေးတယ်။ ဖေဖေက ကျွန်တော့်ကို ပြောပါတယ်။ "သား၊ ဖေဖေတို့ဟာ လူတွေဖြစ်ကြလို့ ကိုယ့်ဟာကိုယ် တစ်ဦးတည်း ထီးတည်းကြီးနေလို့ မရကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



No man is an Island, entire of it self;
every man is a piece of the Continent, a part of the main တဲ့၊

ဒါဟာ ကဗျာကျော်စာရေးဆရာကြီး John Donne က ပြောခဲ့တာ"

ဖေဖေက ဆက်ပြီးပြောပါတယ်။

"ဒါကြောင့် လူတွေဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အသိုင်းအဝိုင်း (institutes) တွေနဲ့ ဆက်သွယ်ပတ်သက်နေရတယ်။ မပတ်သက်ချင်လို့မရဘူး။ စီးပွားရေးအရ အသိုင်းအဝိုင်းတွေရှိမယ်၊ လူမှုရေးအရ အသိုင်းအဝိုင်းတွေရှိမယ်၊ ဘာသာရေးအရ အသိုင်းအဝိုင်းတွေရှိမယ်။ ငယ်တုန်းမှာဆို ပညာသင်ကြားရေး အသိုင်းအဝိုင်းတွေ ရှိမယ်"

ဖေဖေဟာ သူပြောတာကို ကျွန်တော် နားလည်သဘောပေါက်ရဲ့လားလို့ တစ်ချက်အကဲခတ်လိုက်ပါတယ်။ ကျွန်တော်ဟာ စိတ်ဝင်တစား နားစိုက်ထောင်နေတာကိုသိတော့ ဆက်ပြောပါတယ်။

"အဲဒီတော့ သားဟာ လူတွေကို ရှောင်ဖယ်လို့မရဘူး။ မလွဲမသွေ ဆက်နွယ်ပေါင်းဖက်နေရမှာပဲ။ အဲဒီအခါမှာ သားသတိထားရမယ့်အချက်ကို ဖေဖေပြောပြမယ်နော်။

"သား လူတစ်ယောက်ဟာ သားနဲ့ ပေါင်းသင်းရတဲ့ အခါမှာ သားနဲ့ အဆင်မပြေဖြစ်ခဲ့ရင် သားက သူ့ပုံ သေသေချာချာလေ့လာပါ။ ဒီလူဟာ တခြားလူတွေနဲ့ရော အဆင်



ပြေရဲ့လား၊ သားတစ်ယောက်တည်းနဲ့မှသာ အဆင်မပြေတာလားဆိုတာကို သိအောင်ကြိုးစားပါ။

"တခြားလူတွေနဲ့အဆင်ပြေပြီး သားနဲ့မှသာ အဆင်မပြေဖြစ်နေတာဆိုရင် သားအနေနဲ့ သူ့အပေါ် ဘာမှား အမှားပြုခဲ့သလဲဆိုတာ ရှာဖွေဖော်ထုတ်ကြည့်ပါ။ ကိုယ်က သူ့အပေါ် အမှားရှိခဲ့ရင် သူ့ကို ရှင်းလင်းပြောပြပြီး တောင်းပန်ပါ။ ကိုယ့်အမှားကိုလည်း ပြုပြင်ပါ။ နောင်လဲ မဖြစ်ပါစေနဲ့။

"သားအနေနဲ့ သူ့အပေါ်မှာ အမှားမရှိခဲ့ရင် သား စဉ်းစားကြည့်ပါ။ သားနဲ့ သူ့အကြားမှာ ဘယ်သူဝင်နှောက်လို့ သားအပေါ် အထင်မှားစရာဖြစ်နေလဲ၊ ဒါကို ပွင့်ပွင့်လင်းလင်း သူ့ကိုမေးကြည့်ပါ။ ပြီးရင် ဒီပြဿနာကို ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ရှင်းလိုက်ပါ သား။

"ဒီလိုမှမဟုတ်ဘဲ ဒီလူဟာ သားအပေါ်တင်မဟုတ်ဘဲ တခြားလူတွေအပေါ်မှာလည်း မကောင်းဘူးဆိုရင် သားအနေနဲ့ သိရဖို့ကတော့ သူဟာ မပေါင်းသင်းထိုက်တဲ့သူပဲ။ သူ့ကို ဝေးဝေးရှောင်ပါ၊ မပတ်သက်အောင် နေပါ"

ကျွန်တော်ဟာ ဖေဖေဆုံးမတာကို နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်တဲ့အခါ ဖေဖေက ကျွန်တော့်ပခုံးပေါ် သူ့ညာဘက်လက်ကို အသာအယာတင်ပြီး...

"သား . . . လူတစ်ယောက်ဟာ သားအပေါ် သိပ်ကောင်းနေရင်လည်း သား သတိထားကြည့်ပါ။ ဒီလူဟာ သားတစ်ယောက်တည်းအပေါ် ကောင်းတာလား၊ အမှား

www.burmeseclassic.com

www.burmeseclassic.com



အပေါ်လည်း ကောင်းရဲ့လား၊ အများအပေါ်လည်း ကောင်းတယ်ဆိုရင်တော့ ဒီလူဟာ သူတော်ကောင်းပဲ။ သားအနေနဲ့ ရာသက်ပန်ပေါင်းသင်းသင့်တဲ့သူပဲ"

မေမေဟာ တစ်ချက်နားလိုက်ပါတယ်။ နောက် ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်လိုက်ပြီး ဆက်ပြောပါတယ်။

"ဒါပေမယ့် သား၊ ဒီလူဟာ တခြားလူတွေအပေါ် မကောင်းဘဲ သားအပေါ်မှာတော့ ထူးထူးခြားခြား သိပ်ကောင်းနေရင်တော့ သားရဲ့နောက်ကျောကို သတိထားပေတော့သားရေ"


ကျေးဇူးတင်ပါတယ်မေမေ။ နေ့ဟာလည်း ယခင်ထက် ပိုမိုသာယာအေးချမ်းလာပြီ။ ညဟာလည်း ယခင်ကထက် ပိုသာယာလှပလာပါပြီ။ သားအတွက် ဘဝတစ်ခုလုံးဟာ တစ်လုံးတစ်ဝတည်း အေးချမ်းလှပလာပါပြီ။

**မေမေ၏ မေတ္တာကျေးဇူးများကို**
**ထာဝစဉ်အောက်မေ့သတိရလျက်**
**ကိုကိုမောင်** (G.E.M)

ကျွန်တော့်

# **မေမေ** နှင့်

# ရွှေဒင်္ဂါး ရှစ်ပြား



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်ဖေဖေနှင့် ရွှေဒင်္ဂါးရုပ်ပြား

**ကျွန်တော့်ဖေဖေနှင့် ဒေဘိုးနိုး**ဆိုတဲ့ ဆောင်းပါးကို အတွေးသစ်ဂျာနယ် အမှတ်– ၁၉၊ (၂၀၀၀ ပြည့်၊ ဒီဇင်ဘာလ ၅ ရက်နေ့ထုတ်) မှာ စတင်ရေးဖြစ်ခဲ့ပါတယ်။ ဒီဆောင်းပါးပါပြီးနောက် ဂျာနယ်မှာ စာမျက်နှာငဲ့နေရလို့ တော်တော်နဲ့ မရေးဖြစ်ခဲ့ပါဘူး။

**ကျွန်တော့်ဖေဖေနှင့် နောက်ကျော** ဆိုတဲ့ ဆောင်းပါးကို ဂျာနယ်အမှတ် ၃၅ (၂၀၀၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ထုတ်) မှာ ရေးဖြစ်ခဲ့ပါတယ်။ အချိန်အားဖြင့် (၃) လကျော်ကွာခြားခဲ့ပါတယ်။ ခုထပ်ပြီး ၆ လနီးပါး အချိန်ကွာခြားခဲ့တဲ့အချိန်မှာတော့...

ကျွန်တော့်ဖေဖေ အလုပ်လုပ်နေတဲ့ ကြေးနန်းဆက်သွယ်ရေး ညွှန်ကြားရေးဝန်ရုံးဆောင်မှာ တရားလွှတ်တော်နဲ့ တရားလွှတ်တော်ချုပ် အဆောက်အဦးကြီးရှိပါတယ်။ အဲဒီမှာ တရားဝန်ကြီးများ ရုံးထိုင်ပါတယ်။ (ထိုစဉ်အခါက အခေါ် အဝေါ်များဖြစ်ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရုံးခန်းထဲက လှမ်းကြည့်ပါက ထိုတရားဝန်ကြီးများကို တစ်ခါတစ်ရံ လှမ်းမြင်ရပါတယ်။ ဒီအခါမှာ အားကျလေးစားစိတ်နဲ့ ကျွန်တော် ကြည့်မိပါတယ်။ ဒါကို သတိပြုမိ၍လားမသိ၊ ဖေဖေဟာ ကျွန်တော့်ကို ပုစ္ဆာလေးတစ်ပုဒ် မေးလာပါတယ်။

"သား... နန်းတွင်းက မင်းသားလေးတစ်ပါးဟာ တောလည်ထွက်ရင်း နောက်လိုက်အခြွေအရံတွေနဲ့ကွဲပြီး တောထဲမှာ မျက်စိလည်ကျန်ရစ်ခဲ့တယ်။ သုံး၊ လေးရက်နေတော့ အစာရေစာပြတ်ပြီး ဆာလောင်နေတာပေါ့။

"အဲဒီအချိန်မှာ တောလမ်းခရီးထွက်လာတဲ့ မောင်ငါးဆိုတဲ့လူရယ်၊ မောင်သုံးဆိုတဲ့ လူရယ် လူငယ်လေးနှစ်ယောက်နဲ့ တွေ့တာပေါ့၊ မင်းသားလေးကလည်း အဝတ်အစားတွေ စုတ်ပြတ်ပေရေနေတော့ သာမန်ကျေးတောသားလေးလို့ အောက်မေ့ကြတာပေါ့။ အစာရေစာ ပြတ်နေမှန်းသိတော့ သူတို့မှာပါလာတဲ့ ကောက်ညှင်းထုပ်တွေကို ကျွေးတာပေါ့။

"သူတို့မှာ အရွယ်တူ၊ အလေးချိန်တူ ကောက်ညှင်းထုပ် (၈) ထုပ် ပါလာတယ်။ မောင်ငါးက (၅) ထုပ်၊ မောင်သုံးက (၃) ထုပ် ပါလာတယ်။ ဒီ (၈) ထုပ်ကို အညီအမျှခွဲဝေပြီး (၃) ဦးသား ပျော်ရွှင်စွာ စားသောက်ကြတယ်။ ဒီလိုစားသောက်ပြီး မကြာခင်မှာပဲ နန်းတွင်းက လိုက်ရှာတဲ့အဖွဲ့တွေရောက်လာပြီး မင်းသားလေးလည်း သူတို့နဲ့ ပြန်လိုက်



သွားတယ်။

ပြန်လိုက်မသွားခင်မှာ လိုက်လာတဲ့အဖွဲ့က လူတွေဆီက ရွှေဒင်္ဂါးပြား (၈) ပြားတောင်းယူပြီး သူစားတဲ့ကောက်ညှင်းဖိုးဆိုပြီး မောင်ငါးနဲ့ မောင်သုံးကို ခွဲဝေယူဖို့ပြောဆိုပြီး ပေးခဲ့တယ်"

ဖေဖေဟာ ခဏနားပြီး ဆက်ပြောပါတယ်။

"သားရေ၊ ခုနလေးတင်ပဲ ပျော်ရွှင်စွာနဲ့ အညီအမျှခွဲဝေစားသောက်ခဲ့ကြတဲ့ မောင်ငါးနဲ့ မောင်သုံးဟာ ခုတော့ လောဘစိတ်တွေ ဝင်လာကြပြီး အငြင်းအခုံတွေ ဖြစ်ကုန်ကြတာပေါ့...

"မောင်ငါးက ပြောတယ်၊ သူက ကောက်ညှင်းထုပ် (၅) ထုပ်ပါခဲ့လို့ ရွှေဒင်္ဂါး (၅) ပြားယူမယ်၊ မောင်သုံးက (၃) ထုပ်ပဲပါခဲ့လို့ (၃) ပြားပဲယူလို့ ပြောတယ်...

"မောင်သုံးကလည်း တို့ (၃) ယောက် အညီအမျှစားခဲ့တာမို့ အညီအမျှတစ်ယောက် (၄) ပြားစီ ခွဲဝေယူမယ်လို့ ပြောတယ်...

"ဒီလိုနဲ့ သူတို့ (၂) ယောက် ဆုံးဖြတ်လို့မရတဲ့ အငြင်းအခုံကိစ္စကို ရှင်းပေးဖို့ သားကို တရားသူကြီးခန့်ပြီး လာအပ်ရင် သား ဘယ်လိုဆုံးဖြတ်ပေးမလဲ"

ကျွန်တော်ဟာ ဝမ်းသာအားရနဲ့ အဖြေပေးလိုက်မယ်လို့ လုပ်ပြီးမှ ဖေဖေ့မျက်နှာကို ကြည့်ပြီး ရုတ်တရက် နှုတ်ဆွံ့သွားပါတယ်၊ ကျွန်တော် အချိန်အတန်ကြာစဉ်းစားပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လည်း အဖြေဟာ ခေါင်းထဲမှာ ပေါ်မလာပါဘူး . . .

ဖေဖေဟာ ကျွန်တော့်ရဲ့ပခုံးပေါ် လက်တင်ဖက်လိုက်ပြီး...

"သားကို ဖေဖေပဲ တရားသူကြီးလုပ်ပြီး ဆုံးဖြတ်ပေးမယ်၊ ရွှေဒင်္ဂါး (၈) ပြားထဲက မောင်ငါးကို (၇) ပြား၊ မောင်သုံးကို (၁) ပြား၊ ကောက်ညှင်းထုပ်ဖိုး ခွဲဝေပေးစေ၊ ကဲ... သား ကျေနပ်ရဲ့လား"

ကျွန်တော်ဟာ ရုတ်တရက်ကြောင်သွားပါတယ်။ ဒီနောက် စိတ်ထဲမှာ ရုတ်တရက်တွေးမိတာကို အမြန်တွက်ချက်လိုက်ပါတယ်၊ အဖြေရလိုက်တာနဲ့တစ်ပြိုင်နက် ဖေဖေ့မျက်နှာကို လေးစားကြည်ညိုစွာနဲ့ကြည့်ပြီး...

"ကျေနပ်ပါတယ် ဖေဖေ" လို့ အသံတုန်တုန်နဲ့ အမြန်ပြောလိုက်မိပါတယ်။

ဖေဖေဟာလည်း ကျွန်တော့်ကို ကြည်နူးအားရတဲ့ မျက်နှာနဲ့ လှမ်းဖက်လိုက်ပြီး "ဖေဖေ့သား" လို့ ဆိုလိုက်ပါတယ်။

ကျွန်တော် စာရေးတာ မရှင်းခဲ့ရင် အနည်းငယ် ရှင်းခွင့်ပြုပေးပါ။

ဒီပုစ္ဆာလေးကို အဲဒီအရွယ်တုန်းက ကျွန်တော်နဲ့ရွယ်တူသူငယ်ချင်းတစ်ယောက်ယောက်က မေးခဲ့ရင် မောင်ငါးကို ရွှေဒင်္ဂါး (၅) ပြား၊ မောင်သုံးကို (၃) ပြားပေးမယ်လို့များ အဖြေပေးခဲ့မိမလား မသိပါ။

ဒါပေမယ့် ဒီပုစ္ဆာကို မေးတဲ့သူက ကျွန်တော့်ဖေဖေလေ၊



ဒါက အရေးကြီးပါတယ်။ သာမန်လောက်ကို ဖေဖေဟာ ကျွန်တော့်ကို ပုစ္ဆာလုပ်ပြီး မေးခဲ့မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်ဟာ ဆက်တွေးနေခဲ့ပါတယ်။

တစ်ခါ ဖေဖေက မောင်ငါးကို (၇) ပြား၊ မောင်သုံးကို (၁) ပြားလို့ ဆုံးဖြတ်ပေးလိုက်တော့ ကျွန်တော့်ပင်ကိုစိတ်က လက်မခံနိုင်ဘူး ဖြစ်နေပါတယ်။ ဒါပေမယ့် ဒီအဖြေကို ပေးတဲ့သူဟာ ကျွန်တော့်ဖေဖေ ဖြစ်နေပါတယ်။ ဒါဟာလည်း အရေးကြီးပါတယ်။ ကျွန်တော်ဟာ ဖေဖေ့ကို လေးစားစိတ်နဲ့ ဆက်တွေးခဲ့ပါတယ်။ ဒီမှာ ကျွန်တော်ဟာ ဖေဖေ့ရဲ့အဖြေကို လက်ခံနိုင်တဲ့အဖြေကို ရခဲ့ပါတယ်။

ဒီနေရာမှာ တစ်ခုပြောလိုပါတယ်။ အဲဒီအချိန်တုန်းက ဖေဖေက ကျွန်တော့်ကို "သားက ဘာလို့ဒီအဖြေကို လက်ခံရလဲ" လို့ မမေးခဲ့ပါဘူး။ ကျွန်တော်ကလဲ ဖေဖေ့ကို "ဒါကြောင့် ဒီလိုအဖြေရတာမဟုတ်လား" လို့ မပြောခဲ့မိပါဘူး။ ဖေဖေကွယ်လွန်သွားသည့်အချိန်ထိအောင် မပြောဖြစ်ခဲ့ကြပါဘူး။ ဒါဟာ ဖေဖေနဲ့ ကျွန်တော်ရဲ့ တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားစိတ် (Due Respect) ကြောင့်ဖြစ်ပါတယ်။

*ဖေဖေ၏ မေတ္တာကျေးဇူးများကို*
*ထာဝစဉ်အောက်မေ့သတိရလျက်*
**ကိုကိုမောင်** (G.E.M)

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူတချို့အတွက် လိုအပ်ပါက ဆက်ဖတ်ရန် ကျွန်တော့်ကို ဆက်ရေးခွင့်ပြုစေလိုပါတယ်။

ကောက်ညှင်းထုပ် (၈) ထုပ်၊ စားတဲ့သူက (၃) ယောက်၊ အားလုံး အညီအမျှစားကြတယ်ဆိုတော့...

ကောက်ညှင်းတစ်ထုပ်ကို (၃) ပိုင်း ပိုင်းလိုက်ပါက (၈) ထုပ်မှာ (၂၄) ပိုင်းရမယ်။ (၃) ယောက် အညီအမျှစားတာမို့ တစ်ယောက် (၈) ပိုင်းစီ စားကြတယ်။

မောင်ငါးမှာ (၅) ထုပ်ပါလာတာမို့ (၁၅) ပိုင်းရမယ်။ အဲဒီထဲက သူကိုယ်တိုင် (၈) ပိုင်းစားလိုက်တာမို့ ကျန်တဲ့ (၇) ပိုင်းကို မင်းသားလေးက စားတယ်။

မောင်သုံးမှာ (၃) ထုပ်ပါလာတာမို့ (၉) ပိုင်းရမယ်။ အဲဒီထဲက သူကိုယ်တိုင် (၈) ပိုင်းစားလိုက်တာကြောင့် ကျန်တဲ့ (၁) ပိုင်းကိုတော့ မင်းသားလေးက စားရတယ်။

ဒါကြောင့် မောင်ငါးက ရွှေဒင်္ဂါး (၇) ပြား၊ မောင်သုံးက (၁) ပြား ရသင့်ပါတယ်။

ကျွန်တော့်

# ပေပေ နှင့်

# ဟမ်မူရာဘီမင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် ဟမ်မူရာဘီမင်းမြတ်

*အတွေးသစ်ဂျာနယ်တွင် ကျွန်တော် ယခင်ကရေးခဲ့တဲ့ 'ကျွန်တော့်ဖေဖေနှင့်…' ဆောင်းပါးတွင် ဖော်ပြရေးသားခဲ့တဲ့အတိုင်း ကျွန်တော့်ဖေဖေဟာ ကျွန်တော့်ကို တွေးတတ်စေချင်သူ၊ စနစ်တကျတွေးတတ်အောင်လည်းသင်ပေးခဲ့သူ၊ တွေးပြီးတော့လည်းရပ်မသွားဘဲ အတွေးကို လက်တွေ့ဘဝမှာအသုံးချတတ်အောင် သင်ပေးခဲ့တဲ့ ကျေးဇူးရှင်ကြီးဖြစ်ပါတယ်။*

ကျွန်တော်ငယ်စဉ်က အထက်တန်းကျောင်းကြီးမှာ အလယ်တန်းကျောင်းသားဘဝနဲ့ နေစဉ်ကဖြစ်ပါတယ်။ ကျွန်တော်တို့ အလယ်တန်းကျောင်းသားများဟာ ကျောင်းမုန့်စားဆင်းချိန်မှာ ကျောင်းကစားကွင်းတွင် ပျော်ရွှင်စွာကစားနေကြစဉ် အထက်တန်းမှ ကျောင်းသားကြီးများရောက်လာပြီး ကျွန်တော်တို့ ကျောင်းသားငယ်များအုပ်စုကို ကစားကွင်းမှ မောင်းထုတ်ပစ်ပြီး သူတို့ဝင်ရောက် ကစားတတ်ကြပါတယ်။

တစ်ခါတစ်ရံ ကျွန်တော်တို့ကစားနေတဲ့ ဘောလုံး (ထိုစဉ် [W] ဒဗလျူဘောလုံး)ကို လုယူထားတတ်ကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ခါတစ်ရံ ကျွန်တော်တို့ကစားနေတဲ့ ဂျင် (top) များကို ပေါက်ခွဲလွှင့်ပစ်ကြပါတယ်။ ကျွန်တော်တို့ ကလေးများဟာ ဘာမှ ပြန်မလုပ်ရဲကြပါ။ ပြောလည်း မပြောရဲ၊ ဆရာ ဆရာမများကိုလည်း မတိုင်ဝံ့ကြပါ။ အခြားကျောင်းသားငယ်များကတော့ သူတို့စိတ်မှာ ဘယ်လိုတုံ့ပြန်တယ်ဆိုတာ ကျွန်တော်မသိပါ။ ကျွန်တော်ကိုယ်တိုင်ကတော့ ကျွန်တော်တို့ကို အနိုင်ကျင့်လိုက်ကြတဲ့ ကျောင်းသားကြီး အစ်ကိုကြီးများရဲ့မျက်နှာကို စိတ်ထဲမှာမှတ်မိအောင် ကြည့်လိုက်ပါတယ်။

ဒီနောက်မှာ ကျောင်းထဲမှာရှိတဲ့ လူလွတ်တဲ့အခန်းထဲကို တစ်ယောက်တည်း အေးအေးဆေးဆေး သွားထိုင်ပါတယ်။ ဒီအချိန်မှာ ဘယ်သူနဲ့မှလည်း စကားမပြောချင်ပါ။ တွေ့လည်း မတွေ့ချင်ပါ။ ခုနက ကျွန်တော်ကြည့်ခဲ့တဲ့ ကျောင်းသားကြီးတွေ မျက်နှာတွေကို မြင်လာအောင်တွေးပြီး သူတို့နောက်ကနေပြီး အီအီးတွေပေနေတဲ့ ခွေးရူးတစ်အုပ်က ဖွတ်လိုက်လာ၊ သူတို့တစ်တွေက ရုပ်ပျက်ဆင်းပျက် ကြောက်လန့်တကြားပြေး။ အီအီးတွင်းထဲ သူတို့ပြုတ်ကျ၊ သူတို့တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်၊ ညစ်ပတ်နံစော်နေတာတွေကို စိတ်ထဲမှာပေါ်လာအောင် တွေးနေပါတယ်။ ဒီလိုတွေးလို့ ပေါ်လာပြီးရင် ကျွန်တော် အားရပါးရ ရယ်မောလိုက်ပြီး စိတ်ထဲမှာ ပေါ့ပါးသွားပါတယ်။

* * *



နွေရာသီကျောင်းရက်ရှည် ပိတ်ရက်မှာ ကျွန်တော်တို့သူငယ်ချင်းတစ်စု ကျွန်တော့်အိမ်မှာ ဝိုင်းဖွဲ့ကစားလေ့ရှိပါသည်။ တစ်နေ့ ကျွန်တော့်သူငယ်ချင်း ဖိုးချိုက ကျောင်းမှာသင်ရတဲ့ ရာဇဝင် (ထိုစဉ်က သမိုင်းဟု မခေါ်ကြသေးပါ) ထဲက ဟမ်မူရာဘီဘုရင်ကြီးအကြောင်းကို စကားစပ်မိပြီး ပြောပါတယ်။ ဒီမှာ အနားမှာစာဖတ်နေတဲ့ ကျွန်တော့်ဖေဖေက...

"သားတို့... ဟမ်မူရာဘီဘုရင်ကြီးရဲ့ ဥပဒေ၊ An eye for an eye, A leg for a leg. ကို ဘယ်လိုသဘောပေါက်နားလည်လဲ" လို့ မေးပါတယ်။

အားလုံး ခဏငြိမ်သွားပြီး ဖိုးချိုကပင် . . .

"လူတစ်ယောက်ရဲ့ မျက်လုံးတစ်လုံးကို ပျက်သွားအောင်လုပ်ရင် အဲဒီလိုလုပ်တဲ့သူရဲ့ မျက်လုံးတစ်လုံးကို ပျက်သွားအောင် လုပ်ရမယ်။ ဒီလိုပဲ လူတစ်ယောက် ခြေထောက်တစ်ချောင်း ကျိုးသွားအောင်လုပ်ရင် လုပ်တဲ့လူရဲ့ ခြေထောက်တစ်ချောင်းကို ကျိုးသွားအောင်ပြန်လုပ်ရမယ်။ ပြောတာမဟုတ်လား ဦးဦး" လို့ ပြန်မေးပါတယ်။

ဖေဖေဟာ ခဏငြိမ်သွားပါတယ်။ ဒီအချိန်မှာ ဖေဖေ့မျက်လုံးတွေ ခဏပိတ်ထားတာကို ကျွန်တော် သတိပြုမိပါတယ်။ နောက် ဖေဖေ့မျက်လုံးတွေ ပြန်ပွင့်လာပြီး ကျွန်တော်နဲ့ သူငယ်ချင်းလေးယောက်ကို တစ်ယောက်စီ သေသေချာချာကြည့်လိုက်ပါတယ်။ ဖေဖေ စကား ပြန်စပြောပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... သားတို့တစ်ယောက်စီဟာ ဟမ်မူရာဘီဘုရင်ကြီး ကိုယ်တိုင်ဆိုပါတော့၊ သားတိုင်းပြည်ထဲက လူတစ်ယောက်ဟာ တခြားတစ်ယောက်ရဲ့ မျက်လုံးတစ်လုံးကို ဖောက်ပစ်လိုက်တယ်။ ခြေထောက်တစ်ဖက်ကျိုးအောင်လုပ်မိတယ်ဆိုရင် အဲဒီလူရဲ့ မျက်လုံးတစ်လုံး၊ ခြေထောက်တစ်ဖက်ကို ကျိုးအောင် သားတို့က ပြန်အပြစ်ပေးမှာလား"

ကျွန်တော်တို့သူငယ်ချင်း ငါးယောက် အသံတိတ်သွားကြပြီး ဖေဖေ့မေးခွန်းရဲ့အဖြေကို ရအောင်စဉ်းစားနေကြပါတယ်။ ဖေဖေက ဆက်မေးပါတယ်။

"ကဲ... အဲဒီလို သားတို့က အပြစ်ပေးလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ"

ကျွန်တော့်အရင် ညဏ်ထွန်းက ဖြေလိုက်ပါတယ်။

"ကျွန်တော့်တိုင်းပြည်မှာ မျက်စိတစ်ဖက်ပျက်တဲ့သူ တစ်ယောက်ကနေ နှစ်ယောက်ဖြစ်သွားမယ်။ ခြေထောက်တစ်ဖက် ကျိုးတဲ့သူတစ်ယောက်က နှစ်ယောက်ဖြစ်သွားမယ်"

ဖေဖေဟာ ညဏ်ထွန်းပခုံးလေးကို လှမ်းဖက်လိုက်ပြီး ဝမ်းသာအားရပြောပါတယ်။

"ဟုတ်ပြီ၊ သားလေးက သိပ်တော်တာပဲ၊ အဲဒီတော့ သားတို့ ဘယ်လိုစီရင်ပေးမလဲ"

ကျွန်တော်တို့သူငယ်ချင်းတစ်စု အားလုံးခဏငြိမ်သွားပြန်ပါတယ်။

ကျွန်တော်ဟာ ဖေဖေလိုချင်တဲ့အဖြေကို ရအောင်တွေး





ပါတယ်။ တွေးရင်း တွေးရင်း အဖြေဟာ နီးလာသလို ဝေးသွားသလို၊ ဝေးသွားသလို နီးလာသလိုရှိရင်းက ကျွန်တော်သိပြီဖေဖေလို့ လှမ်းအော်လိုက်ပါတယ်။ ပြီး တစ်ပြိုင်နက်...

"ခြေထောက်တစ်ဖက် ကျိုးသွားတဲ့လူ၊ မျက်စိတစ်ဖက်ပျက်သွားတဲ့လူဟာ အလုပ်ကို အပြည့်အဝမလုပ်နိုင်တော့တဲ့အတွက် သူ့ကို အဲလိုဖြစ်အောင် လုပ်တဲ့သူက ဒုက္ခရောက်သွားတဲ့သူ လုပ်ရမယ့် အလုပ်တွေကို ကူပြီး..."

ကျွန်တော့် စကားမဆုံးခင်မှာပင် ကျွန်တော့်ဖေဖေဟာ ကျွန်တော့်စကားကိုဖြတ်ပြီး...

"ဟုတ်တယ်သားတို့" ဆိုပြီး ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။

ကျွန်တော် သိလိုက်ပါတယ်။ ဖေဖေဟာ ကျွန်တော့်အဖြေအတွက် ဂုဏ်ယူသလို ကျွန်တော့်အဖြေကြောင့် ကျွန်တော့်သူငယ်ချင်းတွေ စိတ်ဓာတ်ကျမသွားအောင် စကားမဆုံးခင် ဖြတ်ပြောလိုက်တာပါ။

ဖေဖေက ဆက်ပြောပါတယ်။

"သားတို့ပြောတာ မှန်တယ်၊ တစ်ယောက်ယောက်ကြောင့် တခြားတစ်ဦးဟာ ဒုက္ခရောက်သွားရင် အဲဒီလိုလုပ်တဲ့သူကို ပြန်ပြီး ဒီလိုဒုက္ခရောက်အောင် မလုပ်သင့်ဘူး။

"အဲဒီလို ဒုက္ခရောက်သွားတဲ့သူရဲ့ အခက်အခဲတွေကို လျှော့နည်းပပျောက်သွားအောင်လို့ပဲ လုပ်ပေးရမယ်။ ဒါဟာ ဒုက္ခရောက်အောင်လုပ်ခဲ့သူက လျော်ကြေးပေးခြင်းတစ်မျိုးပဲ

www.burmeseclassic.com

www.burmeseclassic.com



Compensation ပေါ့”

ဖေဖေဟာ ခဏနားလိုက်ပြီး ကျွန်တော်တို့ သူငယ်ချင်းတစ်စုရဲ့မျက်နှာကို တစ်ယောက်ချင်းစီကြည့်ပြီး…

“ဒီထက်မွန်မြတ်တဲ့အလုပ်ကတော့ ကျန်တဲ့လူကောင်းတွေကလည်း ဒီဒုက္ခရောက်သွားတဲ့သူဟာ သူတို့ကြောင့်ဒုက္ခရောက်တာမဟုတ်ပေမယ့် အဲဒီဒုက္ခရောက်နေတဲ့သူရဲ့အခက်အခဲတွေကို လျော့နည်းပပျောက်သွားအောင် ဝိုင်းဝန်းကူညီပေးတာပေါ့။ ဒါကတော့ Sharing ပေါ့”

ဖေဖေ့စကားအဆုံးမှာ ကျွန်တော့်သူငယ်ချင်း လေးယောက်ဟာ ကျွန်တော့်ဖေဖေကို လှမ်းကြည့်လိုက်တဲ့ မျက်နှာတွေကို…

* * *

ကျွန်တော်ဟာ အခုအချိန် အရွယ်ရောက်လာပေမယ့် လောကကြီးနဲ့ အဆင်မပြေတာတွေ၊ လူတွေနဲ့ ထိပ်တိုက်တိုးရတာတွေ ရှိနေတုန်းပါပဲ။ အရင်ကလိုတော့ အဲဒီလူတွေ ဒုက္ခ ရောက်အောင် စိတ်ထဲမှာတွေးပြီး၊ ဟားတိုက်ရယ်မောပြီး ကိုယ့်စိတ်ကို ပေါ့ပါးသွားအောင် မလုပ်တော့ပါဘူး။ ဒါပေမယ့်…

အဲဒီလိုအဆင်မပြေတာတွေ၊ ထိပ်တိုက်တိုးတာတွေ ရှိလာတဲ့အခါ ကျွန်တော်ဟာ Pray Room (ဆုတောင်းခန်း) ထဲဝင်ပြီး တစ်ယောက်တည်း Quiet Time (ဆိတ်ငြိမ်ချိန်) ယူပါတယ်။ ကျွန်တော်နေတဲ့အိမ်ရဲ့ ဧည့်ခန်းထဲမှာ ဆု



တောင်းခန်းလေး သီးခြားရှိပါတယ်။ ဒီအချိန်မှာ ကျွန်တော်ဟာ ဘာအသံမှလဲ မကြားလိုပါဘူး၊ ဘာကိုမှလဲ မတွေ့မမြင်လိုပါဘူး။

ဘုရားသခင်ပေးထားတဲ့ ကျေးဇူးတရားများကို စိတ်ထဲမှရည်မှန်းပြီး တွေးပါတယ်။ (count the Blessing) ပြီးတော့ ကျွန်တော်နဲ့ အဆင်မပြေတဲ့သူ၊ ထိပ်တိုက်တိုးတဲ့ သူရဲ့မျက်နှာကို ပေါ်အောင်တွေးပြီး သူ့ရဲ့ ကျွန်တော့်အပေါ်ကောင်းခဲ့တာတွေ၊ သူ့ရဲ့ အများအပေါ် ကောင်းခဲ့တာတွေကို တွေးပါတယ်။

နောက် ကျွန်တော် သူ့အပေါ်ဆိုးခဲ့တာတွေ (ရှိခဲ့ရင်)၊ အများအပေါ်ဆိုးခဲ့တာတွေကို တွေးပါတယ်။ သူတို့ကိုလည်း စိတ်ထဲက လှိုက်လှိုက်လှဲလှဲတောင်းပန်ပါတယ်။ နောက် သူတို့အတွက် ကောင်းမှုများပြန်လုပ်ပေးဖို့ စိတ်ထဲမှာ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

ဒီနောက် ကျွန်တော့်နှလုံးသားထဲမှာ သာယာအေးချမ်းကြည်လင်သော စိတ် (Serenity) များ တသွင်သွင်စီးဆင်းလာပါတယ်။

***ဖေဖေ၏ မေတ္တာကျေးဇူးများကို***<br>
***ထာဝစဉ်အောက်မေ့သတိရလျက်***<br>
***ကိုကိုမောင် (G.E.M)***

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်

# ပေပေ နှင့်

# ချစ်ခြင်းမေတ္တာသည်သာ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် ချစ်ခြင်းမေတ္တာသည်သာ

တစ်ခါက လူတစ်ယောက်သည် ကောင်းကင်တမန်တစ်ပါးနှင့်တွေ့ရာ ကောင်းကင်ဘုံနှင့် ငရဲပြည်အကြောင်းမေးမြန်းပါသည်။ ကောင်းကင်တမန်က ထိုလူကို မိမိကိုယ်တိုင် လိုက်ကြည့်ပါက ပိုမိုနားလည်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး၊ ထိုလူကို ငရဲပြည်သို့ ပထမ ခေါ်သွားပါသည်။

ငရဲပြည်သို့ရောက်သော် အခန်းတစ်ခန်းအတွင်း၌ ဒယ်အိုးကြီးတစ်လုံးကို လူအများ ဝိုင်းထိုင်လျက်ရှိပြီး ဒယ်အိုးကြီးအတွင်း၌ အနံ့အရသာ အပြည့်ရှိပုံရသော ဟင်းရည်များဖြင့် ပြည့်လျှံလျက်ရှိသည်ကို တွေ့ရပါသည်။ သူတို့တစ်ဦးစီ၏ လက်ထဲတွင်လည်း ဒယ်အိုးကြီးကို ရောက်နိုင်၊ ခပ်နိုင်သော ဇွန်းတစ်ချောင်းစီကို ကိုင်ထားကြ၏။ ခပ်၍ သောက်နိုင်သော အခွင့်လည်းရှိသည်။ သို့သော် သူတို့သည် ဆာလောင် မွတ်သိပ်နေကြပုံရပြီး သူတို့မျက်နှာများမှာလည်း မပျော်မရွှင်၊ လက်မှိုင်ချနေကြသည်။

အကြောင်းမှာ သူတို့ကိုယ်စီ၏ လက်ထဲတွင် ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



ကြသော ဖွန်းများမှာ လက်ရိုးတံရှည်ဖွန်းများဖြစ်ကြသဖြင့် ဒယ်အိုးကြီးထဲမှ ဟင်းရည်ကို ခပ်ယူနိုင်သော်လည်း ဟင်းရည်ကို သူတို့၏ ပါးစပ်ကိုယ်စီသို့ ရောက်အောင် မည်ကဲ့သို့ပင် မလုပ်နိုင်ကြပေ။ သူတို့၏အဖြစ်ကား ဆိုးရွားလှချေတကား။

ထို့နောက် ကောင်းကင်တမန်က "လာ ခင်ဗျားကို ကောင်းကင်ဘုံကို အခုလိုက်ပြမယ်" ဟုပြောပြီး ကောင်းကင်ဘုံသို့ခေါ်သွားပြီး အခန်းတစ်ခန်းအတွင်းသို့ ဝင်ရောက်ကြပါသည်။ အံ့သြဖွယ်ရာပေတည်း။ ယခုအခန်းသည် ယခင်အခန်းနှင့် ဆင်တူပင်ဖြစ်ပေသည်။ အနံ့အရသာအပြည့်နှင့် ဟင်းရည်ရှိသော ဒယ်အိုး၊ လက်ရိုးတံရှည်ရှိသော ဖွန်းများမှာ တထေရာတည်းပင်ဖြစ်ပါသည်။ သို့သော် ထူးခြားသည်ကား အခန်းထဲတွင် ရှိနေသောသူကိုယ်စီသည် အစာရေစာဝလင်စွာ စားသုံးထားပုံရပြီး ပျော်ရွှင်စွာ ရှိနေကြခြင်းပင်ဖြစ်သည်။

ထိုသူသည် မည်သို့မျှပင် မနေနိုင်တော့ဘဲ ကောင်းကင်တမန်ကို "ကျွန်တော်တော့ လုံးဝ နားမလည်နိုင်တော့ဘူး၊ အခန်းချင်း၊ အခြေအနေချင်း အားလုံးတူနေပြီး ဒီအခန်းက လူတွေက အစာရေစာဝလင်နေပြီး ပျော်ရွှင်နေကြပြီး၊ ဘာလို့ ဟိုအခန်းထဲက လူတွေကတော့ အစာရေစာ ငတ်ပြတ်နေ၊ မပျော်မရွှင်နဲ့ သောကတွေ ရောက်နေကြတာလဲ" ဟု မေးမြန်းမိပါသည်။ "ကျွန်တော် မစဉ်းစားတတ်တော့ဘူး" ဟုလည်း ဆက်လက်ပြောကြားပါသည်။



ထိုအခါ ကောင်းကင်တမန်က ပြုံးလျက် "ဒါက လွယ်လွယ်လေးပါ၊ ဘာမှမခက်ပါဘူး။ ဒီအခန်းကလူတွေက မေတ္တာရှိတယ်လေ။ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားကြတယ်။ သူတို့ ဖွန်းနဲ့ခပ်လို့ရတဲ့ဟင်းရည်တွေကို သူတို့ကိုယ်တိုင် မသောက်ကြဘူး။ တခြားတစ်ယောက်ကို ခွံ့ကျွေးကြတယ်လေ။ ဒီတော့ အားလုံးကိုယ်စီ စားနိုင်ကြတာပေါ့" ဟု အဖြေပေးလိုက်ပါသည်။

* * *

ဒီပုံပြင်လေးဟာ ကျွန်တော့်ဖေဖေက ကျွန်တော့်ကို တစ်ချိန်က ပြောပြခဲ့တဲ့ ပုံပြင်လေးပါ။ ဖေဖေဟာ ကျွန်တော့်ကို မြင်တတ်၊ စဉ်းစားတတ်၊ တွေးတောတတ်အောင် သင်ကြားပေးခဲ့တဲ့ ကျေးဇူးရှင်ဖေဖေပါ။

ပုံပြင်လေးပြီးတော့ ဖေဖေဟာ ဆက်ပြောပါတယ်။ "သား ဖွန်းမှာတပ်ထားတဲ့ လက်ရိုးတံရှည်တွေဟာ လူတွေရဲ့အတ္တပဲ။ ပထမအခန်းထဲက လူတွေက လက်ရိုးတံရှည်အတ္တတွေကို အတ္တအဖြစ်ပဲ ထားကြတယ်။ နောက်တစ်ခန်းက လူတွေကတော့ ဒီလက်ရိုးတံရှည်တွေကို အတ္တအဖြစ်မထားဘဲ မေတ္တာအဖြစ် ပြောင်းလဲပစ်ခဲ့ကြတယ်။ ဒီတော့ သူတို့အားလုံး ပျော်ရွှင်ကြရတာပေါ့။" နောက် ဖေဖေဆက်ပြောတာကတော့...

www.burmeseclassic.com

www.burmeseclassic.com




Love cures people;
both the one who receives it
and the one who gives it.

(ချစ်ခြင်းမေတ္တာသည်ရသူမှာသာမက ပေးသူမှာပါ အားလုံးအတွက် အကျိုးကျေးဇူးရှိလှပေသည်ဖြစ်ပါသည်။)

မေမေဟာ ကျွန်တော့်ကို ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာကို သိရှိနားလည်အောင်သာမက ချစ်ခြင်းမေတ္တာထားတတ်အောင် သင်ကြားပေးခဲ့သူ ဖြစ်ပါတယ်။

မေမေ၏ မေတ္တာကျေးဇူးများကို
ထာဝစဉ်အောက်မေ့သတိရလျက်
ကိုကိုမောင် (G.E.M)

ကျွန်တော့်
## မေမေ နှင့်
## သင်းအုပ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် သင်းအုပ်ဆရာ

ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို ဖေဖေပြောပြခဲ့တဲ့ ပုံပြင်လေးကို သတိရနေပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ဟာ အထက်တန်းရောက်စ အချိန်လောက်ဖြစ်မယ် ထင်မိပါတယ်။ စနေနေ့တစ်နေ့ဖြစ်ဖို့လည်း များပါတယ်။ အဲဒီနေ့မှာ ကျွန်တော်တို့သူငယ်ချင်းတစ်စု တစ်ယောက်နဲ့ တစ်ယောက် စကားကြီးစကားကျယ်တွေ အပြိုင်အဆိုင်ပြောနေကြပါတယ်။ အဓိကကတော့ ကြီးလာတဲ့အခါမှာ ဘာတွေလုပ်ကြမယ်၊ လောကကြီးကို ဘယ်လိုပြောင်းလဲလိုက်မယ်ဆိုတာမျိုးပေါ့။ လူငယ်တွေရဲ့ အားမာန်အပြည့်နဲ့ ယုံကြည်ချက် အပြည့်တွေနဲ့ပေါ့။ အထူးသဖြင့် ကျွန်တော် အကဲဆုံးဖြစ်နေမယ်လို့ အခုအချိန်မှာ ပြန်တွေးမိဖြစ်ပါတယ်။

ကျွန်တော့်ဖေဖေဟာ ကျွန်တော်တို့နဲ့ မလှမ်းမကမ်းနေရာမှာ Reader's Digest စာအုပ်တစ်အုပ်ကို ဖတ်နေတယ်ဆိုတာကို ခုအချိန်မှာ သတိပြန်ရမိပါတယ်။ ကျွန်တော်တို့စကားဝိုင်း အရှိန်တက်လာပြီး ဆူညံဆူညံဖြစ်လာချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ သူစာဖတ်နေတဲ့ မလှမ်းမကမ်းနေရာက ထလာပြီး ကျွန်တော်တို့အနားက ခုံတစ်ခုံမှာ လာထိုင်ပါတယ်။ ဒါပေမယ့် ဖေဖေဟာ ကျွန်တော်တို့ကို မဆူပါဘူး။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို အေးအေးဆေးဆေးပြုံးကြည့်ပြီး "သားတို့ကို ဦးဦး ပုံပြင်လေးတစ်ပုဒ်ပြောပြမယ်" ဆိုပြီး ပြောပါတယ်။ ဖေဖေပြောပြတဲ့ ပုံပြင်လေးကတော့...

"လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာက အိန္ဒိယနိုင်ငံမှာ သင်းအုပ်ဆရာတစ်ပါးရှိတယ်။ သူက နိုင်ငံခြားကလာပြီး သာသနာပြုတဲ့ သင်းအုပ်ဆရာ မဟုတ်ဘူး။ အိန္ဒိယနိုင်ငံသား၊ သာသနာအမှုဆောင် သင်းအုပ်ဆရာပဲ ဖြစ်တယ်။

အဲဒီ သင်းအုပ်ဆရာဆီကို အသင်းသူ ကလေးအမေတစ်ယောက်ကလာပြီး အကူအညီတောင်းတယ်။ သူတောင်းတဲ့အကူအညီက သူ့ရဲ့သားလေး ဆယ်နှစ်ရွယ်လေးဟာ အချိုမလိုင်လုံးတွေ သိပ်စားတဲ့အတွက် ကလေးရဲ့ ကျန်းမာရေး ထိခိုက်မှာစိုးလို့ သင်းအုပ်ဆရာက ကလေးကိုတွေ့ပြီး အချိုမလိုင်လုံးတွေ မစားဖို့၊ ကလေးကို ရှင်းပြဆုံးမပေးဖို့ အကူအညီတောင်းတာပါ။

ဆရာကလည်း အသင်းသူအမျိုးသမီးကို "အေး... တို့ဒီကိစ္စကို နောက်တစ်ပတ်မှာ ပြောတာပေါ့" လို့ ချိန်းလိုက်ပါတယ်။ ချိန်းတဲ့တစ်ပတ်ပြည့်လို့ အမျိုးသမီး ရောက်လာတဲ့အခါ သင်းအုပ်ဆရာက "အေး... တို့ နောက်နှစ်ပတ်လောက်နေမှ ဒီကိစ္စကို ပြောရအောင်ကွာ" ဆိုပြီး ထပ်ချိန်းပြန်တော့



အမျိုးသမီးလည်း ပြန်သွားရပြန်တာပေါ့။

ဒီလိုနဲ့ ချိန်းထားတဲ့ နှစ်ပတ်ပြည့်တဲ့နေ့မှာ အသင်းသူအမျိုးသမီးရောက်လာတဲ့အခါ သင်းအုပ်ဆရာကလည်း စိတ်အိုက်တဲ့ပုံနဲ့ အမျိုးသမီးကို ပြောပြပါတယ်။

"ဒီလိုလုပ်ကွာ၊ ဆရာ့ကို အချိန်ထပ်ပေးပါဦး၊ နောက်ထပ်လေးပတ်၊ တစ်လလောက်နေမှ ဆရာတို့ ဒီအကြောင်းပြောရအောင်" လို့ ဆိုပြီး ထပ်ပြောပြန်ပါတယ်။

အသင်းသူအမျိုးသမီးလည်း စိတ်ထဲမှာ သိပ်မကြည်လင်ပေမယ့် သင်းအုပ်ဆရာက ပြောတာဆိုတော့ ဘာမှ ထပ်မပြောတော့ဘဲ မျက်နှာအိုအိုနဲ့ပဲ ပြန်သွားပါတယ်။ ချိန်းတဲ့နောက်ထပ်လေးပတ်ပြည့်တဲ့နေ့မှာ အသင်းသူအမျိုးသမီးရောက်လာတဲ့အခါ သင်းအုပ်ဆရာက ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ အမျိုးသမီးကို "ကဲ ကဲ ကလေးကို ခေါ်လာခဲ့တော့၊ တို့ သူနဲ့ စကားပြောရအောင်" လို့ ပြောပါတယ်။

ကလေးရောက်လာတဲ့အခါ သင်းအုပ်ဆရာက ကလေးကို ရင်းရင်းနှီးနှီးကြိုဆိုပြီး အချို မလိုင်ကို များများမစားသင့်ကြောင်း၊ တတ်နိုင်က လုံးဝမစားသင့်ကြောင်း၊ အချိုမလိုင်များအစား သစ်သီးများ၊ ဟင်းသီးဟင်းရွက်များကိုသာ များများစားသင့်ကြောင်းကို အကျိုးအကြောင်းနဲ့ ဟာသလေးများစွက်ပြီး ရှင်းပြပါတယ်။ ကလေးကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ သင်းအုပ်ဆရာနဲ့ အပြန်အလှန်စကားပြောဆိုကာ နားထောင်နေပါတယ်။ ဒီနောက် သားအမိနှစ်ယောက် လက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



ကာ ရယ်မောပျော်ရွှင်စွာ ပြန်သွားကြပါတယ်။

နောက် ၅ ရက်အကြာမှာ ကလေးရဲ့မိခင် အမျိုးသမီးဟာ ပြုံးရွှင်စွာရောက်လာပြီး သင်းအုပ်ဆရာကို ကျေးဇူးတင်ကြောင်း၊ သူ့ရဲ့သားလေးဟာ ခုအချိန်မှာ အချိုမလိုင်များကို မတို့မထိတော့ကြောင်း၊ သစ်သီးဟင်းရွက်များကိုသာ နှံ့မင်စွာစားတော့ကြောင်း ပြောပြပြီး ဆရာ့ကို တစ်ခုမေးခွင့်ပြုပါလို့ ခွင့်တောင်းပါတယ်။ ဆရာက မေးပါလို့ ခွင့်ပြုတဲ့အခါ "ဆရာ ပြောဆိုဆုံးမတော့လည်း သားက တစ်ခါတည်း နားထောင်တာပဲ၊ ဒီလောက် လွယ်လွယ်လေးကိစ္စကို ဆရာက ကျွန်မကို တစ်ပတ်ချိန်းလိုက်၊ နှစ်ပတ်ချိန်းလိုက်၊ လေးပတ်ချိန်းလိုက်နဲ့ သုံးကြိမ်တောင် ချိန်းခဲ့တယ်။ ကျွန်မတောင် ဆရာ့ကို အထင်မှားခဲ့မိတယ်။ ဆရာ ဘာလို့ ဒီလို ချိန်းချိန်းခဲ့ရတာလဲ။ ကျွန်မ နားကိုမလည်တော့ဘူး" လို့ပြောတော့ သင်းအုပ်ဆရာက "အေး ဆရာလည်း ဒီလောက်တောင် ချိန်းခဲ့ရတာ၊ ကြာခဲ့ရတာ ဆရာကိုယ်တိုင်တောင် နားမလည်နိုင်တော့ဘူး" လို့ ပြန်ပြောလိုက်တယ်... ဆိုပြီး ဖေဖေက ပုံပြင်ကို အဆုံးသတ်လိုက်တယ်။

ကျွန်တော့်သူငယ်ချင်းနှစ်ယောက်က ဖေဖေ့ကို "ဦးဦး ဘာပြောချင်တာလဲ၊ သားတို့ နားမလည်ဘူး" လို့ ပြောပါတယ်။ ဖေဖေက ကျွန်တော့်ကို လှမ်းကြည့်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ပုံပြင်ကလေးက ဘာကိုဆိုလိုချင်မှန်း စဉ်းစားလို့မရတဲ့အတွက် "သားလည်း နားမလည်ဘူး



ဖေဖေ" လို့ ပြန်ပြောလိုက်ပါတယ်။

ဖေဖေက ကျွန်တော်တို့ တစ်ယောက်စီကို ပြုံးကြည့်ပြီး "သားတို့က အထက်တန်းတောင်ရောက်နေပြီ ဉာဏ်လည်း ကောင်းတယ်၊ ဒီတော့ သားတို့လုပ်ဖို့က နည်းနည်းလောက် ကြိုးစားပြီး တွေးကြည့်ဖို့ပဲ၊ ဟုတ်ပြီနော်" လို့ပြောပါတယ်။

ဖေဖေပြောတာ ဟုတ်ပါတယ်။ နောက်သုံးရက်အကြာမှာ ပုံပြင်လေးကပေးတဲ့ ဒဿနကို တွေးမိနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ခဲ့ခြင်း မဟုတ်ဘဲ တစ်ယောက်စီ အသီးသီးတွေးမိခဲ့ကြခြင်းဖြစ်ပါတယ်။ နှစ်ခြိုက်သဘောကျစွာလည်း လက်ခံပါတယ်။

လောကမှာ ပြောတာလွယ်ပါတယ်။ လက်တွေ့ကျင့်သုံးဖို့က ခက်ပါတယ်။

သူများကို ဆရာမလုပ်ခင် ကိုယ်တိုင်လည်း ကျင့်သုံးရပါမယ်။

အချို မလိုင်စွဲနေတဲ့ကလေးကို အချိုမလိုင်မစားရန် ဆုံးမဖို့ သင်းအုပ်ဆရာက သူကိုယ်တိုင်လည်း စွဲနေတဲ့ အချိုမလိုင်ကိုဖြတ်ဖို့ အချိန်အတော်လေးယူပြီး ကြိုးစားဖြတ်ခဲ့ရပါတယ်။

ဒါတင်မကပါဘူး၊ ကျွန်တော်နဲ့ သူငယ်ချင်းတွေဟာ ကျွန်တော့်ဖေဖေရဲ့ စေတနာကိုလည်း နားလည်သဘောပေါက်ခဲ့ပါတယ်။

ဖေဖေဟာ ကျွန်တော်တို့တစ်တွေကို မြင်တတ်၊ စဉ်းစား

www.burmeseclassic.com


www.burmeseclassic.com



တတ်၊ တွေးတတ်အောင် သင်ပေးခဲ့တဲ့ ကျေးဇူးရှင်ဖေဖေ ဖြစ်ပါတယ်။

ဖေဖေ၏ မေတ္တာကျေးဇူးများကို
ထာဝစဉ်အောက်မေ့သတိရလျက်
ကိုကိုမောင် (GE.M)

ကျွန်တော့်
# ပေပေ နှင့်
# Family



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်ဖေဖေနှင့် Family

ဒီနေ့ December 5, 2004 ဟာ ကျွန်တော့်ဖေဖေ ကွယ်လွန်ခဲ့တာ ၃၉ နှစ်ပြည့်တဲ့နေ့ပါ။ လွန်ခဲ့တဲ့ December 5, 1965 မှာ ဖေဖေဟာ မေမေနဲ့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ (ဖေဖေ့ရဲ့သားတွေ၊ သမီးတွေ) တစ်စုကို ဒီကမ္ဘာကြီးမှာထားခဲ့ပြီး တမလွန်ဘဝကို ကူးပြောင်းသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ဖေဖေဟာ အသက် ၅၆ နှစ်ကျော်ခန့်သာရှိ သေးပြီး ကျွန်တော်ပင်လျှင် ဆယ်ကျော်သက် (teenage) ဘဝကို မကျော်လွန်သေးပါ။ တက္ကသိုလ်သို့ရောက်ခါစ နှစ်မှုသာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်အတိုလေးကာလအတွင်းမှာပင် ဖေဖေဟာ ကျွန်တော်တို့ကို တွေးတတ်၊ ခေါ်တတ်၊ စဉ်းစားဆင်ခြင်တတ်အောင် လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ဉာဏ်စမ်းပုစ္ဆာလေးတွေနဲ့ ကျွန်တော် ငယ်စဉ်ကတည်းကစပြီး စဉ်းစားတွေးခေါ်မှုကို ပျော်မွေ့လာအောင် လေ့ကျင့်ပေးခဲ့သူဟာ ဖေဖေပဲဖြစ်ပါတယ်။ ကျွန်တော့်ကို ဆေဖန်ပိုင်းခြားတတ်အောင်၊ စဉ်းစားတွေးခေါ်တတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်သင်ကြားပေးတဲ့ လက်ဦးသင် ကျေးဇူးရှင်ဟာ ဖေဖေပဲ ဖြစ်ပါတယ်။

ခုအချိန်မှာ မိသားစုနဲ့ပတ်သက်ပြီး ဖေဖေပြောပြခဲ့တာလေးတွေကိုပါ ပြန်ပြောင်းသတိရမိပါတယ်။

*

ဖေဖေက ပြောပါတယ်။

John Donne ဆိုတဲ့ပညာရှင်ကြီးက ပြောခဲ့တယ်တဲ့။

No man is an Island, entire of itself,
every man is a piece of the Continent,
a part of the main ပဲတဲ့။

ဒါကြောင့် လူဟာ ကိုယ်တစ်ဦးတည်း ထီးတည်းကြီးဖြစ်နေလို့ မရဘူး။ ကိုယ်ဟာ လူ့လောကအသိုင်းအဝိုင်းကြီးရဲ့ အပိုင်းတစ်ပိုင်း အစတစ်ခုမျှသာဖြစ်တဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်နဲ့ ဆက်နွှယ်ပတ်သက်ပြီး နေကိုနေရတယ်။

ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းကြီးထဲမှာ အဓိကအကျဆုံး၊ အသေးငယ်ဆုံး အဖွဲ့အစည်းကတော့ Family မိသားစုပဲဖြစ်တယ်။ အသေးငယ်ဆုံးဖြစ်ပေမယ့် အဓိကအကျဆုံးနဲ့ အရေးကြီးဆုံးပဲဖြစ်တယ်။ ဒီမိသားစုတစ်စုစီဟာ ကောင်းမွန်နေမှသာ လောကကြီးဟာ ကောင်းမွန်သာယာနိုင်မှာ။

ဖေဖေဟာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တစ်ယောက်စီကိုကြည့်ပြီး ဆက်ပြောပါတယ်။



'သားတို့သမီးတို့ဟာ တစ်ချိန်မှာ ကိုယ်တိုင်၊ ကိုယ်ပိုင် Family မိသားစုလေးတွေ ရှိလာရဦးမှာပဲ၊ ဒီတော့ သားတို့သမီးတို့ဟာ Family မိသားစုအကြောင်းကို သေသေချာချာ သိထားသင့်တယ်'

ဖေဖေက ဆက်ပြောပါတယ်။

'Family တစ်စုဟာ အကြမ်းအားဖြင့် ဖေဖေရယ်၊ မေမေရယ်၊ သားတို့သမီးတို့ပါဝင်တဲ့ အဖွဲ့လေးဖြစ်တယ်။ အဲဒီမှာ ဖေဖေနဲ့ မေမေဟာ ယောကျ်ားနဲ့ မိန်းမဖြစ်တယ်၊ အဓိကနှစ်ဦးလို့ ပြောရမယ်။

ကမ္ဘာကြီးဟာ ဖန်ဆင်းခြင်းခံရတယ်လို့ ယုံကြည်သူတွေက မိန်းမဟာ ယောကျ်ားရဲ့နံရိုးမှ ဖန်ဆင်းထားခြင်းဖြစ်တယ်လို့ ယုံကြည်ကြတယ်'

ဖေဖေဟာ အင်္ဂလိပ်လို ဆက်ပြောပါတယ်။

"Woman was created from the rib of man.
She was not made from his head to top him,
nor from his feet to be trampled on.
She was made from his side to be equal
to him,
From under his arm to be protected by him,
From near his heart to be loved by him."

နောက် ဖေဖေဟာ ကျွန်တော်တို့ကို မြန်မာလို ဆက်ရှင်းပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဟာ ယောကျ်ားရဲ့နံရိုးက ဖန်ဆင်းထားတာ ဖြစ်တယ်။

ယောကျ်ားအပေါ် စိုးမိုးအနိုင်ယူဖို့ ခေါင်းအပိုင်းကနေ ဖန်ဆင်းခဲ့တာမဟုတ်ဘူး။ ဒီလိုပဲ နင်းခြေခံရဖို့ ခြေထောက်ကနေ ဖန်ဆင်းထားခဲ့တာမဟုတ်ဘူး။

ယောကျ်ားနဲ့ အညီအမျှ တန်းတူလက်တွဲနိုင်အောင် ယောကျ်ားရဲ့နံဘေးမှ နံရိုးက ဖန်ဆင်းခဲ့တာဖြစ်ပြီး ယောကျ်ားရဲ့ လက်မောင်းအောက်မှ ဖန်ဆင်းထားခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် ယောကျ်ားရဲ့စောင့်ရှောက်ကာကွယ်ပေးခြင်းကို ရယူပိုင်ခွင့်ရှိတယ်။

နောက်ပြီး ဒီနံရိုးဟာလည်း အသည်းနှလုံးသားမှာ နီးကပ်စွာရှိနေတာမို့ ယောကျ်ားရဲ့ချစ်ခြင်းမေတ္တာကို ရယူပိုင်ဆိုင်နိုင်ခွင့်ရှိတယ်'

ဖေဖေဟာ ခုလိုရှင်းပြပြီး ကျွန်တော်တို့ညီအစ်ကိုမောင်နှမ ငါးယောက်ကို တစ်ယောက်စီကြည့်ပြီး နောက်ဆုံးကျွန်တော့်ကိုကြည့်တဲ့အခါ ခေါင်းညိတ်ပြီးပြုံးပါတယ်။

ကျွန်တော်ဟာ ဖေဖေ့ရဲ့အပြုံးနဲ့ ခေါင်းအညိတ်ကို နားလည်ခဲ့ပါတယ်။ ကျွန်တော်ကလည်း ဖေဖေ့ကို ပြန်ပြုံးပြပြီး ခေါင်းပြန်ညိတ်ပြခဲ့ပါတယ်။

ဟုတ်ပါတယ်၊

ကျွန်တော်တို့မိသားစုထဲမှာ ဖေဖေဟာ မေမေ့အပေါ်မှာ . . .။



ဒါကြောင့် ကျွန်တော်တို့မိသားစုလေးဟာ သာယာအေးချမ်းမေတ္တာလွှမ်းခြုံ ပျော်ရွှင်ခဲ့ရပါတယ်။ ကျေးဇူးတင်ပါတယ်ဖေဖေ။

**ဖေဖေ၏ မေတ္တာကျေးဇူးများကို**
**ထာဝစဉ်အောက်မေ့သတိရလျက်**
**ကိုကိုမောင်** (G.E.M)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်
ပေပေ နှင့်
မရှိမဖြစ်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် မရှိမဖြစ်

ဒီစနေနေ့ အားလပ်ရက်မှာ ကျွန်တော့်ရဲ့စာအုပ်စင်ကို ရှင်းနေတုန်း စာရေးဆရာမ ဂျူးရဲ့ 'မရှိမဖြစ်မိုး' ဝတ္ထုစာအုပ် ထွက်လာပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော့်ဖေဖေပြောပြခဲ့တဲ့ 'မရှိမဖြစ်လူ' ဆိုတာနဲ့ပတ်သက်ပြီး ဆုံးမစကားလေးကို ချက်ချင်းသွားသတိရမိပါတယ်။

ဟုတ်ပါတယ်၊ အဲဒီတုန်းကလည်း စနေနေ့ တစ်ရက်ပါပဲ။ ဟိုတုန်းက ဖေဖေတို့ရုံးတွေဟာ စနေနေ့ နေ့ဝက်ရုံးတက်ရပါတယ်။ ဖေဖေဟာ နေ့လယ်ပိုင်း အားတဲ့အချိန်မှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ထိုင်ရင်း (National Geographic Magazine) ကို ဖတ်နေပါတယ်။ ကျောင်းအားရက်ရတဲ့ ကျွန်တော်တို့ သူငယ်ချင်းတစ်စုကတော့ ထုံးစံအတိုင်းကစားရင်း အငြင်းအခုံဘက် ရောက်သွားပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ သူငယ်ချင်း အောင်ကျော်က ကျွန်တော်တို့အဖွဲ့မှာ သူဟာ မရှိမဖြစ်တဲ့သူလို့ ပြောလာပါတယ်။ ပထမတစ်ကြိမ်၊ နှစ်ကြိမ်ပြောစဉ်က ဖေဖေဟာ မကြားလို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



လား၊ မပြောသင့်သေးဘူး ယူဆလို့လား မသိပါဘူး။ ဘာမှ ဝင်မပြောခဲ့ပါဘူး။ ဒါပေမယ့် အောင်ကျော်က ဒီစကားကို လေးငါးကြိမ်ထက်မက ပြောလာတော့ ဖေဖေဟာ ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ပြီး ဖေဖေရဲ့ စာအုပ်စင်ထဲက မှတ်စုစာအုပ်တစ်အုပ်ကို ယူလိုက်ကာ ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို ဖေဖေ့အနားဆီ ခေါ်လိုက်ပါတယ်။ ပြီးတော့ စာအုပ်ကိုဖွင့်လိုက်ပြီး ဖေဖေ့လက်ရေးနဲ့ ကူးရေးထားတဲ့ စာတစ်ပိုဒ်ကို ကျွန်တော်တို့သူငယ်ချင်းတစ်စုကို ဖတ်ခိုင်းပါတယ်။ ရေးထားတာက အင်္ဂလိပ်လိုရေးထားတာပါ။ စာကြောင်းရေက နှစ်ဆယ်လောက်ရှိပါတယ်။ ခေါင်းစဉ်ကတော့...

There is no indispensable man'

တဲ့။ ကျွန်တော်တို့သူငယ်ချင်းတစ်စုဟာ ဝိုင်းပြီးတော့ အသံထွက်ဖတ်ကြပါတယ်။ ပြီးတော့ ဖေဖေက မေးပါတယ်။

'သားတို့ နားလည်ကြရဲ့လား' လို့။ အားလုံးက 'နားမလည်ပါဘူး' လို့ တစ်ပြိုင်နက်ခေါင်းခါပြီး ဖြေကြပါတယ်။ ဖေဖေဟာ ပြုံးပြီး 'ဟုတ်တယ်၊ ဒါကို သားတို့ ချက်ချင်းနားလည်နိုင်ကြမှာမဟုတ်ဘူး၊ သားတို့ကို ဦး ရှင်းပြမယ်' လို့ ပြောပါတယ်။

ဖေဖေက ဆက်ပြီး 'indispensable man ဆိုတာ ခုနကမောင်အောင်ကျော် ပြောပြောနေတဲ့ **'မရှိမဖြစ်တဲ့လူ'** ကို ဆိုလိုတာပေါ့။ တစ်နည်းအားဖြင့် သူ့နေရာမှာ **'အစားထိုး**



**လို့ မရနိုင်တဲ့လူ'** ကို ဆိုလိုတာပေါ့။ ဒါကို ဦး ရှင်းပြမယ်' ဆိုပြီး ဖေဖေက ဆက်ပြောပြပါတယ်။

*

*တစ်ချိန်ချိန်မှာ*
*ကိုယ်သာလျှင် အရေးပါဆုံးလို့ အထင်ရောက်တဲ့အခါ၊*
*တစ်ချိန်ချိန်မှာ*
*အတ္တမာန်တွေ တလူလူလွင့်တက်လာတဲ့အခါ၊*
*တစ်ချိန်ချိန်မှာ*
*ကိုယ်သာလျှင် ဒီနေရာမှာ အရည်အချင်းအပြည့်ဝဆုံးပုဂ္ဂိုလ်ပဲလို့ ကိုယ့်ကိုယ်ကို သတ်မှတ်မိတဲ့အခါ၊*

*ကိုယ်သာ စွန့်ထွက်သွားရင် ဘယ်လိုမှ အစားထိုးဖြည့်စွက်လို့မရနိုင်တဲ့ ကွက်လပ်အပေါက်ကြီးသာ ကျန်ခဲ့မှာပဲလို့ ခံစားမိတဲ့အခါ ဒီရိုးရှင်းလှတဲ့ ဥပမာလေးကိုပဲ လုပ်ကြည့်ပါဦး။ ကိုယ့်မာန်မာနတွေ ကိုယ့်နှလုံးသားမှ ကင်းရှင်းသွားအောင် ဒီဥပမာလေးတွေက လုပ်ဆောင်ပေးသွားတာကို တွေ့မြင်ခံစားရမှာပါ။*

*ရေပုံးလွတ်တစ်ခုထဲကို ရေလောင်းထည့်လိုက်ပါ။ ကိုယ့်ရဲ့လက်ကောက်ဝတ်ကျော်ကျော် မြုပ်တဲ့အထိ လက်ကို ရေထဲနှစ်လိုက်ပါ။ နောက် လက်ကို ရေထဲက ပြန်ထုတ်လိုက်ပါ။ ရေထဲမှာကျန်ခဲ့တဲ့ ကွက်လပ်အပေါက်ရဲ့ အတိုင်းအတာပမာဏဟာ ကိုယ့်ကို လူအများက ဘယ်လောက်တောင် တမ်းတလိုအပ်နေသလဲဆိုတဲ့ ပမာဏအတိုင်းအတာပါပဲ။*

www.burmeseclassic.com

www.burmeseclassic.com



ပုံးထဲက ရေကို မြေပြင်အနှံ့ ကိုယ်ဆန္ဒရှိသလောက် အားပါးတရ ဖောဖောသီသီ ပက်ဖျန်းလိုက်ပါ။ မကြာလှတဲ့အချိန်တိုကာလလေးမှာပဲ ကနဦးအစ ရေမဖျန်းခင်ကလိုပဲ ပြန်ဖြစ်သွားမှာပါပဲ။

ဒီလို ဆန်းပြားသလောက် ရိုးစင်းလှတဲ့ ဥပမာလေးကပေးတဲ့ သင်ခန်းစာကတော့ . . .

လုပ်စရာကို အကောင်းဆုံးလုပ်ပါ။


ကိုယ့်အရည်အချင်းအတွက် ဂုဏ်ယူပါ။

ဒါပေမယ့် မမေ့နဲ့၊

လောကကြီးမှာ အစားထိုးလို့မရနိုင်တဲ့ 'မရှိမဖြစ်လူ'ဆိုတာ မရှိ။

ဖေဖေ၏ မေတ္တာကျေးဇူးများကို
ထာဝစဉ်အောက်မေ့သတိရလျက်
ကိုကိုမောင် (G.E.M)

ကျွန်တော့်
# ဖေဖေ နှင့်
# သင်ကောင်းလျှင် ......



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် သင်ကောင်းလျှင်...

အတွေးသစ်ဂျာနယ်မှာ 'ကျွန်တော့်ဖေဖေနဲ့...'' ဆောင်းပါးကို နောက်ဆုံးရေးဖြစ်ခဲ့တာက ၄-၈-၂၀၀၄ ရက်နေ့ထုတ် (၄) နှစ်ပြည့် အမှတ်တရမှာပါ။ 'ကျွန်တော့်ဖေဖေနဲ့ သင်းအုပ်ဆရာ'ပါ။ နောက်ရေးဖြစ်တာက *Family* မိသားစုမဂ္ဂဇင်း၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ (၃) နှစ်ပြည့် အထူးထုတ်နဲ့ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွေမှာပါ။ ရေးဖြစ်ခဲ့တာတွေက 'ကျွန်တော့်ဖေဖေနဲ့ *Family* ရယ်'၊ 'ကျွန်တော့်ဖေဖေနဲ့ မရှိမဖြစ်'' တွေပါ။

ဒါတွေကလည်း *Family* မိသားစုမဂ္ဂဇင်းထုတ်ဝေသူလည်းဖြစ်၊ အုပ်ချုပ်မှုအယ်ဒီတာလည်းဖြစ်တဲ့ ဒေါက်တာဂျယ်ရီအုံခိုင်က ရေးပေးဖို့ တောင်းခံလာတဲ့အတွက်ရယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း *Family* မိသားစုမဂ္ဂဇင်းမှာ အတိုင်ပင်ခံဖြစ်နေတဲ့အတွက်ကြောင့်ရယ် ရေးဖြစ်ခဲ့တာပါ။ နောက် ဒေါက်တာဂျယ်ရီအုံခိုင်ကိုလည်း ညီငယ်တစ်ယောက်လို သံယောဇဉ်ရှိလို့သာ ရေးပေးခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမှန်ဝန်ခံရရင် ကျွန်တော် ဒီ "ကျွန်တော့်ဖေဖေနဲ့..." ဆောင်းပါးတွေကို ရေးရတာ အရမ်းပင်ပန်းပါတယ်။ ပထမအချက်အနေနဲ့ ကျွန်တော်ဟာ စာရေးဖို့ထက် စာဖတ်ပြီး တွေးဖို့ကို ပိုပြီးစိတ်ထက်သန်တဲ့သူပါ။ ဒါပေမယ့် အတွေးသစ်ဂျာနယ်မှာ ရေးဖြစ်ခဲ့တာတွေက ကျွန်တော်ကိုယ်တိုင် အတွေးသစ်ဂျာနယ်မှာ ပါဝင်နေတာရယ်၊ အဲဒီအချိန်က အတွေးသစ်ဂျာနယ်မှာ လိုအပ်နေတာတွေရယ်၊ အတွေးသစ်ဂျာနယ်ကို သိပ်သံယောဇဉ်ကြီးတာတွေကြောင့်ပါ။ ဒုတိယအချက်ကတော့ ကျွန်တော်ဟာ ဖေဖေ့ကို သိပ်ချစ်တယ်။ ဒီ "ကျွန်တော့်ဖေဖေနဲ့..." ဆောင်းပါးတွေကို ရေးနေတဲ့အချိန်တွေမှာ ကျွန်တော်ဟာ ဖေဖေ့ကို သိပ်သတိရနေပါတယ်။ ဝမ်းလည်းနည်း၊ စိတ်မကောင်းလည်း ဖြစ်နေပါတယ်။ လေးငါးရက်လောက် စိတ်ထဲမှာ အရမ်းခံစားနေရပါတယ်။ ဒါတွေကြောင့် မရေးဖြစ်ခဲ့တာပါ။

အတွေးသစ်ဂျာနယ်ဟာ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ (၅) နှစ်ပြည့်ပါတယ်။ အဲဒီနေ့ထုတ်မယ့် ဂျာနယ်ဟာ (၅) နှစ်ပြည့် အမှတ်တရစာစောင်ပါ။ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်တဲ့ (ဆရာ)ထက်ခေါင်က ကျွန်တော့်ကို ဒီ (၅) နှစ်ပြည့်အမှတ်တရမှာ ကိုမောင်ရဲ့ "ကျွန်တော့်ဖေဖေနဲ့..." ကို ရေးဖြစ်အောင် ရေးပါလို့ တိုက်တွန်းသတိပေးခဲ့ပါတယ်။ ကျွန်တော်ရေးနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် မရေးနိုင်ခဲ့ပါဘူး။ စာရေးစားပွဲမှာထိုင်ပြီး ငိုင်နေရင်း ဖေဖေ့



ကို သတိရခြင်းများစွာနဲ့ပဲ အချိန်တွေကို ဖြုတ်သန်းခဲ့ပါတယ်။ ဆောင်းပါးရေးဖို့ အင်အားတွေ ပျောက်ကွယ်နေခဲ့ပါတယ်။

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှာ အတွေးသစ်ဂျာနယ်ရဲ့ (၅) နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားကို ကြွရောက်ချီးမြှင့်ခဲ့တဲ့ အတွေးသစ်ဂျာနယ် ပင်တိုင်ဆောင်းပါးရှင် ဆရာတော် ဓမ္မသောရီ–အရှင်ဝီရိယ (တောင်စွန်း) နဲ့ ဆရာထက်ခေါင်က "ကျွန်တော့်ဖေဖေနဲ့..." ဆောင်းပါးတွေ ဆက်မရေးလို့ မေတ္တာပြ အပြစ်ဆိုပါတယ်။

ဆရာထက်ခေါင်ကိုတော့ ကျွန်တော့်အကြောင်း သိနေသူမို့ ဘာမှပြန်မပြောဘဲ ပြုံးပြလိုက်ပါတယ်။ ဒါပေမယ့် တောင်စွန်းဆရာတော်ရဲ့ မေတ္တာပြမိန့်ဆိုချက်က ကျွန်တော့်ရင်ကို တုန်ခါလှုပ်ခတ်သွားပါတယ်။ ဆရာတော်က . . .

"ကိုကိုမောင်ရဲ့ 'ကျွန်တော့်ဖေဖေနဲ့...' ဆောင်းပါးတွေကို ဆက်ပြီးရေးပါ။ ဒါဟာ လူငယ်လူရွယ်တွေအတွက် အကျိုးကျေးဇူးရှိစေသလို ကိုကိုမောင်ရဲ့ဖခင်ကြီးအပေါ် ကျေးဇူးဆပ်ရာလည်းရောက်ပါတယ်။ ကိုကိုမောင်လည်း ဖခင်ကြီးအပေါ် တာဝန်ကျေတဲ့ သားတစ်ယောက်ဘဝ ရစေပါတယ်။ နောက် ဒီဆောင်းပါးတွေကိုစုပြီး ဆောင်းပါးပေါင်းချုပ်စာအုပ်ဖြစ်အောင် ကြိုးစားပါ" လို့ မိန့်ဆိုခဲ့ပါတယ်။

ဟုတ်ပါတယ်။ ဖေဖေဟာ ကျွန်တော်တို့ကို ပြောဆိုခဲ့

www.burmeseclassic.com

www.burmeseclassic.com



စဉ်က ကျွန်တော်တစ်ယောက်တည်းကိုသာ သားအဖြစ် ဆိုခဲ့ပြောခဲ့တာ မဟုတ်ဘဲ ကျွန်တော့်သူငယ်ချင်းတွေကိုပါ သားအရင်းတွေလို မေတ္တာထားပြီး တွေးတတ်အောင်၊ စဉ်းစားတတ်အောင် သင်ကြားပေးခဲ့သူပါ။ ဒါတွေတင်မက မျိုးဆက်တိုင်းက လူငယ်တွေ လူရွယ်တွေအားလုံးကိုပါ တွေးတတ်စဉ်းစားတတ်တဲ့ ထက်မြက် မေတ္တာကြီးမားတဲ့သူတွေ ဖြစ်စေချင်တာဟာ ဖေဖေ့ရဲ့ကြီးမားလှတဲ့ ဆန္ဒ တစ်ခု ဖြစ်ပါတယ်။

ဖေဖေ့သင်ကြားပေးမှုများစွာထဲက အခုရေးသားမယ့် တစ်ခုကတော့...

ဒီဇာတ်ကြောင်းလေးဖြစ်ခဲ့တဲ့ကာလက ကျွန်တော် သတ္တမတန်းစာမေးပွဲဖြေပြီးလို့ ကျောင်းပိတ်ထားတဲ့ကာလ ပါပဲ။ ထုံးစံအတိုင်း သားလတ်လူဆိုးလေး ကျွန်တော်ဟာ မနက်ပိုင်းမှာ ဖေဖေ့ရုံး၊ ပန်းဆိုးတန်းလမ်းက ကြေးနန်း ဆက်သွယ်ရေး ညွှန်ကြားရေးဝန်ရုံးကို လိုက်သွား၊ အဲဒီကနေ ပန်းဆိုးတန်းလမ်းတစ်ဝိုက်မှာရှိတဲ့ စာကြည့်တိုက်တွေ၊ စာအုပ်ဆိုင်တွေသွားကာ စာဖတ်လိုက်၊ ငေးလိုက်၊ စဉ်းစား လိုက်လုပ်လုပ်ပြီးနောက် ဖေဖေ့ရုံးကိုပြန်လာ၊ ပြီးတော့ ဖေဖေနဲ့အတူ လမ်းလျှောက်ပြီး (၄၆) လမ်းက အစိုးရအရာရှိ များ ရိပ်သာ မှာရှိတဲ့ အိမ်ကို ပြန်လာကြလုပ်ပါတယ်။ ဒီ အတိုင်း ရုံးဖွင့်ရက် နေ့တိုင်းလုပ်နေကျ ပုံစံလေးဖြစ်ပါတယ်။

အဲဒီနေ့ကတော့ ဖေဖေ့ရုံးဘေး ပန်းဆိုးတန်းလမ်းနဲ့



ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) ထောင့် ပလက် ဖောင်းပေါ်မှာ ချရောင်းနေတဲ့ဆိုင်က စာတန်းတစ်ခုက ကျွန် တော့်အာရုံကို ဆွဲငင်ယူသွားပါတယ်။ ဒီဆိုင်က ရုံးတွေမှာ၊ ဆိုင်တွေမှာ၊ အိမ်ခန်းတွေမှာ အဲဒီတုန်းကကပ်လေ့ရှိတဲ့ အဆို အမိန့်တွေ၊ ဆိုဆုံးမစကားတွေ၊ အသိပေး သတိပေးစကား တွေကို အခု A4 Size အရွယ်အစား စာရွက်ပေါ်မှာ ပုံနှိပ် ပြီးရောင်းတဲ့ဆိုင်ပါ။ အဲဒီဆိုင်က ကျွန်တော်ဝယ်လိုက်တဲ့ စာတန်းစာရွက်ကလေးမှာ ရေးထားတာကတော့...

"သင်ကောင်းလျှင် ကျွန်ုပ် မဆိုးဝါ" တဲ့။

ဒီစာရွက်လေးကို ကျွန်တော်ဝယ်လိုက်တော့ ဖေဖေက ကျွန်တော့်ကို ပြုံးပြုံးကြည့်နေတာကို သတိထားမိပြီး မြင်လိုက် ရပါတယ်။ ဖေဖေက ဘာမှတော့မပြောပါဘူး။ ဖေဖေနဲ့ ကျွန် တော်ဟာ နှုတ်ကမပြောဘဲ စိတ်ထဲမှာဖြစ်နေတာတွေကို ဆက်သွယ်ခံစားရသလို မကြာခဏဖြစ်တတ်ပါတယ်။ ဒါကြောင့် စိတ်ထဲမှာ ဖေဖေတစ်ခုခုပြောနေသလို ခံစားလိုက် ရပါတယ်။ အစကတော့ ဒီစာတန်းစာရွက်ကလေးကို ကျွန် တော်စာကျက်တဲ့ စားပွဲအပေါ်က နံရံမှာ ကပ်ထားဖို့ စိတ်ကူး ရှိပေမယ့် အခုတော့မကပ်ချင်တော့တာမို့ ကျွန်တော့်ကျောင်း က သချ်ာစာအုပ်ကြီးကြားမှာ ညှပ်ပြီး သိမ်းထားလိုက်ပါ တယ်။

နောက် နှစ်ရက်၊ သုံးရက်လောက်နေတော့ ရုံးပိတ်ရက် မို့ ဖေဖေဟာ အိမ်မှာပဲ ရှိနေပါတယ်။ နေ့ခင်း (၂) နာရီ

www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ ဖေဖေက ကျွန်တော့်ကိုခေါ်ပြီး မေးပါတယ်။

"သား ဟိုနေ့က ဝယ်လာတဲ့ စာရွက်လေးရော"

ကျွန်တော်ဟာ သင်္ချာစာအုပ်ကြားမှာ ညှပ်ထားတဲ့ စာရွက်လေးကိုယူပြီး ဖေဖေ့ကို ပေးလိုက်ပါတယ်။

"သား ဒီစာရွက်ကလေးကို ဘာလုပ်ဖို့ဝယ်လာတာလဲ"

"ကျွန်တော့်စာရေးစားပွဲဘေးက နံရံမှာ ကပ်ထားဖို့ပါ"

"သား ဒါဆို အခုဘာလို့ ကပ်မထားတာလဲ"

ကျွန်တော် ဖေဖေ့ကို ဘာမှပြန်မပြောမိပါ။ ဖေဖေ့ကို ကြည့်ပြီး ပြုံးပြလိုက်မိပါတယ်။ ဒါကြောင့် ခဏနေတော့ နောက်မေးခွန်းတစ်ခု ထပ်မေးပါတယ်။

"သား ဒီစာတန်းရဲ့ အဓိပ္ပာယ်ကိုရော သိလား"

ကျွန်တော်ဟာ ဖေဖေ့ကို ဘာပြန်ပြောရမလဲဆိုတာ မသိပါဘူး။ အမှန်ပြောရရင် ကျွန်တော့်စိတ်ထဲမှာ မသိသလို ခံစားနေရပါတယ်။ ဟုတ်ပါတယ်။ ဟိုနေ့က သိသလိုထင်ခဲ့တာတွေဟာ အခု မှားသလို ခံစားနေရပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဖေဖေမေးတာကို ပြန်မဖြေနိုင်ဘဲ ဖေဖေ့ကို ပြုံးပြီး ပြန်ကြည့်နေမိပါတယ်။

ဖေဖေက ကျွန်တော့်ကို စာရွက်ကလေးပြန်ပေးပြီး

"သား ဖေဖေ့ကို ဖတ်ပြပါဦး"

"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ"

"ဟုတ်ပြီ သား၊ 'မ' ဆိုတဲ့စာလုံးဖြုတ်ပြီး ဖေဖေ့ကို ပြောပြပါဦး"



"ဗျာ ဖေဖေ"

"မဆိုး ဆိုတာကို နောက်တစ်မျိုးပြောရင်"

"ကောင်း- ပါဖေဖေ"

"ဟုတ်ပြီ၊ အဲဒီတော့..."

"သင်ကောင်းလျှင် ကျွန်ုပ်ပြန်ကောင်းပါမည်"

"သင်ကောင်းမှ ကျွန်ုပ်ပြန်ကောင်းပါမည်လား သားရဲ့"

ကျွန်တော့်စိတ်ထဲမှာ သိသလိုလိုဖြစ်လာပါတယ်။ ဒါပေမယ့် ကျွန်တော် ဖေဖေ့ကို တိတိကျကျပြောမပြတတ်တယ်သေးပါ။ ဖေဖေက ဆက်ပြောပါတယ်။

"ကဲ သား၊ အဲဒီစာရဲ့ နောက်အဓိပ္ပာယ်ကို ပြောပါဦး"

ကျွန်တော် သိသလိုလို ရှိလာတာမို့ . . .

"သင် မကောင်းလျှင် ကျွန်ုပ်ပြန်မကောင်းပါ"

"မဟုတ်ဘူးလေ သား၊ 'မ' တွေ မထည့်ဘဲပြောလေ"

"သင်ဆိုးလျှင် ကျွန်ုပ်ပြန်ဆိုးပါမည်"

"ဟုတ်ပြီ သား၊ သား ဟိုဘက်ခြံက ရန်လုံကြီးကို သိလား"

"ဟုတ်ကဲ့ဖေဖေ" လို့ ကျွန်တော် ပြန်ဖြေလိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ သိနေပါတယ်။ သေချာပါတယ်။ ကျွန်တော် ခံရတော့မယ်။

"ကဲ သား၊ သားက ရန်လုံမလုပ်ရင် သားလည်း မလုပ်ဘူးပေါ့"

"ဗျာ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ရန်လုံက ဘာလုပ်လဲ သား"

"ကျွန်တော် မစဉ်းစားရဘဲ နှုတ်က အလိုလိုဖြေမိလိုက်ပါတယ်။

"ယောင်ပါတယ် မေမေ"

"အဲဒီတော့ သား သူ မလုပ်ရင်..."

"သင်မယောင်လျှင် ကျွန်ုပ်ပြန်မယောင်ပါ"

မေမေ့မျက်နှာ ရယ်ပြုံးပြုံးဖြစ်သွားပါတယ်။ ဒါပေမယ့် ကျွန်တော် မပြုံးနိုင်ပါ။ မရယ်နိုင်ပါ။

"ဟုတ်ပြီ သား၊ ဒါနောက်ဆုံးပဲ၊ ဆိပ်ကမ်းရောက်တော့မယ်။ ကဲပြော ဒီအဓိပ္ပာယ်ကိုပဲရောက်အောင် 'မ' စကားလုံးတွေမပါဘဲနဲ့ ပြောပါဦး"

ကျွန်တော် အောင့်သက်သက်ကြီးနဲ့ ပြောရပါပြီ။

"သင်ယောင်လျှင် ကျွန်ုပ်ပြန်ယောင်ပါမည်"

ဒီတစ်ခါ မေမေ မရယ်ပါ။ မပြုံးပါ။ ဒါပေမယ့် မျက်နှာကြီး တည်မထားပါ။ ဘာမှမသိသလိုပုံ လုပ်ထားပါတယ်။ ကျွန်တော်မနေနိုင်တော့ပါ။ ဟက်ဟက်ပက်ပက် ရယ်လိုက်ပါ တယ်။ ကျွန်တော့်အရှိက်ကို တည့်တည့်ကြီး အထိုးခံလိုက်ရပါပြီ။ ဒါပေမယ့် ကျွန်တော် ကျေကျေနပ်နပ် ခံလိုက်ပါတယ်။

*နောက် မကြာခင်တစ်ချိန်မှာ ကျွန်တော် ဒီနေ့အကြောင်းကို ပြန်တွေးမိတဲ့အခါ မေမေဟာ အတော်နောက်တာပဲ။ ခွေးဆိုတဲ့စကား တစ်လုံးမှမပါဘဲ မေမေပြောခဲ့သလို ကျွန်*



*တော့်ကို ဆိပ်ကမ်း၊ Hong Kong ဆိပ်ကမ်းရောက်အောင် သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာနဲ့ ပို့ခဲ့ပါတယ်။ တရုတ်ပြည်ကြီးက Hong Kong ဆိပ်ကမ်း မဟုတ်ပါ။ ယောင်တဲ့အကောင်ရဲ့ ဆိပ်ကမ်းပါ။*

ကျွန်တော် ခုလို ဟက်ဟက်ပက်ပက် ရယ်လိုက်တဲ့အခါ မေမေဟာ ကျွန်တော့်ကို ရင်ခွင်ထဲယူပွေ့လိုက်ပြီး မေမေနဲ့ ကျွန်တော်ဟာ အားပါးတရ ရယ်လိုက်ကြပါတယ်။

"ဟုတ်တယ်နော် မေမေ၊ အဲဒီလိုဆို သားက ရန်လုံကြီးနဲ့ ဘာထူးတော့မလဲ၊ အတူတူပဲပေါ့နော်"

မေမေက မျက်နှာ ခပ်မှန်မှန်အနေအထား ပြန်လုပ်ပြီး

"မတူပါဘူး သားရဲ့"

"ဟင် မေမေ"

"ရန်လုံကြီးက သားထက် မြင့်တာပေါ့။ သားက သူ့ထက်ပိုနိမ့်တယ်။ သားက သူ့ရဲ့နောက်လိုက်"

ကျွန်တော် သိလိုက်ပါပြီ၊ နောက်တစ်ချက် အရှိက်ကို အထိုးခံလိုက်ရပြီ။ ဒါကြောင့် ရယ်ကျဲကျဲနဲ့...

"ဟုတ်တယ်နော် မေမေ၊ သားက ရန်လုံကြီးယောင်ရင် ပြန်ယောင်မယ်၊ သူ မယောင်ရင် သားလည်း ပြန်မယောင်ဘူး ဆိုတော့..."

မေမေက ကျွန်တော့်ကို ကြည်နူးစွာ အားရပါးရဖက်ထားပြီး

"ကဲ သား၊ ဟိုစာတန်းလေး ပြန်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ"

"ဒီတော့ သူ့မှာ ဘာ Principle ဘာခံယူချက်ရှိမှာလဲ၊ ဖေဖေ့သားကရော"

"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ။ သင်မကောင်းလည်း ကျွန်ုပ်မဆိုး ။ ကျွန်ုပ် ကောင်းမြဲကောင်းနေပါမည်"

"ဟင် ဒါပဲလား သား"

"ဘာလိုသေးလဲ ဖေဖေ" လို့ ကျွန်တော် ပြန်မေးလိုက်ပါတယ်။

"သားဘာသာ သား စဉ်းစားလေ"

ကျွန်တော် ခဏစဉ်းစားနေရပါတယ်။ ကျွန်တော် သိပါပြီ။ ဖေဖေ့မျက်လုံးကို တည့်တည့်ကြည့်လိုက်ပါတယ်။ နောက် ဖေဖေ့ကို အားရပါးရဖက်လိုက်ပြီး . . .

"သင့်ကိုလည်းကောင်းအောင် ကျွန်ုပ်ကြိုးစားပါမည်၊ ကူညီပါမည်၊ အားပေးပါမည်"

ဖေဖေဟာ ကျွန်တော့်ကိုပြန်ပြီး တင်းတင်းကြီးဖက်ကာ "ဖေဖေ့သား" လို့ပြောလိုက်တဲ့ ဖေဖေ့အသံမှာ ကြည်နူးမှုတွေ များစွာပါလာပါတယ်။

ဟုတ်ပါတယ်၊ ဖေဖေဟာ ကျွန်တော်တို့ကို မှန်ကန်ခြင်းတရားဆိုတာကို သိရှိကျင့်သုံးနိုင်ရုံသာမက တို့ထက်ပိုမို မြင့်မြတ်တဲ့ သမ္မာတရားကို စဉ်းစားတတ်၊ တွေးတောတတ်ကာ သိရှိနိုင်၊ ကျင့်သုံးနိုင်အောင် သင်ကြားပေးသူ၊ ကိုယ်တိုင်ကျင့်သုံးတဲ့ ကျေးဇူးရှင်ကြီးပါ။ အခု ကျွန်တော့် စာရေး



စားပွဲဘေးက နံရံမှာ ကပ်ထားမယ့် စာတန်းကတော့–

**အဆိုးကို အဆိုးအားဖြင့် အရှုံးမခံနှင့်၊**
**အကောင်းအားဖြင့် အဆိုးကို အနိုင်ယူပါ။**
**do not let evil defeat you;**
**instead with GOOD conquer evil.**

*ဖေဖေ၏ မေတ္တာကျေးဇူးများကို*
*ထာဝစဉ်အောက်မေ့သတိရလျက်*
**ကိုကိုမောင်** (G.E.M)

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့် **ပေပေ** နှင့် နှစ်သစ်လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်ဖေဖေနှင့် နှစ်သစ်လက်ဆောင်

ဖေဖေဟာ ကျွန်တော့်ကို နှစ်သစ်ကူးတွေမှာ လက်ဆောင်ပေးလေ့ရှိပါတယ်။ ဖေဖေပေးခဲ့တဲ့ လက်ဆောင်တိုင်းဟာ မြတ်နိုးစရာ၊ တန်ဖိုးထားစရာချည်းပဲဖြစ်ပါတယ်။ ဒီလက်ဆောင်တွေထဲက လက်ဆောင်လေးတစ်ခုကို ဒီနှစ်မှာ ထူးထူးခြားခြား သတိရနေပါတယ်။

ဒီလက်ဆောင်လေးကတော့ **ဆုတောင်းမေတ္တာ** ပါပဲ။

သူတော်စင်ကြီး စိန့်ဖရန့်စ်အစ္စီစီရဲ့ ဆုတောင်းမေတ္တာ (Prayer of Saint Francis of Assisi) ဖြစ်ပါတယ်။ ခုအချိန်မှာ အဲဒီနေ့ကို မှတ်မျတ်ရရ သတိပြန်ရနေပါတယ်။ ဒီဇင်ဘာလ ၁ ရက်နေ့၊ ၁၉၆၅ ခုနှစ် ဗုဒ္ဓဟူးနေ့ပါ။ အရင်ဆိုရင် နှစ်ဆန်းတစ်ရက်နေ့မှာမှ နှစ်သစ်ကူးလက်ဆောင်ပေးခဲ့တဲ့ ဖေဖေဟာ ဒီနှစ်မှာတော့ ထူးထူးခြားခြား နှစ်သစ်မကူးခင် တစ်လလောက်ကတည်းက နှစ်သစ်ကူးလက်ဆောင်ကို ပေးခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွင်းကာလ နှင်းငွေ့လေးတွေ ဝေ့နေတဲ့ အေးချမ်းတဲ့ နံနက်ခင်းမှာပါ။ နေရာကတော့ ရန်ကုန် စက်မှုတက္ကသိုလ်ဆရာများရိပ်သာက အိမ်မှာဖြစ်ပါတယ်။ ဒီအိမ်က ကျွန်တော်တို့အစ်ကိုကြီး ကထိကအဖြစ် ရရှိနေထိုင်ရတဲ့ အိမ် ဖြစ်ပါတယ်။

ရန်ကုန်အရှေ့ပိုင်း ၄၆ လမ်း အစိုးရအရာရှိများရိပ်သာက အိမ်ကိုတော့ ကျွန်တော့်ဖေဖေ အစိုးရအလုပ်က အငြိမ်းစားခံယူတာမို့ သက်ဆိုင်ရာကို ပြန်အပ်ပြီး အစ်ကိုကြီးအိမ်မှာ နေကြပါတယ်။

ဖေဖေဟာ ကျွန်တော့်ကို သူ့ဘေးနားကိုခေါ်ပြီး "သားကို ဖေဖေ ရှေ့နှစ်အတွက် နှစ်သစ်ကူးလက်ဆောင် ကြိုပေးမယ်။ လက်ဆောင်ကတော့ ဒီဆုတောင်းမေတ္တာပဲ" လို့ပြောပြီး အင်္ဂလိပ်စာနဲ့ရေးထားတဲ့ စာရွက်လေးကို ပြပါတယ်။

နောက် ဖေဖေဟာ ဒီဆုတောင်းစာလေးကို အစအဆုံး သူကိုယ်တိုင်ဖတ်ပြပါတယ်။ ပြီးတော့ စာရွက်လေးကို ကျွန်တော့်ကိုပေးပြီး . . .

"ကဲ သားကိုယ်တိုင် ဖေဖေ့ကို အသံထွက်ဖတ်ပြပါဦး" လို့ပြောပါတယ်။

အဲဒီ ဆုတောင်းစာလေးကတော့ . . .



**PRAYER OF ST. FRANCIS**

O Lord, make me an instrument of your peace;
Where there is hatred, let me sow love,
Where there is injury... pardon,
Where there is doubt... faith,
Where there is despair... hope,
Where there is darkness... light,
Where there is sadness... joy.

O Master, grant that I may seek
Not so much to be consoled... as to console,
To be understood... as to understand,
To be loved... as to love,
for
It is in giving that we receive;
It is in pardoning that we are pardoned,
And it is in dying that we are born to eternal life.

*St. Francis of Assisi*

ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဖေဖေခိုင်းသလို ဖတ်ပြလိုက်ပါတယ်။ အစပိုင်းကို နားလည်ပေမယ့် အဆုံးပိုင်းကို သိပ်နားမလည်ခဲ့ပါဘူး။ ဒါပေမယ့် ရင်ထဲ၊ နှလုံးသားထဲမှာ ငြိမ်သက်သွားမှု၊ အေးချမ်းသွားမှု ရရှိခဲ့ပါတယ်။ ခွန်အားလည်း ရရှိခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကျွန်တော့်ကိုပြောပါတယ်။ စိန့်ဖရန့်စစ်အစီစီဆိုတာ အီတလီနိုင်ငံ ကုန်သည်ကြီးမိသားစုက ဖြစ်တယ်။ ခရစ်နှစ် ၁၁၈၂ နှစ်က မွေးဖွားခဲ့ရပြီး အသက် ၂၀ ကျော်အရွယ်မှာပင် ချမ်းသာကြွယ်ဝမှုအားလုံးကို စွန့်လွှတ်ခဲ့ပါတယ်။ မွဲခြောက်ခြောက်ဝတ်ရုံနှင့် ခါးစည်းကြိုးတစ်စုံကိုသာ ဝတ်ဆင်ပြီး အများအကျိုးအတွက် အရာရာကို စွန့်လွှတ်ကာ ဘုရားသခင်နိုင်ငံတော်အတွက် အစေခံခဲ့သူဖြစ်ကြောင်း ပြောပြပါတယ်။ နောက် ဖေဖေက ကျွန်တော့်ပခုံးကိုဖက်ပြီး ဆက်ပြောပါတယ်။

"သား ဒီဆုတောင်းစာလေးကိုဖတ်ပြီး သားနားလည်သလို မြန်မာဘာသာပြန်ပြီး ဖေဖေ့ကို ပြောပြပါဦး" လို့ ပြောပါတယ်။

ကျွန်တော်လည်း ချက်ချင်းပဲ ကျွန်တော်နားလည်သလို မြန်မာလို ပြန်ပြောခဲ့ပါတယ်။

အဲဒီလို မြန်မာဘာသာပြန်ပြီး ပြောခဲ့တာလေးကို ပြန်ရေးပြရရင်တော့ . . .



**အဖဘုရားသခင်**

ကိုယ်တော်၏ ငြိမ်းချမ်းရေးအမှုတော်ဆောင် ဖြစ်စေတော်မူပါ။

- မုန်းတီးခြင်းကို ချစ်ခြင်း ဖြင့်၊
- ထိခိုက်ပြစ်မှားခြင်းကို ခွင့်လွှတ်ခြင်း ဖြင့်၊
- ယုံမှား သံသယဖြစ်ခြင်းကို ယုံကြည်ခြင်း ဖြင့်၊
- စိတ်ပျက်အားငယ်ခြင်းကို မျှော်လင့်ခြင်း ဖြင့်၊
- အမိုက်မှောင်ကို အလင်း ဖြင့်၊
- ကြေကွဲဝမ်းနည်းခြင်းကို ဝမ်းမြောက်ရွှင်လန်းခြင်းဖြင့် တုံ့ပြန်နိုင်ရန် ကျွန်တော်တို့အား ခွန်အားကျေးဇူးတော်များ ပေးသနားတော်မူပါ၊

**အို အဖဘုရားသခင် . . .**

ကျွန်တော်တို့သည် သူတစ်ပါး၏ နှစ်သိမ့်အားပေးခြင်းကို ရရန် ရှာဖွေခြင်းထက် **ကျွန်တော်တို့က သူတစ်ပါးတို့အား နှစ်သိမ့်အားပေးနိုင်ရန် ကြိုးစားခြင်း၊**

ကျွန်တော်တို့အပေါ် သူတစ်ပါးတို့က သိတတ် နားလည်ခွင့်လွှတ်ပေးခြင်းကို ရရန်ရှာဖွေခြင်းထက် **ကျွန်တော်တို့က သူတစ်ပါးတို့အပေါ် သိတတ်နားလည်ခွင့်လွှတ်ပေးနိုင်ရန် ကြိုးစားခြင်း၊**

ကျွန်တော်တို့သည် သူတစ်ပါးတို့ထံမှ ချစ်ခြင်းမေတ္တာရရန် မျှော်လင့်နေခြင်းထက် **ကျွန်တော်တို့က သူ**

www.burmeseclassic.com

www.burmeseclassic.com



**တစ်ပါးတို့အား ချစ်ခြင်းမေတ္တာ မျှဝေပေးနိုင်ရန် ကြိုးစားခြင်း တို့ကို ပြုနိုင်ရန် ကျွန်တော်တို့အား ခွန်အားကျေးဇူးတော်များ ပေးသနားတော်မူပါ။**

ဟုတ်ပါတယ်၊ အပေါ်က စာကြောင်းရေ (၁၂) ကြောင်းကို ကျွန်တော် မြန်မာလိုပြန်ဆိုနိုင်ခဲ့ပေမယ့် ကျန်တဲ့ အောက်ဆုံးက (၃) ကြောင်းကို မြန်မာလို ဘယ်လိုပြန်ဆိုရမယ်မှန်း မသိသလို အဓိပ္ပာယ်ကိုလည်း ကောင်းကောင်း သဘောမပေါက်ခဲ့ပါဘူး။

ဖေဖေဟာ ကျွန်တော့်ပခုံးကို ပိုပြီးတင်းတင်းကျပ်ကျပ် ဖက်လိုက်ပြီး . . .

"ဟုတ်တယ်သား၊ သားက ခုမှ တက္ကသိုလ် ပထမနှစ်ပဲ တက်နေတုန်း၊ အသက်ကလည်း ငယ်သေးတော့ ခုချက်ချင်း နားလည်ဖို့ ခက်နေတာပေါ့"

ကျွန်တော်ဟာ ဖေဖေ့ကိုစိုက်ကြည့်နေပြီး စဉ်းစားနေပါတယ်။ ဒါပေမယ့် ဆိုလိုတဲ့အဓိပ္ပာယ်ကို တွေးမရခဲ့ပါဘူး။

ဖေဖေဟာ ကျွန်တော့်ကို အိမ်ရှေ့က ခြံထဲကို လက်ညှိုးထိုးပြပါတယ်။ အဲဒီမှာ ကျွန်တော့်အရပ်လောက် အမြင့်ရှိတဲ့ သရက်ပင်လေးကို တွေ့ရပါတယ်။

ဖေဖေက ကျွန်တော့်ကို ပြောပါတယ်။



"သား၊ It is in giving that we receive ဆိုတာက... သား မှတ်မိသေးတယ် မဟုတ်လား။ လွန်ခဲ့တဲ့ (၂) နှစ်လောက် သင်္ကြန်တွင်းမှာတုန်းက မန္တလေးကပို့ပေးတဲ့ အောင်ဒင်သရက်သီးတွေထဲက သရက်စေ့တစ်စေ့ကို သား တွင်းတူးပြီး စိုက်ခဲ့တယ် မဟုတ်လား"

ဖေဖေက တည့်တည့်ပြောတော့ ကျွန်တော် ရေးရေးမြင်လာခဲ့ပါပြီ။ ဖေဖေက ဆက်ပြောပါတယ်။

"နောက် (၃) နှစ်လောက်ဆို ဒီသရက်ပင်လေးက အသီးတွေ စ သီးတော့မယ်။ သားက မြေကြီးကို စပြီးပေးခဲ့တာက သရက်စေ့တစ်စေ့တည်း။ ဒီမြေကြီးက သားတို့ကို ပြန်ပေးမှာက တစ်နှစ် တစ်နှစ် သရက်သီးတွေ အများကြီး၊ နှစ်ပေါင်းများစွာ ပေးမှာ"

ဖေဖေဟာ ဒီတစ်ကြိမ်မှာတော့ မပြောစဖူး အသေးစိတ် ကျွန်တော့်ကိုရှင်းပြနေလို့ ကျွန်တော်ဟာ ဖေဖေ့ကို အံ့သြစွာနဲ့ ငေးကြည့်နေမိပါတယ်။

နောက် ဖေဖေဟာ ကျွန်တော့်ကို စိုက်ကြည့်ပြီး . . .

"ကဲ သား၊ အခု ဒါကို သားနားလည်သွားပြီဆိုတော့ It is in pardoning that we are pardoned ကိုရော" လို့ မေးပါတယ်။ ကျွန်တော်ဟာ ဖေဖေ့ကို ခေါင်းညိတ်ပြီး

"ဟုတ်ကဲ့ဖေဖေ၊ ကျွန်တော် နည်းနည်းတော့ သဘောပေါက်ပါပြီ။ ကျွန်တော်ဟာ သူငယ်ချင်းတစ်ယောက်ကို ဒေါသဖြစ်နေရင် ဒေါသဟာ ကြိုးတစ်ချောင်းပဲ။ သူ့ကို ကြိုး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ချည်နှောင်ထားတာပဲ”

ဖေဖေဟာ ကျွန်တော့်ကို ပြုံးပြီး ကြည့်နေပါတယ်။ ဘာမှတော့ မပြောပါဘူး။ ကျွန်တော်က ဆက်ပြီး . . .

“ဒါပေမယ့် ဒီကြိုးဟာ သူ့ကိုသာ မဟုတ်ဘူး၊ သားကိုပါ သူနဲ့ပူးတွဲပြီး ချည်ထားတာပါ၊ ဒါကြောင့် သူ့ကို ခွင့်လွှတ်လိုက်နိုင်ရင်၊ ကြိုးဖြေပေးလိုက်နိုင်ရင် သားလည်း ကြိုးနဲ့ လွတ်သွားမှာ၊ ဒေါသတွေ ပြေငြိမ်းသွားမှာပေါ့နော်။ ဟုတ်တယ်မဟုတ်လား ဖေဖေ” လို့ ပြောလိုက်ပါတယ်။

ဖေဖေက ပြုံးပြီး ကျွန်တော့်ကို ကြည့်ကာ . . .

“တစ်ဝက်ပဲ မှန်သေးတယ်။ ဒါကို သိရုံမကသေးဘဲ ကိုယ်တိုင် ကျင့်သုံးတဲ့အခါမှ အားလုံးမှန်မှာ” လို့ပြောပါတယ်။

ဒီတော့ လူဆိုးလေး ကျွန်တော်က ကွန့်လိုက်ပါတယ်။

“ဒါတော့ ဖေဖေရာ ကြိုးဖြေတာဆိုတော့ အချိန်အတိုင်းအတာတစ်ခုတော့ လိုမှာပေါ့နော်”

ဖေဖေက ကျွန်တော်ပြောလိုက်တဲ့စကားကို

“သားရယ်၊ အချိန်အတိုင်းအတာတစ်ခုဆိုပေမယ့် သားလုပ်ဖြစ်အောင် လုပ်မှာ ဖေဖေယုံတယ်” လို့ ပြောပြီး ကျွန်တော်တို့သားအဖနှစ်ယောက် အားပါးတရ ရယ်လိုက်ကြပါတယ်။

နောက် ကျွန်တော်က ဆက်ပြီး . . .

“ဖေဖေ၊ It is in dying that we are born to eternal



life. ဆိုတာကိုတော့ သားနားမလည်ဘူး” လို့ ပြောလိုက်မိပါတယ်။

ပြုံးရယ်နေတဲ့ ဖေဖေ့မျက်နှာဟာ ရုတ်တရက်တည်သွားပါတယ်။ နောက် မှိုင်သွားပါတယ်။ နောက်တော့ ကျွန်တော့်ကို တင်းတင်းကျပ်ကျပ်ဖက်လိုက်ပြီး

“သားက အခု အသက်ငယ်ပါသေးတယ်၊ တစ်ချိန်မှာ သားနားလည်လာမှာပါ ဒါပေမယ့် သားက ဉာဏ်ကောင်းတယ်၊ ဒါကြောင့် သား အခုသိချင်ရင်” လို့ဆိုပြီး သရက်ပင်လေးကို လက်ညှိုးထိုးပြကာ . . .

“သား၊ ဒီသရက်ပင်လေးကို စိုက်တုန်းက သရက်ပင်လေးပေါက်လာတာကို ပြန်တွေးကြည့် သားလေး” လို့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောခဲ့ပါတယ်။

ဒီဇင်ဘာလ (၃) ရက်နေ့၊ ၁၉၆၅ ခု၊ သောကြာနေ့မှာ ဖေဖေဟာ ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက်ဆေးကုသမှု ခံယူခဲ့ရပါတယ်။

ဒီဇင်ဘာလ (၅) ရက်နေ့၊ ၁၉၆၅ ခု၊ တနင်္ဂနွေနေ့မှာ ဖေဖေဟာ ကျွန်တော်တို့မေမေ၊ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်စု၊ ဖေဖေသိပ်ချစ်ရတဲ့ မိသားစုကို ထားခဲ့ပြီး ထာဝရထွက်ခွာသွားပါတယ်။

နှောင်တစ်ချိန် လအတန်ကြာပြီးခဲ့တဲ့အခါ သရက်ပင်လေးကို ကြည့်မိတဲ့အချိန်မှာ ကျွန်တော်ဟာ ဖေဖေပြောခဲ့တာလေးကို သဘောပေါက် နားလည်ခဲ့ပါတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်၊ ကျွန်တော်ဟာ အဲဒီတုန်းက မြေကြီးထဲမှာ စိုက်ခဲ့တာက သရက်စေ့လေးပါ။ သရက်ပင်လေး အညှောက်စထွက်လာတဲ့အခါ သရက်စေ့လေးဟာ ကွဲထွက်ကျိုးပဲ့သွားခဲ့ပါတယ်။ နောင် အပင်လေး ကြီးတဲ့အခါ သရက်စေ့လေးဟာ မရှိသလောက် ဖြစ်သွားပါတယ်။

ခုအချိန် ဒီသရက်ပင်ကို တွေ့နေရတဲ့လူတွေဟာ ဒီသရက်ပင်ကြီးကို တွေ့နေရပေမယ့် ဒီအပင်ကို ဖြစ်လာစေတဲ့ သရက်စေ့ကို မြင်ခဲ့ဖူးသူ မရှိသလောက် ဖြစ်နေပါပြီ။ တွေးမိသူလည်း ရှိမှာမဟုတ်ပါဘူး။ ဒါပေမယ့် ဒီသရက်ပင်ကြီးဟာ အဲဒီသရက်စေ့လေးနဲ့ ဆက်ကို ဆက်နွှယ်နေပါတယ်။

ကျေးဇူးတင်ပါတယ်ဖေဖေ။

*Thank a Lots, Dad, because of your teaching I dare to face the death; at any day, any time; without fear, without sorrow.*


ဖေဖေ၏ မေတ္တာကျေးဇူးများကို
ထာဝစဉ်အောက်မေ့သတိရလျက်
**ကိုကိုမောင်** (GE.M)

BURMESE CLASSIC .com

ကျွန်တော့်

# **ဖေဖေ** နှင့်

# ဖခင်တစ်ဦး၏ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်ဖေဖေနှင့် ဖခင်တစ်ဦး၏ဆုတောင်း

ကျွန်တော့်ဖေဖေသည် ကျွန်တော့်ကို တစ်နှစ်သော သင်္ကြန်ရက်တွင် အနားသို့ခေါ်ကာ စာရွက်လေးတစ်ရွက်ပေး ပြီး . . .

"သား ဒါလေးကို ဖတ်၊ နောက် သားနားလည်သလို ဖေဖေ့ကို ပြန်ပြောပြ။ သားနားမလည်တဲ့နေရာကို ဖေဖေ ထပ်ရှင်းပြပေးမယ်"ဟုပြောပါသည်။

ဖေဖေပေးသော စာရွက်လေးမှာ

A Father's Prayer

Build me a son, O Lord, who will be strong enough to know when he is weak, and brave enough to face himself when he is afraid; one who will be proud and unbending in honest defeat, and humble and gentle in victory.

Build me a son whose wishbone will

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



not be where his backbone should be; a son who will know Thee and that to know himself is the foundation stone of knowledge.

Lead him, I pray, not in the path of ease and comfort, but under the stress and spur of difficulties and challenge. Here let him learn to stand up in the storm; here let him learn compassion for those who fail.

Build me a son whose heart will be clear, whose goal will be high; a son who will master himself before he seeks to master other men; one who will learn to laugh, yet never forget how to weep; one who will reach into the future, yet never forget the past.

And after all these things are his, add, I pray, enough of a sense of humor, so that he may always be serious, yet never take himself too seriously. Give him humility, so that he may always remember the simplicity of true greatness, the open mind of true wisdom, the meekness of true strength.



Then I, his father, will dare to whisper,
"I have not lived in vain."

*General Douglas Mac Arthur*
*(1880-1964)*

ဖြစ်ပါသည်။

ကျွန်တော် အကြိမ်ကြိမ်ဖတ်ပါသည်။ နားလည်သဘောပေါက်အောင် ကြိုးစားပါသည်။ နောက် ကျွန်တော် နားလည်သလောက် ဖေဖေ့ကို ပြန်ပြောပြခဲ့ပါသည်။

"ဖေဖေ ဗိုလ်ချုပ်ကြီး မက်အာသာက သူ့သားကို ကိုယ်စားပြုပြီး ကမ္ဘာပေါ်မှာရှိတဲ့ လူငယ်တွေအားလုံးကို သူဖြစ်စေချင်တဲ့၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပုံစံကို လူငယ်တွေသိအောင် ဘုရားသခင်ထံ ဆုတောင်းခြင်းအားဖြင့် လူငယ်တွေကို ပြောပြနေပါတယ်"

ဖေဖေက ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေပါသည်။ ဖေဖေ့မျက်နှာက 'ပြောမှာသာပြောလေ သား' ဟု အဓိပ္ပာယ်ဆောင်နေပါသည်။ ကျွန်တော် ဆက်ပြောပါသည်။

"ဘုရားသခင်ထံ သူ ဆုတောင်းတဲ့သားဟာ လူဆိုတာ အားနည်းချက်တွေ ရှိတတ်တယ်။ ဒီလိုပဲ သူ့ရဲ့သားမှာလည်း အားနည်းချက်တွေ ရှိမှာပဲ။ ဒါကို သူက သူ့မှာ ဘယ်လိုနေရာတွေမှာ အားနည်းနေတယ်ဆိုတာ သိရမယ်။ ပြီးရင် သူ့မှာ ဒီနေရာတွေကတော့ အားနည်းနေတယ်ဆိုတာကို ရှက်ကြောက်ဖုံးကွယ်မထားဘဲ လက်ခံနိုင်တဲ့ စိတ်ဓာတ်အင်အား

www.burmeseclassic.com

www.burmeseclassic.com



ရှိရပါမယ်။ ဟုတ်လား ဖေဖေ"

"ဒါပဲလား သား" ဟု ဖေဖေက မေးပါသည်။

"ဟင် ဘာလဲဖေဖေ"

ဖေဖေက ကျွန်တော့်ကို လှမ်းဖက်ပြီး ပြောပါသည်။

"သားမှာ ဒါတွေ ဒါတွေ အားနည်းနေတယ်ဆိုတာကို သိလည်းသိပြီးပြီ၊ နောက် ဒါကိုလက်ခံနိုင်တဲ့ စိတ်ဓာတ်အင်အားလည်း ရှိပြီးရင်လည်း မပြီးသေးဘူး သား။ ဒါကို ပျောက်ပျက်သွားအောင်၊ အားနည်းချက်ကို အားသာချက်ဖြစ်အောင် ကြိုးစားရမယ်"

ကျွန်တော်သည် ဖေဖေပြောတာကို စဉ်းစားနေပါသည်။ နောက် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး . . .

"ဟုတ်ကဲ့ပါ ဖေဖေ" လို့ ပြန်ပြောလိုက်ပါသည်။ ကျွန်တော့်ရဲ့ ဟုတ်ကဲ့နောက်မှာ ပါ တစ်လုံးပါသွားတာကို ဖေဖေက သတိထားလိုက်မိတာကို ကျွန်တော်ကလည်း သတိထားလိုက်မိပါသည်။ ဒါကြောင့် ကျွန်တော် ရှက်ပြုံးလေး ပြုံးလိုက်မိပါသည်။

ဖေဖေကလည်း ပိုပြီးပြုံးပြီး ကျွန်တော့်ကို တည့်တည့်မျက်လုံးချင်းကြည့်ကာ ပြောပါသည်။

"သား သေသေချာချာနားထောင်၊ အရေးကြီးတာကို ဖေဖေပြောပြမယ်။ လူဟာ ကိုယ့်မှာ ဘာအားနည်းနေတယ်ဆိုတာကို သိရမယ်။ ဒါကို လက်ခံနိုင်တဲ့ စိတ်ဓာတ်အင်အား (Strong enough to know when he is weak)



ရှိရမယ်။ ဒီအားနည်းချက်ကို ပျောက်သွားအောင် ကြိုးစားရမယ်။ အားသာချက်ဖြစ်အောင် ကြိုးစားရမယ်။ ဖေဖေပြောတာက ကြိုးစားရမယ် ပြောတာပါ၊ ဖြစ်ကို ဖြစ်ရမယ်လို့ ပြောတာမဟုတ်ပါဘူး"

ဖေဖေက ကျွန်တော့်ကို ပြုံးပြီးကြည့်နေပါသည်။ ကျွန်တော်ကလည်း ပြုံးမြဲ ပြုံးနေပါသည်။ ဒါပေမဲ့ အခုအပြုံးမှာ လက်(လင်းလက်)နေမှာ သေချာပါသည်။

"လူဟာ ကြိုးစားတိုင်း အောင်မြင်သလို မအောင်မြင်တဲ့ အကြိမ်တွေ၊ အကြောင်းအရာတွေ ရှိနေပါတယ်။ ဒါပေမယ့် ကိုယ်ကြိုးစားခဲ့ရင် အောင်မြင်နိုင်တဲ့ ကိစ္စတစ်ခုကို ကိုယ်မကြိုးစားမိခဲ့လို့ မအောင်မြင်ခဲ့ရင် ဘယ်လောက် ဝမ်းနည်းစရာကောင်းမလဲ သား။ ဒီတော့ သား၊ ကိုယ်ကြိုးစားစရာရှိတာ ကြိုးစားဖို့က ကိုယ့်တာဝန်ပဲ။ နောက်အရေးကြီးတာက ကိုယ်ကြိုးစားနေလျက်နဲ့ မအောင်မြင်သေးရင် စိတ်ဓာတ်မကျပါနဲ့၊ ဝမ်းမနည်းပါနဲ့၊ စိတ်မပျက်ပါနဲ့"

နောက် ဖေဖေက မေးပါသည်။

"အဲဒီတော့ သား ဘာဆက်လုပ်မလဲ"

ကျွန်တော် ကြောင်နေပါသည်။ ဖေဖေ ဘာကိုဆိုလိုမှန်း မဖမ်းဆုပ်နိုင်ဖြစ်နေပါသည်။ ဒါကြောင့် ဖေဖေ ဘာဆက်ပြောမလဲဆိုတာကို နားစိုက်ထောင်နေမိသည်။

ဖေဖေက ပြောပါသည်။

"သား အခုလို ကိုယ့်အားနည်းချက်ကို အားသာအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေသလို တခြားတစ်ခုကိုလည်း ကြိုးစားနေရမယ်။ အထူးသဖြင့် ကိုယ့်အားသာချက်တစ်ခုကို ပိုပြီး အားသာအောင် ကြိုးစားရမယ်'

မေမေပြောတာကို ကျွန်တော်သည် သိသလိုတော့ ရှိပါသည်။ ဒါပေမယ့် နားမလည်သလိုဖြစ်နေပါသည်။ ဒါကိုသိတဲ့ မေမေက ကျွန်တော့်ကို အနားပိုနီးအောင် ဖက်လိုက်ကာ . . .

"သား ကျောင်းအားကစားမှာ ဘောလုံးကစားတာ အားနည်းတယ်မဟုတ်လား"

ကျွန်တော်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်ပါသည်။ တစ်ချိန်တည်းမှာ မေမေဆက်ပြောမှာကို သိသလိုရှိလို့ ပြုံးမဲ့မဲ့ဖြစ်သွားပါသည်။

"မေမေက သားကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ သားကို မေမေသိပါတယ်။ သားဟာ Team worker (စုပေါင်းလုပ်တတ်သူ) မဟုတ်ဘူး။ သားစိတ်ဓာတ်ဟာ Freelancer (တစ်ကိုယ်တော်သမား)မျိုး။ ဒါကြောင့် သားဟာ Badminton (ကြက်တောင်ရိုက်) ကစားတာ ဝါသနာပါတယ်။ ဒီဘက်ကို ပိုပြီး အားသာအောင် ကြိုးစားသလို Team worker စိတ်ဓာတ်ရှိလာအောင်လည်း ကြိုးစားနေပါသား"

ကျွန်တော်ဟာ မေမေ့ကို လေးစားချစ်ခင်စွာ ကြည့်နေမိပါသည်။ ဒါပေမယ့် မေမေက ကျွန်တော့်ရဲ့လက်ကို ပိုမိုတင်း



ကျပ်စွာဆုပ်ကိုင်ပြီး ဆက်ပြောပါသည်။

"သား Badminton ကစားတိုင်း မေမေရှိနေရင် သားကစားတာကို မေမေ ဂရုတစိုက်ကြည့်ခဲ့တယ်။ များသောအားဖြင့် သားဟာ တစ်ဖက်လူကို ဖြတ်မရိုက်ဘူး၊ ခုတ်မရိုက်ဘူး၊ ကြက်တောင်လေးဟာ လေထဲမှာ ပျံဝဲနေရင် သားမျက်လုံးဟာ ပျော်ပြုံးနေတာပဲ။ သားဟာ အနိုင်အရှုံးထက် ကစားနေရရင် ပျော်နေတဲ့လူစားမျိုး။ ဒါဟာ အားကစားသမားစိတ်ဓာတ်ပါ။ ကောင်းတဲ့စိတ်ဓာတ်ပါ။ နောက်ပြီး Social worker (လူမှုရေးသမား) စိတ်ဓာတ်ပါ"

နောက် မေမေဟာ ကျွန်တော့်ကို ရှေ့သို့ အနည်းငယ်တွန်းလိုက်ပြီး ကျွန်တော့်မျက်လုံးကို သေသေချာချာကြည့်လိုက်ပြီး ပြောပါသည်။

"မေမေ ဒီစိတ်ဓာတ်လေးကို သိပ်ချစ်တယ်၊ သားတစ်သက်လုံး ဒီစိတ်ဓာတ်လေးကို ထားသွားနိုင်မယ်၊ ထိန်းသိမ်းထားနိုင်မယ်လို့ မေမေ ယုံကြည်တယ် သား"

လို့ ပြောပါသည်။

ဒီအချိန်မှာ ကျွန်တော်ဟာ မေမေ့ကို မြတ်နိုး၊ ကြည်ညိုစွာခံစားရတာကြောင့် ကျွန်တော်၏မျက်လုံးထဲမှာ မျက်ရည်တွေ ဝေ့ဝဲလာပြီး မေမေ၏ပါးကို အားပါးတရ ဖက်နမ်းမိလိုက်ပါသည်။ ပူနွေးတဲ့မျက်ရည်များဟာ မေမေနှင့် ကျွန်တော့် ပါးနှစ်ဖက်မှာ စီးဆင်းလာပါသည်။

*ကျေးဇူးတင်ပါတယ်မေမေ။ သားရဲ့အားနည်း*

www.burmeseclassic.com

www.burmeseclassic.com



ချက်များကို ညွှန်ပြသွန်သင်ပြီး ပြုပြင်နိုင်ရန် ညွှန်ပြလမ်းညွှန်ခဲ့တာတွေ၊ ကောင်းမွန်တဲ့အချက်လေးကို ဖော်ပြပြီး ဆက်လက်ပြုနိုင်ရန် ခွန်အားများပေးတာတွေ၊ အမှားနဲ့အမှန်ကို သိရှိခွဲခြားနိုင်ပြီး အမှန်တရားကိုသာမကော ခွင့်လွှတ်ခြင်း၊ ချစ်ခြင်းများစွာနဲ့ သမ္မာတရားကို သိရှိပြုမူလုပ်ဆောင်ဖို့ သင်ကြားပေးခဲ့တဲ့ ဖေဖေ့ကျေးဇူးများကို ထာဝစဉ် အောက်မေ့သတိရနေပါတယ်ဖေဖေ။


**ကိုကိုမောင်** (GE.M)

<u>ဝန်ခံချက်</u>

*[Family မိသားစုမဂ္ဂဇင်း June 2006 ထုတ်မှာ Father's Day (ဖခင်များနေ့) အတွက် ဆောင်းပါးရေးရန် ဖေဖေ့ရဲ့မေတ္တာ၊ ကျေးဇူးများကို အောက်မေ့သတိရပါသဖြင့် ဖေဖေ တစ်ချိန်က ပြောကြား၊ သင်ကြားပေးခဲ့သည်များကို ရေးသားမိလိုက်ပါသည်။ ယခုဆောင်းပါးသည် ပြီးဆုံးပြီဟု ပြောနိုင်သလို မပြီးဆုံးသေးဟုလည်း ပြောနိုင်ပါသည်။ ဆက်လက်ရေးသားနိုင်ရန် ကြိုးစားပါမည်။]*

ကျွန်တော့်

# ဖေဖေ နှင့် သင်းအုပ်ဆရာ (၂)



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် သင်းအုပ်ဆရာ (၂)

*ကျွန်တော်သည် အတွေးသစ်ဂျာနယ် လေးနှစ်မြောက် (၂-၈-၂၀၀၄) ရက်နေ့ထုတ် အမှတ်စဉ် (၁၉၅) တွင် ကမ္ဘာ အရှေ့တိုင်း အိန္ဒိယနိုင်ငံမှ သာသနာအမှုဆောင် သင်းအုပ် ဆရာတစ်ပါးအကြောင်းကို ရေးသားဖော်ပြခဲ့မှုးပါသည်။*

*ယခု ခြောက်နှစ်မြောက် အတွေးသစ်ဂျာနယ် အမှတ်စဉ် (၃၀၀) ပြည့်တွင်လည်း ကျွန်တော့်ဖေဖေပင် ပြောပြခဲ့သည့် သင်းအုပ်ဆရာတစ်ပါးအကြောင်းကို ရေးသားလိုပါသည်။*

ယခု သင်းအုပ်ဆရာမှာ အရှေ့တိုင်းနိုင်ငံမှမဟုတ်ဘဲ တောင်အမေရိကတိုက်၊ လက်တင်အမေရိကနိုင်ငံမှ သင်းအုပ်ဆရာတစ်ပါးဖြစ်သည်။ ကျေးလက်မှ သင်းအုပ်ဆရာ ဖြစ်ပြီး အလွန်ရိုးသားသည်၊ စကားကို အပိုအလိုမရှိ ပြောတတ်ပြီး သမ္မာကျမ်းစာနှင့်အညီ ပြုမူနေထိုင်တတ်သူဖြစ်သည်။ သင်းအုပ်ဆရာ ထိုသို့နေထိုင်ပြုမူသည်ကို မကြိုက်သူအချို့ရှိသည်။

အထူးသဖြင့် အမျိုးသမီးကြီးတစ်ဦးသည် သင်းအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာက သူ့ကို မှန်မှန်ဆက်ဆံပြောဆိုသည်ကို မကျေမနပ်ဖြစ်နေသည်။ တစ်ကြိမ်တွင် သူသည် သင်းအုပ်ဆရာကို အကြီးအကျယ်စိတ်ဆိုးသွားပြီး သင်းအုပ်ဆရာ၏ နောက်ကွယ်၌ သင်းအုပ်ဆရာ မကောင်းကြောင်း မဟုတ်မမှန် လုပ်ကြံပြောဆိုခဲ့သည်။ လူတွေက သင်းအုပ်ဆရာကို အထင်လွဲသွားအောင်၊ ဆန့်ကျင်သွားအောင် ပြောဆိုခြင်းဖြစ်သည်။

သို့ရာတွင် အချိန်ကာလတစ်ခု ရောက်လာသည့်အခါ ထိုအမျိုးသမီးကြီးသည် သူပြုခဲ့သည့်အမှားအတွက် နောင်တရပြီး ဝမ်းနည်းကြေကွဲလာသည်။ နောက်ဆုံးတွင် သူသည် ခံနိုင်ရည်မရှိတော့ဘဲ သင်းအုပ်ဆရာထံသွား၍ သူပြုမိခဲ့သည့် အမှားများ၊ အပြစ်များကို ခွင့်လွှတ်ပေးဖို့ ဝန်ချတောင်းပန်သည်။

သင်းအုပ်ဆရာက အမျိုးသမီးကြီးကို ဘာမျှပြန်မပြောဘဲ အကြာကြီးကြည့်နေသည်။ အတွေးထဲတွင် နစ်မြုပ်ပြီး ဘုရားသခင်ထံမှာ ဆုတောင်းနေသည်ဟု ထင်ရသည်။ နောက်မှ သင်းအုပ်ဆရာက ထိုအမျိုးသမီးကြီးကို . . .

"ကောင်းပြီ... ကျွန်တော် ခင်ဗျားကို ခွင့်လွှတ်ပါ့မယ်။ ဒါပေမယ့် ခင်ဗျား ကျွန်တော့်အတွက် အရင်ဆုံး အလုပ်တစ်ခု လုပ်ပေးရမယ်" ဟုပြောသည်။ အမျိုးသမီးကြီးသည် အလွန် အံ့အားသင့်သွားပြီး . . .

"ကျွန်မ ဘာလုပ်ပေးရမလဲ၊ အင်းလေ . . . ဘာပဲဖြစ်ဖြစ် ကျွန်မ လုပ်ပေးပါမယ်" ဟု ပြန်ပြောလိုက်သည်။



"ကောင်းပြီ၊ ဒါဆို ကျွန်တော်နဲ့အတူ ခေါင်းလောင်းစင်ပေါ် လိုက်ခဲ့ပေတော့။ အင်း . . . ဒါပေမဲ့ ကျွန်တော့်အခန်းထဲမှာ ပစ္စည်းတစ်ခု ဝင်ယူရဦးမယ်" ဟု ပြောလိုက်သည်။

အမျိုးသမီးကြီးသည် အလွန်အံ့သြစိုးရိမ်သွားသော်လည်း သင်းအုပ်ဆရာကို ဘာမျှပြန်မပြောရဲ၊ မမေးရဲဘဲ သင်းအုပ်ဆရာနောက်သို့ လိုက်သွားရတော့သည်။

သင်းအုပ်ဆရာသည် သူ့အခန်းထဲက နှစ်ပေကျော်လောက်ရှိသည့် ငှက်မွေးခေါင်းအုံးကြီးကို ဝင်ယူပြီး ခေါင်းလောင်းစင်ပေါ်ကို တက်သွားသည်။ အမျိုးသမီးကြီးသည် စိုးရိမ်သည့်စိတ်၊ ရှုပ်ထွေးသည့်စိတ်၊ သိချင်သည့်စိတ် အားလုံးကိုထိန်းချုပ်ပြီး သင်းအုပ်ဆရာနောက်သို့ တိတ်ဆိတ်စွာလိုက်သွားခဲ့ရာ ဘုရားကျောင်း ခေါင်းလောင်းစင်ပေါ်ကို ရောက်သွားတော့သည်။

ခပ်ပြင်းပြင်းတိုက်နေသည့်လေသည် အကာအရံမရှိသည့် ခေါင်းလောင်းစင်၏ မြောက်ဘက်မှနေ၍ တောင်ဘက်အရပ်တွင်ရှိသည့် ရွာလေးဘက်ဆီသို့ ဦးတည်တိုက်ခတ်နေသည်။ သင်းအုပ်ဆရာသည် ရွာလေးဘက်သို့ ခပ်ငေးငေးကြည့်နေသည်။ ထို့နောက် ဘာမျှမပြောဘဲ ငှက်မွေးခေါင်းအုံးကို ဖြန်းခနဲဆွဲဆုတ်လိုက်ပြီး ငှက်မွေးတွေကို လေထဲသို့ သွန်ချလိုက်သည်။

ခပ်ပြင်းပြင်းတိုက်နေသည့်လေက ထိုငှက်မွေးတွေကို နေရာအနှံ့သို့ သယ်ဆောင်သွားတော့သည်။ လယ်ကွင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆီကို၊ ရွာထဲက အိမ်ခေါင်မိုးတွေပေါ်၊ လမ်းမကြီးတွေအပေါ်၊ စာသင်ကျောင်းတွေထဲကို၊ အိမ်ခန်းတွေထဲကို၊ အလုပ်ရုံတွေထဲကို... နောက် အဝေးပြေးကားလမ်းမကြီးအပေါ်၊ နောက် အဝေးပြေးလမ်းမကြီးပေါ်က ကားတွေအပေါ် ရောက်သွားပြီး အရပ်ရပ်ကို သယ်ဆောင်ရာသို့ ပါသွားလေတော့သည်။

သင်းအုပ်ဆရာနှင့် အမျိုးသမီးကြီးတို့သည် ငှက်မွေးလေးတွေ လွင့်မျောပါသွားသည်ကို အချိန်အတန်ကြာသည်အထိ ကြည့်နေကြသည်။ ထို့နောက် သင်းအုပ်ဆရာက အမျိုးသမီးကြီး၏ မျက်လုံးကို တည့်တည့်ကြည့်ပြီး တစ်လုံးချင်း အေးဆေးစွာပြောလိုက်သည်။

"အခု ခင်ဗျားသွားပြီး ကျွန်တော့်အတွက် ဒီငှက်မွေးလေးတွေကို တစ်ခုမကျန်အောင် ပြန်ကောက်ပေးပါ"

အမျိုးသမီးကြီးမှာ ရုတ်တရက်လန့်ဖျပ်သွားပြီး အကြောက်အကန် ငြင်းဆိုတော့သည်။

"ဟာ . . . ဆရာ၊ ဒါ . . . လုံးဝမဖြစ်နိုင်တဲ့ကိစ္စပါ"

"ဟုတ်တယ်၊ ကျွန်တော်သိတယ်" ဟု သင်းအုပ်ဆရာက ပြောသည်။ ဆက်ပြီး . . .

"ဒီငှက်မွေးလေးတွေဟာ ခင်ဗျားပြောခဲ့တဲ့ ကျွန်တော့် မကောင်းကြောင်းတွေပါပဲ။ ဒါတွေကို ခင်ဗျား အစပြုပြီး လွှင့်ထုတ်ခဲ့တယ်။ ခုတော့ ခင်ဗျားအမှားတွေကို နောင်တရလို့ ရပ်လိုက်တယ်။ ဒါပေမယ့် ခင်ဗျားလွှင့်ထုတ်ခဲ့တဲ့ ငှက်မွေးလေးတွေကတော့ ရပ်မနေဘူး။ ရောက်ရာအရပ်ကနေ



ဆက်လွှင့်နေမှာပဲ။ ခင်ဗျားကတော့ ခင်ဗျားပြောတာတွေဟာ မမှန်ပါဘူး၊ လိမ်ပြောနေတာဆိုတာကို လူဘယ်နှယောက်ကို လိုက်ရှင်းပြနိုင်မှာလဲ၊ ခင်ဗျားလိမ်ပြောခဲ့တာ လူပေါင်းဘယ်လောက်ဆီကို အဆင့်ဆင့်ရောက်သွားခဲ့ပြီးပြီဆိုတာကိုရော ခင်ဗျားကိုယ်တိုင် သိနိုင်ပါ့မလား" ဟု သင်းအုပ်ဆရာက မေးလိုက်သည်။

အမျိုးသမီးကြီးသည် ဘာမှပြန်မပြောနိုင်ဘဲ ဝမ်းနည်းကြေကွဲစွာဖြင့် သင်းအုပ်ဆရာကိုကြည့်ကာ ငိုရှိုက်နေတော့သည်။

နောက်ဆုံးတော့ သင်းအုပ်ဆရာက စကားတစ်ခွန်းကို အေးဆေးဖြည်းညင်းစွာ ပြောလိုက်သည်။

"ကျွန်တော်တို့ဟာ ကျွန်တော်တို့ ခြစ်လိုက်တဲ့ မီးခြစ်ဆံတစ်ဆံကို ငြိမ်းသတ်လိုက်နိုင်ပေမယ့် ဒီမီးခြစ်ဆံတစ်ဆံက စခဲ့တဲ့ တောမီးကိုတော့ ဘာမှမပျက်စီးစေဘဲ ငြိမ်းသတ်ဖို့ဆိုတာ ဘယ်လိုမှ မရနိုင်ပါဘူး"

ဟုတ်ပါသည်။ သည်ပုံပြင်လေးသည် ကျွန်တော့်မေမေက ကျွန်တော့်ကို တစ်ချိန်က ပြောပြလမ်းညွှန်ဆုံးမခဲ့သည့် ပုံပြင်လေးတစ်ပုဒ်ဖြစ်သည်။ ကျွန်တော်သည် လူသားဖြစ်သည်အလျောက် စိတ်ဆိုး၊ ဒေါသကြီးခဲ့သည့် အချိန်များရှိခဲ့ပါသည်။ စိတ်ဆိုးသည့်အလျောက်၊ ဒေါသကြီးသည့်အလျောက် တစ်ဖက်လူကို အနိုင်ယူရန် မကောင်းသော စိတ်ညစ်၊ စိတ်ညံ့များ ပေါ်လာခဲ့ဖူးပါသည်။ သို့ရာတွင် ထို

www.burmeseclassic.com


www.burmeseclassic.com



စိတ်ညစ်၊ စိတ်ညှုံ့များပေါ်သည့်အချိန်၌ ယခုဖော်ပြခဲ့သော ဖေဖေပြောပြခဲ့သည့် ပုံပြင်လေးကို သတိရမိလိုက်သော အခါ...

*ဖေဖေ၏ မေတ္တာကျေးဇူးများကို*
*ထာဝစဉ်အောက်မေ့သတိရလျက်*
**ကိုကိုမောင်** (GE.M)

ကျွန်တော့်
# **ဖေဖေ** နှင့်
# သင်္ချာဉာဏ်စမ်းပုစ္ဆာလေး




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် သချ်ာညာဏ်စမ်းပုစ္ဆာလေး

ယခု ဇန်နဝါရီလ၊ ၂၀၀၇ ခုနှစ်ထုတ် Family မိသားစု မဂ္ဂဇင်းသည် ၅ နှစ်ပြည့်မြောက် ဖြစ်သကဲ့သို့ အမှတ် ၆၀ ပြည့်မြောက်ထုတ်လည်း ဖြစ်ပါသည်။ ဒီအထူးထုတ်မဂ္ဂဇင်း အတွက် ဆောင်းပါးရေးရန် ကျွန်တော့်ဖေဖေ သင်ကြားပေး ခဲ့မှုကို ပြန်လည်သတိရမိပါသည်။

အဲဒီအချိန်က ကျွန်တော်သည် သတ္တမတန်းစာမေးပွဲ ဖြေဆိုပြီးခါစ အချိန်ဖြစ်ပါလိမ့်မည်။ ဖေဖေသည် ကျွန်တော့် ကို ဖေဖေတို့ ငယ်စဉ်ဘဝက အကြောင်းများကို ပြန်ပြောပြ နေရင်း ရုတ်တရက် . . .

"သား ဖေဖေနဲ့သား သချ်ာညာဏ်စမ်း ကစားရအောင်" လို့ ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သချင်္ချာတွက်ရန် ဝန်မလေးသော၊ ဉာဏ်စမ်းတွက်ရန် စိတ်အားထက်သန်လှသော ကျွန်တော်ကလည်း . . .

"တွက်မယ် ဖေဖေ၊ ပြော ဘာတွက်ရမလဲ" လို့ ပြန်ဖြေခဲ့ပါသည်။

ဖေဖေက ပြောပါသည်။

"သားနဲ့ဖေဖေ။ တစ်ယောက်တစ်လှည့်စီ ကိန်းဂဏန်းလေးတွေရေးရမယ်၊ ၁ ဂဏန်းကနေ ၁၀ ဂဏန်းအတွင်း ကြိုက်တဲ့ဂဏန်းတစ်လုံးကို ရွေးရမယ်၊ ပထမရေးတဲ့လူရေးတဲ့ ဂဏန်းအောက်မှာ ဒုတိယရေးတဲ့လူက ကြိုက်တဲ့ ဂဏန်းရေးသွားရမယ်၊ သားနားလည်လား" လို့ မေးပါသည်။

ကျွန်တော်ကလည်း . . .

"ဟုတ်ကဲ့ဖေဖေ၊ ပြီးတော့ရော" လို့ ပြန်မေးခဲ့ပါသည်။

ဖေဖေက ဆက်ပြီး . . .

"ဒီလိုသား၊ ခုလို တစ်လှည့်စီရေးရင်း ကိုယ်ကြိုက်တဲ့ ဂဏန်းရေးပြီး ပေါင်းလိုက်လို့ ၁၀၀ ရရင် အဲဒီလူ အနိုင်ရမယ်" လို့ ပြောပါသည်။

ကျွန်တော်ကလည်း "အစမ်းကစားကြည့်မယ် ဖေဖေ" လို့ နမူနာ အစမ်းကစားကြည့်ပါသည်။ "ကျွန်တော် စ ရေးမယ်"လို့ပြောကာ . . .



| | |
|---|---|
| ကျွန်တော်က | ၁ |
| ဖေဖေက | ၆ ကိုရေးပြီး |
| ပေါင်းရာ | ၇ ရပါသည်။ |
| ကျွန်တော်က | ၁၀ ကိုရေးပြီး |
| ပေါင်းရာ | ၁၇ ရပါသည်။ |
| ဖေဖေက | ၆ ကိုရေးပြီး |
| ပေါင်းရာ | ၂၃ ရပါသည်။ |
| ကျွန်တော်က | ၅ ကိုရေးပြီး |
| ပေါင်းရာ | ၂၈ ရပါသည်။ |
| ကျွန်တော်က | |

"ရပြီ ဖေဖေ၊ ကျွန်တော် နားလည်ပြီ၊ စ ကစားမယ်" လို့ပြောရာ ဖေဖေက . . .

"ကဲ သား စ ရေး" လို့ပြောပါသည်။ ကျွန်တော်ကလည်း "ဖေဖေ အရင် စ ရေးပါ" လို့ပြောရာ ဖေဖေက ၁၀ ဂဏန်းကို စ ရေးပါသည်။ ၁၀ ဂဏန်းအောက်မှာ ကျွန်တော်က ၅ ဂဏန်းကိုရေးပြီး ပေါင်းရာ ၁၅ ရပါသည်။ ဖေဖေနှင့် ကျွန်တော် ကစားခဲ့ပုံမှာ . . .

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ဖေဖေ | ၁၀ | ၆၀ |
| ကျွန်တော် | ၅ | ၆ |
| | ၁၅ | ၆၆ |
| | ၅ | ၁ |
| | ၂၀ | ၆၇ |
| | ၆ | ၃ |
| | ၂၆ | ၇၀ |
| | ၁၀ | ၈ |
| | ၃၆ | ၇၈ |
| | ၇ | ၂ |
| | ၄၃ | ၈၀ |
| | ၇ | ၉ |
| | ၅၀ | ၈၉ |
| | ၁ | |
| | ၅၁ | |
| | ၉ | |
| | ၆၀ | |

ကျွန်တော်က ဖေဖေရေးထားသည့် ၇၈ အောက်မှာ ၂ ရေးပြီး ပေါင်းရာ ၈၀ ဖြစ်သွားပါသည်။ ဒီ ၈၀ အောက်မှာ ဖေဖေက ၉ ရေးပြီးပေါင်းရာ ၈၉ ရောက်သွားပါသည်။

ဟုတ်ပါသည်။ ဒီ ၈၉ အောက်မှာ ကျွန်တော်သည် ၁ မှ ၁၀ အတွင်း ဘာကိန်းဂဏန်းကိုရေးရေး ဖေဖေက လိုအပ်



သောဂဏန်းကိုရေးပြီး ပေါင်းလိုက်လျှင် ၁၀၀ ဖြစ်သွားပါတော့မည်။ ကျွန်တော် ရှုံးသွားပါသည်။

ဖေဖေက . . .

"ကဲသား၊ ဒုတိယပွဲ ကစားမယ်၊ သား အရင် စ ရေး" လို့ ပြောရာ ကျွန်တော်က ၂ ဂဏန်းကို စ ရေးရာ ဖေဖေက ၂ အောက်မှာ ၁၀ ရေးပြီး ပေါင်းရာ ၁၂ ဖြစ်လာပါသည်။

| | | |
|---|---|---|
| ကျွန်တော် | ၂ | ၅၀ |
| ဖေဖေ | ၁၀ | ၁၀ |
| | ၁၂ | ၆၀ |
| | ၈ | ၉ |
| | ၂၀ | ၆၉ |
| | ၁၀ | ၉ |
| | ၃၀ | ၇၈ |
| | ၁၀ | ၈ |
| | ၄၀ | ၈၆ |
| | ၁ | ၃ |
| | ၄၁ | ၈၉ |
| | ၉ | |
| | ၅၀ | |

ဟုတ်ပါသည်။ ဒီဒုတိယပွဲမှာလည်း ကျွန်တော် ရှုံးသွားပြန်ပါသည်။

ကျွန်တော်က . .

www.burmeseclassic.com

www.burmeseclassic.com



"မေမေ နောက်တစ်ပွဲ ကစားဦးမယ်" လို့ပြောရာ မေမေက ကျွန်တော့်ကို . . .

"သား၊ သိပ်စိတ်မလောနဲ့၊ သား အခုကစားခဲ့တဲ့ ၂ ပွဲကို သေသေချာချာပြန်လေ့လာ၊ အချိန်ယူလေ့လာ၊ ပြီးရင် မေမေ့ကို ပြောစရာရှိတာတွေ လာပြော" လို့ ပြောကာ ကျွန်တော့်ကို ထားခဲ့ပြီး မေမေသည် စာသွားဖတ်နေပါသည်။

ကျွန်တော်သည် မေမေထားခဲ့သော စာရွက်လေး ၂ ခု ပေါ်မှ ကိန်းဂဏန်းများကြည့်ကာ မေမေဆိုလိုသည်များကို နားလည်ရန် အထပ်ထပ်ကြိုးစားပြီး စိတ်ထဲမှာ ဖတ်နေပါသည်။

အချိန် နာရီဝက်နီးပါးခန့်အကြာတွင် ကျွန်တော်သည် အဖြေကို တွေ့ရှိခဲ့ပါသည်။ မေမေ စာဖတ်နေသော အခန်းထဲသို့ ကျွန်တော်သည် အားရဝမ်းသာပြေးသွားကာ

"သား သိပြီ၊ သား အဖြေတွေ့ပြီ" လို့ အော်ပြောခဲ့ပါသည်။

/ယခု စာဖတ်နေသူများကို တစ်ခု မေတ္တာရပ်ခံလိုပါသည်။ ကျွန်တော်၏ဆောင်းပါးကိုဆက်မဖတ်သေးဘဲ ကျွန်တော့်မေမေနှင့် ကျွန်တော်တို့တွက်ထားခဲ့သည့် ဉာဏ်စမ်းနှစ်ခုတွက်ထားခဲ့ပုံကိုကြည့်ကာ ကျွန်တော့်လိုပင် အဖြေရှာကြည့်စေချင်ပါသည်။ အဖြေကို ရှာတွေ့၍ ရရှိသောကြည်နူးမှုကို စာဖတ်သူများကိုလည်း ဝေမျှခံစားစေချင်ပါသည်။/

ကျွန်တော့်အဖြေကိုတွေ့၍ မေမေ့ကို ပြောခဲ့သည်မှာ



"မေမေ ၁၀၀ ကိုရောက်ဖို့ ၈၉ ကိုအရင်ရောက်ရမယ်၊ ၈၉ ရောက်ဖို့ ၇၈ အရင်ရောက်ရမယ်၊ ၇၈ ရောက်ဖို့ ၆၇... တစ်ခုထက် တစ်ခု ၁၁ စီငယ်သွားရမယ်"

မေမေက ကျွန်တော့်ကို ပြုံးပြုံးကြီး ပြုံးပြပြီး . . .

"ဟုတ်တယ်သား၊ သား ရမယ်ဆိုတာ မေမေသိပြီးသားပါ၊ အဲဒီတော့ ဆက်ပြောပါဦး" လို့ ပြောပါသည်။

ကျွန်တော်က . . .

"အစက ၁ က စမယ်မေမေ၊ နောက် ၁၂၊ နောက် ၂၃၊ ၃၄၊ ၄၅၊ ၅၆၊ ၆၇၊ ၇၈၊ ၈၉ ရောက်တော့ ၁၀၀ ကိုရောက်တာပေါ့၊ သားက ဒီဂဏန်းရထားရင် မေမေ ဘာဂဏန်းရေးရေး သားက မေမေ့ဂဏန်းနဲ့ သားဂဏန်းပေါင်း ၁၁ ဖြစ်သွားအောင် လိုတဲ့ဂဏန်းကို ထပ်ပေါင်းထည့်မှာပေါ့" လို့ ပျော်မြူးစွာ ပြောခဲ့ပါသည်။

မေမေက ကျွန်တော့်ကို . . .

"သားရေ၊ သား မေမေ့ကို နောက်ဘာထပ်ပြောစရာ ရှိသေးလဲ"

"ဟင် မေမေ၊ သား ဘာထပ်ပြောရဦးမှာလဲ"

"သား တစ်ခုခုမစဉ်းစားမိဘူးလား၊ သင်ခန်းစာလေ"

"သင်ခန်းစာ၊ ဘယ်လိုသင်ခန်းစာလဲ၊ သား နားမလည်ဘူး မေမေ" လို့ ပြန်ပြောခဲ့မိပါသည်။

မေမေက ကျွန်တော့်ကို . . .

"သား၊ ဒီဉာဏ်စမ်းလေးကနေ သားကို သင်ခန်းစာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတောင်မကဘူး၊ နှစ်ခုတောင် ပေးထားတာ" လို့ ပြောပါသည်။

ကျွန်တော်သည် နားမလည်နိုင်ဘဲ ဖေဖေ့ကို ငေးကြည့်နေမိပါသည်။ ဖေဖေက ဆက်ပြောပါသည်။

"သား အလုပ်တစ်ခုကို လုပ်တဲ့အခါ ရည်မှန်းချက် ပန်းတိုင်ရှိရမယ်၊ ဒါပေမယ့် ဒီပန်းတိုင်ကိုလည်း တစ်ခါတည်း တိုက်ရိုက်ရောက်သွားနိုင်တာမဟုတ်ဘူး၊ ကြားမှာ အဆင့်ဆင့်တွေရှိတယ်၊ ဒီအဆင့်တိုင်းမှာလည်း သူ့စံချိန် (Standard) တွေ ရှိရမယ်၊ ဒါကို ပြည့်မီရမယ်၊ သားရဲ့ပန်း တိုင် ၁၀၀ ကိုရောက်ဖို့ ၁၀၀ မရောက်ခင်မှာ ၈၉ ကို ရောက်ခဲ့ရမယ်၊ အဲဒီလိုပဲ ၈၉ ကိုမရောက်ခင်မှာ ၇၈၊ ၆၇ ... အဆင့်ဆင့် ရောက်ခဲ့ရမယ်၊ တစ်နည်းပြောရရင် အစကတည်းက ၁ ကိုရောက်ထား၊ ရ,ထားမှ ၁၀၀ ကို ရောက်မယ်၊ ကိုယ်က ၁ ကိုရမထားရင် ၁ ကိုရထားတဲ့သူကပဲ ၁၀၀ ကိုရောက်သွားရလိမ့်မယ်။ ကိုယ်သွားမယ့်ပန်းတိုင်ကို ရောက်ဖို့ ကြားအဆင့်ဆင့်မှာ လိုအပ်စံချိန်ကို သိထားရမယ်၊ ပြည့်မီအောင် ကြိုးစားရမယ်"

ဖေဖေသည် ခဏနားလိုက်ကာ ဆက်ပြောပါသည်။

"သား၊ ဒါကို ပညာရပ်စကားနဲ့ ပြောရရင် စီမံခန့်ခွဲမှု (management) ပေါ့၊ ရိုးရိုးစကားနဲ့ပြောရရင် အခြေခံကို နားလည် သဘောပေါက်ခြင်းပဲ၊ ဒါဟာ ပထမသင်ခန်းစာပေါ့"



ကျွန်တော်ဟာ ဖေဖေ့ကို မော့ကြည့်ပြီး . . .

"ဒုတိယသင်ခန်းစာကိုလည်း ဖေဖေပဲ ပြောပြပါနော်၊ သား စဉ်းစားလို့မရဘူး" လို့ပြောရာ ဖေဖေက . . .

"ဟုတ်တယ်သား၊ ဒုတိယသင်ခန်းစာက အတွေးအခေါ်ပဲ သား၊ ဖေဖေတို့ ခုနက ကစားတုန်းက သားက တစ်လှည့်စ,လုပ်တယ်၊ ဖေဖေက တစ်လှည့်စ,လုပ်တယ်၊ နှစ်ယောက်စလုံးက နားလည်ထားပြီးဆိုတော့ ဘယ်သူမဆို ကိုယ်စ,လုပ်ခွင့်ရရင် ၁ ကို စ,ရေးမှာပဲ၊ ဒီတော့ သားနားလည်ရမှာက ဘုရားသခင်က လူတိုင်းကို အခွင့်အရေး အတူတူပေးထားတယ်၊ ဒါကို နားလည်ထားရမယ်၊ ကိုယ် စ,ရေးခွင့်ရထားရက်နဲ့ ၁ ကို စ,မရေးခဲ့ရင် ဒါ ကိုယ့်အမှားပဲ"

ဖေဖေသည် စကားနားလိုက်ပြီး ကျွန်တော့်ကို ပြုံးကြည့်ကာ စကားကို ဆက်ပြောပါသည်။

"သား၊ ဒီထက်ပိုဆိုးတာက ကိုယ် စ ရေးခွင့်ရလို့ ၁ တင်မက၊ ၁၂၊ ၂၃၊ ၃၄၊ ၄၅၊ ၅၆ တွေအထိ ရခဲ့ပြီးမှ ကိုယ့်ရဲ့ပေါ့ဆမှုကြောင့် တစ်ဖက်လူ ၆၇ ရသွားပြီး သူက ဆက်တိုက် ၇၈၊ ၈၉ ကနေ ၁၀၀ ရသွားရင်တော့ သားပဲ စဉ်းစားကြည့်တော့"

ဖေဖေက ဆက်ပြောပါသည်။

"ဒါကြောင့် သား၊ ကိုယ့်အလှည့်ရောက်လာလို့ ကိုယ်က စ,လို့ ၁ ကိုရောက်ခဲ့ရင်၊ ရခဲ့ရင် ၁၀၀ ရောက်တဲ့အထိ သတိရှိပါ၊ မပေါ့ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဖေဖေ၊ သား သတိထားပါ့မယ်"

"သား၊ ကိုယ်က မစရဘဲ သူက စ,ခွင့်ရလို့ သူက ၁ ရ သွားလည်း တစ်ခါတည်း အရှုံးပေးလိုက်ဖို့၊ စိတ်ဓာတ်ကျဖို့ မလိုဘူး၊ ပွဲကို ဆုံးခန်းတိုင်အောင် ကစားရမယ်၊ သူက စ,ခဲ့ ပေမယ့် ကြားမှာ သူ ၅၆ တို့ ၆၇ တို့မှာ ခြေချော်လက်ချော် ဖြစ်သွားရင် ကိုယ်က ၇၈၊ ၈၉ တို့ကနေ ၁၀၀ ကို ရောက် သွားနိုင်တာပဲ၊ ဒါကြောင့် ပွဲမပြီးမချင်း သားစိတ်ဓာတ် မကျ ရဘူး၊ စိတ်မလျှော့ရဘူး"

ကျွန်တော်က "ဟုတ်ကဲ့ဖေဖေ၊ သား ဖေဖေ့စကားကို သေသေချာချာမှတ်ထားပါ့မယ်၊ လိုက်နာပါ့မယ်" လို့ ပြန် ပြောပါသည်။ ဖေဖေက

"သားကို ဖေဖေ အရေးကြီးတာလည်း ပြောစရာရှိသေး တယ်" လို့ပြောပါသည်။

ကျွန်တော်သည် ဖေဖေ့ကို နားမလည်နိုင်ဘဲ ငေးကြည့် နေပါသည်။ ဖေဖေက ကျွန်တော့်ကို ပြုံးပြပြီး . . .

"ဒီလိုသား၊ သား အခု ဒီကစားနည်းကို သိသွားပြီဆို တော့ သားသူငယ်ချင်းတွေနဲ့ သွားကစားတော့မှာပေါ့၊ သား တို့ကစားရင် ၁၀ ပွဲကစားတယ်ပဲ ဆိုပါတော့၊ သားတို့ တစ်လှည့်စီ အရင်စ,လုပ်ရမယ်ပေါ့"

ဖေဖေက ဆက်ပြောပါသည်။

"ဒီတော့ သားက ၅ ကြိမ်၊ သားသူငယ်ချင်းက ၅ ကြိမ် စ,ရမယ်ပေါ့၊ သားက သားစ,ခဲ့ရတဲ့ ၄ ကြိမ်စလုံးမှာ သားက



နိုင်တယ်၊ သူက သိပ်မသိသေး၊ မတတ်သေးလို့ သူ စရတဲ့ ၄ ကြိမ်မှာ ၂ ပွဲပဲနိုင်ပြီး သားက နောက်ထပ် ၂ ပွဲ နိုင်လိုက် တယ်ဆိုပါတော့၊ စုစုပေါင်း ၈ ပွဲ ကစားပြီးတဲ့အခါ သားက ၆ ပွဲနိုင်ခဲ့ပြီး သူက ၂ ပွဲပဲ နိုင်သေးတယ်၊ ကစားဖို့ က ၂ ပွဲ ပဲ ကျန်တော့တယ်၊ ဘာပဲပြောပြော ၁၀ ပွဲကစားတဲ့ပွဲမှာ သားက တစ်ဝက်ကျော် ၆ ပွဲနိုင်နေပြီ"

ဖေဖေက ကျွန်တော့်ကို တည့်တည့်ကြည့်ပြီး

"အဲဒီတော့ သားက . . ." ဟုဆိုကာ ကျွန်တော့်ကို ပြောလေ ဆိုသကဲ့သို့ အမူအရာက ကြည့်နေပါသည်။

ကျွန်တော်သည် ဘာကိုပြောရမှန်းမသိနိုင်ဘဲ ဖေဖေ့ကို သာ ငေးကြည့်နေမိပါသည်။ အချိန်ခဏမျှ ကြာပြီးမှ ဖေဖေ က ဆက်ပြောပါသည်။

"သားက ကျန်တဲ့ ၂ ပွဲကို သူ့ပဲ နိုင်အောင် ပေးကစား လိုက်ပါသား၊ သား ကစားတယ်ဆိုတာ ပျော်ဖို့ကစားကြတာ မဟုတ်လား၊ သူ့ကိုလည်း အလှည့်ပေး နိုင်စေလိုက်တော့၊ သူ ပျော်သွားတော့ သားလဲ ပျော်ရတာပေါ့"

ကျွန်တော်သည် ဖေဖေ့ကို လေးစားချစ်ခင်စွာ ကြည့်နေ ပါသည်။ နှုတ်မှ စကားဖြင့် ပြောမထွက်နိုင်သဖြင့် ဖေဖေ့ကို နားလည်ကြောင်း၊ လိုက်နာပါမည့်အကြောင်းကို ခေါင်းညိတ် ပြနိုင်ခဲ့ပါသည်။

ကျွန်တော်သည် ဖေဖေက ကျွန်တော့်ကို ပြောစရာ စကား ပြီးဆုံးသွားပြီထင်နေတုန်းမှာ ဖေဖေ့ထံမှ

www.burmeseclassic.com

www.burmeseclassic.com



"သားကို အရေးကြီးဆုံး ပြောစရာရှိသေးတယ်၊ သားဒီကစားနည်းကို သားသူငယ်ချင်းတွေနဲ့ ကစားရုံတင်မကဘဲ သား အခုသိခဲ့တဲ့ သင်ခန်းစာတွေကို သူတို့လည်းသိအောင်၊ နားလည်အောင် သားကူညီပေးပါ"

နောက် ဖေဖေဟာ ကျွန်တော့်မျက်လုံးကို တည့်တည့်ကြည့်ပြီး ဖြည်းဖြည်းချင်း ပြောပါသည်။

*"သား လောကကြီးဆိုတာ တစ်ယောက်တည်းနေရတာမဟုတ်ဘူး၊ အများနဲ့နေရတာပါ၊ ကိုယ်တစ်ယောက်တည်း တော်နေ၊ တတ်နေလို့ မရဘူး၊ လူတွေအားလုံး တတ်နေ၊ တော်နေမှ လောကကြီးဟာ သာယာမှာ၊ တိုးတက်မှာ"*

ကျွန်တော်သည် ဖေဖေ့ကို မြတ်နိုးကြည်ညိုလေးစားစွာ ကြည့်ပြီး ဖေဖေ့ပခုံးပေါ်သို့ ကျွန်တော့်မျက်နှာကို အပ်ကာ အားရပါးရ ဖက်ထားမိပါသည်။

*ဖေဖေ၏ မေတ္တာကျေးဇူးများကို*
*ထာဝစဉ်အောက်မေ့သတိရလျက်*
**ကိုကိုမောင်** (GE.M)

ကျွန်တော့်

# ဖေဖေနှင့်

# လောက၏သား



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် လောကဓံတရား

ကိုကိုမောင် (GE.M)

ကျွန်တော် ဆယ်ကျော်သက်လက်အရွယ် ရောက်နေစဉ်က ဖြစ်ပါသည်။ အတန်းပညာအားဖြင့် အခြေခံပညာ အထက်တန်းအံဆင့်ဖြစ်သည်။ အရွယ်ကြောင့်လား၊ ပညာအားဖြင့် ကျောင်းတွင်း၌ အထက်တန်းအဆင့် ရောက်နေသဖြင့်ကြောင့်လား မသိ၊ ထိုအချိန်အခါက ကျွန်တော်သည် နေရာတကာပါလေရာ 'မိုးစွာလေး' ဖြစ်နေခဲ့တာကတော့ အမှန်ပင်ဖြစ်ပါသည်။

ဒီမိုးစွာလေး ကျွန်တော့်ကို ဖေဖေသည် ရုံးပိတ်ရက် မနက်ပိုင်းတစ်ရက်တွင်ခေါ်၍–

"သားရေ ဖေဖေ့ကို သံပရာရည်တစ်ခွက် ဖျော်ပေးခဲ့ပါ" ဟု ခိုင်းပါသည်။

ကျွန်တော်သည် သံပရာသီးတစ်လုံးကိုခွဲပြီး ဖန်ခွက်တစ်ခွက်ထဲကို ညှစ်ထည့်ကာ သကြားအတော်အသင့်နှင့် ရေအေးအေးအပြည့်ထည့်၍ ဖျော်ပြီး ဖေဖေ့ထံသို့ယူလာကာ–

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ . . . သံပရာရည်သောက်လို့ရပါပြီ" ဟုပြောရာ ဖေဖေက လှမ်းမယူဘဲ ကျွန်တော့်ကို . . .

"သား သောက်လိုက်ပါ" ဟု ပြောပါသည်။

ကျွန်တော်သည် ရုတ်တရက်နားမလည်နိုင်ဘဲ ဖေဖေ့ကို ငေးကြည့်နေမိရာ ဖေဖေက–

"သား . . . သောက်လိုက်လေ" ဟု နောက်တစ်ခါ ထပ်ပြောသဖြင့် ကျွန်တော်လည်း သံပရာရည် တချို့တစ်ဝက်ခန့်ကို မော့သောက်လိုက်ပါသည်။

ဖေဖေက မေးပါသည်။

"သား . . . သောက်လို့ကောင်းလား"

ကျွန်တော်က ပြန်ဖြေပါသည်။

"ကောင်းပါတယ်ဖေဖေ" ဖေဖေသည် လက်ထဲမှ သံပရာခွက်ကိုယူပြီး စားပွဲပေါ်ရှိသားဘူးလေးထဲမှ သားအနည်းငယ်ယူ၍ သံပရာရည်ခွက်ထဲသို့ ထည့်မွှေလိုက်ပြီး ကျွန်တော့်ကို သောက်ရန် ပြန်ပေးပါသည်။ ကျွန်တော်သောက်ပြီးသောအခါ ဖေဖေကမေးပါသည်။

"သား . . . သောက်လို့ကောင်းလား"

"ကောင်းပါတယ် ဖေဖေ" ကျွန်တော်က ပြန်ဖြေပါသည်။ ဖေဖေက ထပ်မေးပါသည်။

"ဘယ်လိုကောင်းတာလဲ၊ ပိုကောင်းမလာဘူးလား"

"ပိုကောင်းလာပါတယ်ဖေဖေ၊ အရသာတစ်မျိုးလေး ပြောင်းသွားပါတယ်" ဟု ကျွန်တော်က ပြန်ဖြေပါသည်။



ဖေဖေက ကျွန်တော့်ကို . . .

"သား . . . သားနည်းနည်းလေးထပ်ဖြည့်ပြီး မွှေသောက်ကြည့်ဦး" ဟု ပြောပါသည်။ ကျွန်တော်ကလည်း သားနည်းနည်းထပ်ထည့်ပြီး မွှေလိုက်ကာ သောက်ကြည့်ပါသည်။ ဖေဖေက ကျွန်တော့်ကို 'ဘယ်လိုလဲ' ဟူသောအမူအရာနှင့် မေးလိုက်သဖြင့်–

"ခုလည်း သောက်လို့ကောင်းပါတယ်ဖေဖေ" ဟု ကျွန်တော်က ပြောလိုက်ပါသည်။ ဖေဖေသည် သံပရာရည်ခွက်ကို ယူလိုက်ကာ သားအတော်များများထည့်လိုက်ပြီး မွှေလိုက်ကာ ကျွန်တော့်ကို လှမ်းပေးပြန်ပါသည်။

"ကဲ–သား . . . သောက်ကြည့်လိုက်ပါဦး"

"ဟာ ဖေဖေ . . . အရမ်းငန်မှာပေါ့"

"ဟုတ်တယ်သား၊ မှန်တယ်။ သားဟာ အမှန်တရားပဲ။ သစ္စာတရားပဲ။ အမှန်တရား သစ္စာတရားဆိုတာ မှန်ကန်တဲ့ အတိုင်းအတာတစ်ခုရှိတယ်။ အဲဒီအတိုင်းအတာအတိုင်း လိုအပ်တဲ့အခါမှာ လိုအပ်သလောက်ပဲ မှန်မှန်ကန်ကန်သုံးရမှာဖြစ်တယ်။ လိုအပ်တာထက် ပိုသုံးလိုက်ရင် အကျိုးမပြုတော့ဘဲ အကျိုးမဲ့ဖြစ်သွားလိမ့်မယ်။ အမှန်တရားကို မေတ္တာတရားနဲ့ ထာဝစဉ်တွဲနေရမယ်သား" ဟု ပြောပါသည်။

ကျွန်တော်က ဖေဖေ့ကို လေးစားမြတ်နိုးစွာ ကြည့်နေမိပါသည်။ ဖေဖေက ဆက်ပြောပါသည်။

"သားဟာ သစ္စာတရားပဲ၊ ရှေးခေတ်က ကျေးလက်ရွာ

www.burmeseclassic.com

www.burmeseclassic.com



တွေမှာ တစ်ယောက်နဲ့တစ်ယောက် ကတိသစ္စာထားကြတဲ့ အခါ ကတိတည်မြဲမယ်လို့ သက်သေပြုတဲ့အနေနဲ့ ဆားငုံ ပြီးပြောတဲ့ အလေ့အထရှိခဲ့တယ်။ ကတိထားပြီး ကတိ မတည်တဲ့လူကို 'မင်း ဆားငုံပြောတောင် မယုံဘူး' လို့ ပြော လေ့ပြောထရှိတာ သားကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ဖေဖေ" ကျွန်တော်က ပြန်ဖြေလိုက်ပါသည်။ ဖေဖေက ဆက်ပြောပါသည်။

"နောက်ပြီး ဆားဟာ သားငါးတွေရဲ့ အနံ့ဆိုး၊ အညှီနံ့ တွေကို ပျောက်စေတယ်။ အရိအရွဲတွေကို ဖယ်ပေးတယ်။ ဟိုအရင်တုန်းက ရေခဲသေတ္တာတွေမရှိခင် ရေခဲမရနိုင်တဲ့ ဒေသအရပ်တွေမှာ သားငါးတွေကို ကြာကြာခံအောင်၊ မပုပ် သိုးအောင် ဆားနဲ့နယ်ပေးထားရတယ်"

ကျွန်တော်သည် ဖေဖေ့ကို ကျေးဇူးတင်စွာမော့ကြည့် လိုက်ကာ . . .

"ကျေးဇူးတင်ပါတယ် ဖေဖေ၊ ကျွန်တော် အရင်က အလေးမထား၊ တန်ဖိုးမထားခဲ့တဲ့ဆားကို ဖေဖေပြောပြတာ ကြောင့် တန်ဖိုးရှိမှန်း သိလာရတဲ့အပြင် အတိုင်းအတာ မှန် မှန်ကန်ကန်သုံးစွဲရမှာကို နားလည်ပါပြီဖေဖေ" ဟု ပြော လိုက်ပါသည်။

ဖေဖေက ကျွန်တော့်လက်ကိုဆွဲကာ-

"သား လိုက်ခဲ့ဦး" ဟုဆိုပြီး မီးဖိုခန်းထဲ ခေါ်သွားပါ သည်။ နောက် မေမေချက်ထားသည့် ကြက်သားဆီပြန်ဟင်း



အိုးထဲကဟင်းကို ပန်းကန်တစ်လုံးထဲသို့ ခပ်ထည့်ပြီး-

"ကဲ သား နည်းနည်းစားကြည့်ဦး" ဟုပြောပါသည်။ ကျွန်တော်က ကြက်သားတုံးလေးကို နည်းနည်းဖဲ့စားပြီး-

"ဟာ ဖေဖေ၊ မေမေ ကြက်သားဟင်းထဲ ဆားထည့်ချက် မထားဘူး" ဟုပြောလိုက်ပါသည်။ ဖေဖေက ကျွန်တော့်ကို

"ကဲ သားကပဲ ဟင်းအိုးထဲကို ဆားလိုသလောက် ထည့် ခပ်လိုက်ဦး" ဟုပြောပါသည်။ ကျွန်တော်က ဆားအနည်း ငယ်ယူကာ ဟင်းအိုးထဲ ထည့်လိုက်ပါသည်။ ဖေဖေက လာ ကြည့်ပြီး ဟင်းအိုးထဲတွင် ဆားနဲ့သွားအောင် ဇွန်းနှင့်မွှေ လိုက်ပါသည်။ ကျွန်တော်က ဖေဖေ့ကို မော့ကြည့်လိုက် ကာ-

"ဖေဖေ . . . သားမြည်းရတော့မှာလား" ဟု မေးလိုက် ပါသည်။ ဖေဖေက-

"နေဦးသား၊ ကဲသား . . . ဒီဟင်းအိုးထဲမှာ ဘာတွေ တွေ့လဲ"

"ဟာ ဖေဖေကလည်း ကြက်သားတုံးတွေလေ၊ ကြက် သားတုံးတွေ၊ ဒီဟာက ရင်ပုံသားအတုံးကြီးလေ" ဟု ပြန် ဖြေလိုက်ပါသည်။ ဖေဖေက-

"ဟုတ်ပါပြီ ဟုတ်ပါပြီ သားရဲ့၊ နောက်ကော ဘာတွေ သေးလဲ" ဟု မေးပါသည်။ ကျွန်တော်က-

"ဆီတွေလေ" ဟုဖြေလိုက်ရာ ဖေဖေက-

"ဟုတ်တယ်သား၊ ဆီတွေ အပေါ်ကိုဝေ့နေတာ၊ ကဲ-

www.burmeseclassic.com

www.burmeseclassic.com



နောက်ရော ဘာတွေ့သေးလဲ" ဟု ထပ်မေးလိုက်ပါသည်။ ကျွန်တော် ခေါင်းရှုပ်သွားကာ ဖေဖေ့ကို နားမလည်စွာ မော့ကြည့်လိုက်ပါသည်။ ဖေဖေက ကျွန်တော့်ပြုံးကြည့်ကာ–

"ဆားလေသား၊ သား ခုနကထည့်လိုက်တဲ့ ဆားတွေလေ၊ ကဲသား၊ အခု ဒီဆားတွေ ဟင်းအိုးထဲမှာ တွေ့သေးလား" ဟုမေးပါသည်။

ကျွန်တော်သည် ဖေဖေ့ကို အလန့်တကြားလေးစားမြတ်နိုးစွာ ငေးမောကြည့်နေပါသည်။ စိတ်ထဲကလည်း ပြောနေမိပါသည်။

"ကျေးဇူးတင်ပါတယ်ဖေဖေ၊ ဖေဖေ့ကြောင့် သိရှိပါပြီ။ ဆားလေးဟာ သူ့ပါဝင်ဆောင်ရွက်မှုကြောင့် ပိုမိုကောင်းမွန်သွားတဲ့အကြောင်းအရာကို ဇာတ်စင်ပေါ်တက် ဂုဏ်ယူဝင့်ကြွားမနေဘဲ ဇာတ်စင်နောက်ဘက် ထောင့်တစ်နေရာကနေပြီး နှိမ့်ချစွာ၊ တိတ်ဆိတ်စွာ ဂုဏ်ယူကြည်နူးဝမ်းသာစွာ ကြည့်ရှုနေတဲ့ဆားလေးရဲ့ ချစ်စရာကောင်းတဲ့အပြုအမူလေးကို မြင်တွေ့ရပါပြီ။ သား ဖေဖေ့ကို ကတိပေးပါတယ်။ ဖေဖေဖြစ်စေချင်တဲ့သားဖြစ်အောင် သားအမြဲကြိုးစားပါ့မယ်"

သည့်နောက် ကျွန်တော်သည် ဖေဖေ့ကို အားရပါးရ ဖက်ထားလိုက်ကာ စားပွဲပေါ်က ဆားအနည်းကိုယူပြီး ပါးစပ်ထဲငုံလိုက်ကာ–

'ဖေဖေ I do promise. ကျွန်တော် ကတိ ပေးကို ပေးပါတယ်ဖေဖေ" ဟု ပြောလိုက်ပါသည်။





ဖေဖေကလည်း ကျွန်တော့်ကို အားရပါးရ ပြန်ဖက်ထားပါသည်။ သို့ရာတွင် "သား ဘာကိုကတိပေးတာလဲ" ဟု ပြန်မမေးပါ။ ဟုတ်ပါသည်၊ ဖေဖေနှင့်ကျွန်တော့်ကြားမှာ သည်မေးခွန်းဟာ မေးစရာမလိုသည့် မေးခွန်းပါ။

ဖေဖေ့ရဲ့ မေတ္တာကျေးဇူးများကို
ထာဝစဉ်အောက်မေ့သတိရလျက်
ကိုကိုမောင် (GE.M)

www.burmeseclassic.com

www.burmeseclassic.com

# ပေပေ နှင့်
# ပုံပြင်အတွေးသစ်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ဖေဖေနှင့် ပုံပြင်အတွေးသစ်

ကိုကိုမောင် (GE.M)

ဖေဖေသည် ကျွန်တော့်ကို ကျွန်တော်ငယ်စဉ်ကပင် စဉ်းစားတွေးခေါ်မှုကို စိတ်ဝင်စားအောင်၊ ပျော်မွေ့အောင်၊ စတင်မိတ်ဆက်လေ့ကျင့်ပေးခဲ့ပါသည်။ သင်္ချာဉာဏ်စမ်းပုစ္ဆာလေးများဖြင့် စနစ်တကျတွေးတတ်ခေါ်တတ် စဉ်းစားဆင်ခြင်တတ်အောင်၊ အမှန်တရားကို တွေ့မြင်နိုင်အောင် လေ့ကျင့်ပေးခဲ့ပါသည်။

ထို့အတူ ထူးထူးခြားခြားပုံပြင်လေးများကိုလည်း ပြောပြခဲ့ပါသည်။ ဖေဖေပြောခဲ့သောပုံပြင်များသည် သမားရိုးကျပုံပြင်များထဲမှခွဲထွက်ကာ စဉ်းစားစရာ၊ ဆင်ခြင်စရာ၊ အတွေးသစ် တွေးစရာများပါဝင်ပါသည်။

ဖေဖေပြောပြခဲ့သော ထိုပုံပြင်များထဲမှ ပုံပြင်လေးတစ်ပုဒ်ကို ပြန်လည်သတိရမိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးနှောက်မရှိတဲ့သူ၊ ဦးနှောက်ရှိတဲ့သူ

(၁)

သူတို့နှစ်ဦးသည် လယ်တောသို့ လုပ်ငန်းဝင်ရန်အသွား တောအုပ်တစ်ခုကို ဖြတ်သန်းခဲ့ကြသည်။ လမ်းခရီးတွင် မြေပေါ်မှ ကျားခြေရာများကို တွေ့လိုက်ကြသည်။ တစ်ဦးက–

"ဟော–ဒီမှာလာကြည့်စမ်း၊ ကျားခြေရာတွေပါလား၊ တို့ဘာလုပ်ရင်ကောင်းမလဲ" ဟု မေးလိုက်ပါသည်။ အဖော်က–

"အိုကွာ . . . တို့တွေမှာ လုပ်ဖို့အလုပ်တွေ အများကြီးရှိတာ ဆက်သွားကြမယ်" ဟု ပြန်ပြောပါသည်။

သို့နှင့် သူတို့နှစ်ဦးသည် ခရီးကို ဆက်သွားခဲ့ကြသည်။ လယ်တောတွင် အလုပ်များကို တစ်နေကုန်လုပ်ကြသည်။ အိမ်သို့ပြန်ရန် ညနေချမ်းအချိန်သို့ ရောက်ရှိလာသည်။

တစ်ဦးက အဖော်ကို တောင်ပေါ်လမ်းမှပြန်ရန် တိုင်ပင်သည်။ အဖော်က–

"လုပ်မနေစမ်းပါနဲ့ကွာ၊ တို့ပြန်နေကျလမ်းက ခရီးပိုနီးတယ်ကွ" ဟု ငြင်းဆိုသည်။

ပထမလူက ဒေါသနှင့် . . .

"မင်းကွာ ဦးနှောက်မရှိတဲ့လူပဲ၊ မင်းတော့ ကျားစာဖြစ်မှာသေချာနေပြီ၊ ငါတော့ ဆောရီးပဲ၊ ကျားရဲ့ပွဲတော်တည်တာကို မခံနိုင်ဘူး" ဟုပြောပြီး တောင်ပေါ်လမ်းသို့ ဦးတည်ထွက်သွားသည်။



(၂)

ကျန်ရစ်ခဲ့သူသည် လာခဲ့ရာလမ်းအတိုင်း တစ်ဦးတည်း ပြန်သွားသည်။ ကျားခြေရာများတွေ့ခဲ့သည့် တောအုပ်သို့ ရောက်ရှိလာသည်။ ထိုစဉ် ကျားတစ်ကောင် ရုတ်တရက် ထွက်လာသည်။ သူက–

"မင်္ဂလာပါ ဆရာကျား" ဟု ခပ်တည်တည်နှုတ်ဆက်လိုက်သည်။ ကျားကလည်း–

"မင်္ဂလာပါ" ဟု ပြန်ပြောသည်။ သူက–

"ဆရာကျား ဒီမှာဘာလုပ်နေတာလဲ" ဟု ဆက်ပြီး မေးလိုက်တယ်။ ကျားက–

"အို . . . ငါလား၊ ဒီလိုကွာ၊ ခု ငါ့ဦးနှောက်ကျန်းမာရေး သိပ်မကောင်းဘူးကွ၊ အဲဒါ လူ့ဦးနှောက်အကူအညီလိုတယ်လို့ သမားတော်ကြီးကပြောတယ်။ အင်း . . . ခုတော့ ငါ ကံကောင်းပါပြီကွာ၊ ငါ့ကိုကူညီဖို့ မင်းရောက်လာပြီပဲ" ဟုပြောပြီး ရှေ့သို့တိုးလာသည်။

သူက နောက်သို့ဆုတ်လိုက်ပြီး–

"ဟာ ဆရာကျား၊ ဒါဆိုမှားနေပြီ၊ သိပ်ကိုမှားနေပြီ။ ကျွန်တော်က ဆရာကျားကို ကူညီချင်တောင်မှ ကူညီနိုင်မှာမဟုတ်ဘူး။ ကျွန်တော်က ဦးနှောက်မရှိတဲ့သူပဲ" ဟု ခပ်သွက်သွက်ပြန်ပြောလိုက်သည်။

ကျားက ကြောင်တောင်တောင်ဖြစ်သွားစဉ် သူက ဆက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျား မသိဘူးလား၊ ကျွန်တော်က ဦးနှောက်ရှိရင် ဒီလမ်းက ဘယ်ပြန်လာပါ့မလဲ၊ ဟိုမှာတွေ့လား . . . ဦးနှောက်ရှိတဲ့သူ၊ ဒီမြေပေါ်မှာ ဆရာကျားရဲ့ခြေရာတွ တွေ့ ခဲ့လို့ ဟိုတောင်ပေါ်လမ်းက ပြန်သွားတာ"ဟု ပြောဆိုညွှန် ပြလိုက်သည်။ ကျားလည်း–

"အေး–ဟုတ်တာပေါ့၊ ကျေးဇူးပဲ"ဟုပြောပြီး တောင် ပေါ်လမ်းဘက်သို့ အပြေးလွှားလိုက်သွားသည်။

## (၂–က)

နောက်တစ်နေ့ ဆလီဝေလင်းအချိန်ဖြစ်သည်။ တောင် ပေါ်လမ်းနှင့် တောလမ်းဆုံရာတစ်နေရာသို့ တောလိုက်သူ တစ်စုရောက်လာသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ခန္ဓာ ကိုယ်တစ်ခုကို တအံ့တဩဝိုင်းကြည့်ကြသည်။

သူတို့တွေ့ရသည်မှာ ထိုခန္ဓာကိုယ်၏ ဦးခေါင်းအတွင်း မှ ဦးနှောက်များ . . .။

* * *

ဖေဖေပြောပြခဲ့သည့် ပုံပြင်လေးသည် သည်နေရာမှာ ပြီးဆုံးသွားပါပြီ။ ပုံပြင်လေး သည်နေရာမှာပြီးဆုံးသွားသော် လည်း ကျွန်တော့်အတွက် အတွေးများက သည်နေရာမှာ စတင်ခဲ့ပါသည်။

ခန္ဓာကိုယ်၏ဦးခေါင်းအတွင်းမှ ဦးနှောက်များ ဘယ်လို ဖြစ်နေပါသလဲ၊ ဒါထက် ခန္ဓာကိုယ်သည် မည်သူ၏ခန္ဓာ



ကိုယ်ပါလဲ၊

ကျွန်တော်သည် ဖေဖေ့ကိုမေးပါသည်။

"ဖေဖေ . . . အဲဒီခန္ဓာကိုယ်က ဘယ်သူ့ကိုယ်လဲ"

ဖေဖေက ထုံးစံအတိုင်းပြုံးပြီး ကျွန်တော့်ကို ပြန်မေး ပါသည်။

"သားက ဘာကိုသိချင်တာလဲ၊ သား သေသေချာချာ စဉ်းစားဦး"

ကျွန်တော်နားမလည်လိုက်ပါ၊ ဒါကြောင့် ဖေဖေ့ကို ...

"ဖေဖေ ဘာကိုဆိုလိုတာလဲ"ဟုသာ ပြန်မေးမိပါသည်။ ဖေဖေက စိတ်ရှည်စွာပင်–

"သားက အဲဒီခန္ဓာကိုယ်ကို ဘယ်သူဖြစ်စေချင်တာလဲ၊ ဒါမှမဟုတ် ဘယ်သူမဖြစ်စေချင်တာလဲ" ဟု မေးပြန်ပါ သည်။

ကျွန်တော် နည်းနည်းတော့ သိလာသလိုရှိလာပါ သည်။ ဒါကြောင့် ဖေဖေ့ကို–

"မဖြစ်စေချင်တာပါ ဖေဖေ" ဟု ပြန်ဖြေပါသည်။

"ဟုတ်ပြီသား၊ သား ဘယ်သူ့ရဲ့ခန္ဓာကိုယ် မဖြစ်စေချင် တာလဲ"

"တောင်ပေါ်လမ်းကလူရဲ့ ခန္ဓာကိုယ်ပါ"

ဖေဖေက ဆက်မေးပါသည်။

"သားက အဲဒီတောင်ပေါ်ကလူကို ဘာလို့မသေစေချင် တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ ကျွန်တော် ခပ်သွက်သွက်ပင် ပြန်ဖြေနိုင်ခဲ့ပါသည်။

"ဖေဖေ–အဲဒီလူက လူရိုးလူကောင်းလေ"

ဖေဖေက ကျွန်တော့်ပခုံးကို အားရပါးရဖက်လိုက်ပြီး–

"ဒီတော့ ဖေ့သားက ရိုးသားမှန်ကန်မှုကို ချစ်တဲ့သူပေါ့" ဟု ရယ်သံလွင်လွင်နှင့်ပြောပါသည်။

ကျွန်တော်ဖိုးကဲလေးသည် ထုံးစံအတိုင်း "ဖေဖေ" ဟု ခေါ်လိုက်ပါသည်။ ဖေဖေက–

"ပြော" ဟုဆိုပြီး ပြုံးကြည့်နေပါသည်။

"ကျားကြီးနဲ့စကားပြောတဲ့ တောလမ်းကလူကို မသေစေချင်တဲ့လူဆိုရင် သူကိုယ်တိုင်လည်း လောကကြီးမှာ လိမ်ညာနေတဲ့ လူဆိုးပေါ့နော်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ဖေဖေက အားရပါးရ၊ ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး–

"ဟုတ်ပါပြီသားရဲ့၊ ဒါပေမဲ့ အဲဒီလူနှစ်ယောက်စလုံးရဲ့ ခန္ဓာကိုယ်မဟုတ်ရင်ရော . . ."

"ဟာ ဖေဖေကလည်း သား နားမလည်တော့ဘူး"

ဖေဖေက "သား နည်းနည်းစဉ်းစားပါဦး" ဟုပြောပါသည်။ ကျွန်တော်က မဝံ့မရဲနှင့် . . .

"ကျားကြီးရဲ့ခန္ဓာကိုယ်လားဖေဖေ" ဟု ပြောလိုက်ပါသည်။



ဖေဖေသည် ကျွန်တော့်ကို ပိုမိုတင်းကျပ်စွာဖက်လိုက်ပြီး

"သားရေ အဲဒီလိုတွေးတဲ့လူရှိခဲ့ရင် အဲဒီလူဟာ လောကကြီးမှာ လူသားချင်းကို ချစ်ခင်မြတ်နိုးတဲ့သူ၊ တွေ့ကြုံလာမယ့် အခက်အခဲအန္တရာယ်တွေကို မကြောက်မရွံ့ဘဲ တစ်ဦးနဲ့တစ်ဦး လက်တွဲပြီး ရဲရဲဝံ့ဝံ့ရင်ဆိုင်မယ့်သူဖြစ်တယ်။ သားလေးစားရိုသေရမယ့်သူပဲ"


ကျွန်တော်သည် ဖေဖေ့ကို လေးစားမြတ်နိုးစွာ . . .

*ဖေဖေ့ရဲ့ မေတ္တာကျေးဇူးများကို*
*ထာဝစဉ်အောက်မေ့သတိရလျက်*
**ကိုကိုမောင်** (GE.M)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်
**ဖေဖေ** နှင့်
# အင်္ဂလိပ်စာသင်ယူခြင်း...........




## ကျွန်တော့်ဖေဖေနှင့် အင်္ဂလိပ်စာ

ဖေဖေသည် မြန်မာစာအုပ်များကိုသာမက အင်္ဂလိပ်စာအုပ်များကိုပါ နှစ်နှစ်ခြိုက်ခြိုက်ဖတ်ရှုသည်ကို ကျွန်တော် ငယ်စဉ်ကပင် သတိထားခဲ့မိပါသည်။

ကျွန်တော် အသက်အရွယ်ရလာသောအခါ သဘောပေါက်နားလည်လာသည်မှာ ဖေဖေသည် မြန်မာစာအုပ်များကိုဖတ်သည်မှာ မြန်မာစာပေကို မြတ်နိုး၍ ဖတ်ရှုခြင်းဖြစ်ပါသည်။ အင်္ဂလိပ်စာအုပ်များကို ဖတ်သည်မှာ အင်္ဂလိပ်စာသည် ကမ္ဘာသုံး ဆက်သွယ်ရေးဘာသာစကားဖြစ်သောကြောင့် တန်ဖိုးထားဖတ်ရှုခြင်းဖြစ်ပါသည်။

ဒီအတွက်... ဖေဖေသည် သားသမီးများကို အတွေးအခေါ်ပညာ၊ သချာ်ပညာများကိုသာမက မြန်မာစာ၊ အင်္ဂလိပ်စာများကိုပါ စိတ်ဝင်စားအောင်၊ တန်ဖိုးထားတတ်အောင် စနစ်တကျလေ့လာတတ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါသည်။

ကျွန်တော့်ကို ဖေဖေသည် အင်္ဂလိပ်စာနှင့်ပတ်သက်ပြီး သင်ကြားပေးခဲ့သည်များကို အင်္ဂလိပ်စာ သင်ယူလေ့လာနေကြသော လူငယ်များအတွက် အတွေးသစ်ဂျာနယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



General English Magazing များတွင် ဆောင်းပါးများ ရေးသားခဲ့ပါသည်။

ယခု ***ကျွန်တော့်ပေဖေနှင့် . . .*** စာအုပ်တွင် ကျွန်တော့်ဖေဖေကို အောက်မေ့သတိရစွာ ပြန်လည်စုစည်း ဖော်ပြပါသည်။

***ဖေဖေ့၏မေတ္တာ၊ ကျေးဇူးများကို***
***ထာဝစဉ်အောက်မေ့သတိရလျက်***

# သင်ယူခြင်း

အပိုင်း - ၁




www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်စာ သင်ယူခြင်း (၁)

*ယခုရေးသားသောဆောင်းပါးသည် အင်္ဂလိပ်စာကို လိုလိုချင်ချင်သင်ယူနေကြသော လူငယ်များကို ရည်ညွှန်းပါသည်။*

အင်္ဂလိပ်စာဟာ ယခုအခါ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံပိုင် မဟုတ်တော့ဘဲ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့၊ ပိုင်ဆိုင်တဲ့ စာအဖြစ်ကို ရောက်ရှိလာပါပြီ။ နိုင်ငံအချင်းချင်း ဆက်သွယ်ရာမှာ အဓိကအကျဆုံး စာအဖြစ်လည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါပြီ။ အခု ပြောလိုတဲ့ အင်္ဂလိပ်စာဆိုတာဟာ English Language ကို ဆိုလိုခြင်းဖြစ်ပါတယ်။ အင်္ဂလိပ်စာပေ English Literature ကို ဆိုလိုတာမဟုတ်ပါဘူး။ ဒါပေမယ့် English Language ကို သင်ယူရာမှာ အင်္ဂလိပ် စာပေ (English Literature) လည်း အသင့်အတင့်ပါဝင် လာမှာ ဖြစ်ပါတယ်။ အဓိက,ကတော့ အင်္ဂလိပ်စာကို အသုံးချဖို့အတွက် သင်ယူနေတယ်ဆိုတာကို အမြဲ သတိရှိနေသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အင်္ဂလိပ်စာကို သင်ယူရာမှာ မိမိအတွက် ဘယ်အဆင့်အထိ သင်ယူမယ်ဆိုတာကို သိသင့်သလို၊ ဒီလို သင်ယူဖို့အတွက် ဘယ်အဆင့်တွေ ရှိသလဲဆိုတာကိုလည်း သိထားသင့်ပါတယ်။

ပထမအဆင့်မှာ မိခင်ဘာသာစကား (The Native Language or Mother Tongue) အဆင့် သင်ယူခြင်း။ ဤအဆင့်တတ်ရန် Language သာမကဘဲ Literature ကိုပါ သင်ယူဖို့လိုပါတယ်။ တော်တော့်ကို ခက်ခက်ခဲခဲ ကြိုးစားသင်ယူမှသာ တတ်ကျွမ်းနိုင်ပါတယ်။ အချိန်များများပေးရမှာဖြစ်သလို သင်ကြားပေးနိုင်မယ့် ပတ်ဝန်းကျင်လည်း ရှိကိုရှိရမှာဖြစ်ပါတယ်။ နောက်အဆင့်များမှာတော့ အင်္ဂလိပ်စာကို ဒုတိယဘာသာစကား (The Second Language)၊ နိုင်ငံခြားဘာသာစကား (The Foreign Language) နဲ့ အလုပ်ခွင်သုံး အင်္ဂလိပ်စာ (The additional Language or English for Special Purpose) များ ဖြစ်ပါတယ်။

ဒုတိယဘာသာစကားအဖြစ် သင်ယူခြင်းကတော့ မူလတန်း ဒါမှမဟုတ် အလယ်တန်းမှစပြီး ဘွဲ့တစ်ခုရသည်အထိ ပညာသင်ယူနေစဉ် အင်္ဂလိပ်စာကို စဉ်ဆက်မပြတ် သင်ယူခဲ့ရခြင်းမျိုး ဖြစ်ပါတယ်။

နိုင်ငံခြားဘာသာစကားအဖြစ် သင်ယူခြင်းကတော့ အခြေခံပညာ အထက်တန်းအောင်ပြီးမှ ဒါမှမဟုတ် ဘွဲ့တစ်ခုရပြီးမှ နိုင်ငံခြားဘာသာ အတတ်သင်သိပ္ပံ ဒါမှမဟုတ်



တက္ကသိုလ်တစ်ခုခုမှာ သီးခြားဘာသာရပ်တစ်ခုအဖြစ် သင်ယူခြင်းမျိုးကို ဆိုလိုပါတယ်။

အလုပ်ခွင်သုံး အင်္ဂလိပ်စာအဖြစ် သင်ယူခြင်းကတော့ မိမိလုပ်ကိုင်တဲ့ အလုပ်ခွင်မှာ ပိုမိုအကျိုးသက်ရောက်ဖို့ အလုပ်ခွင်နဲ့ပတ်သက်သော အကြောင်းအရာများကို အဓိကအခြေခံထားပြီး အချိန်ပိုင်း၊ အချိန်တို သင်ယူခြင်းမျိုး ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် (၂၀) ခန့်က ဂျပန်နိုင်ငံ၊ ယိုကိုးဟာမားမြို့ကိုရောက်စဉ်က ဂျပန်လူမျိုး အကောက်ခွန်ဝန်ထမ်း လူငယ်လေးတွေနဲ့ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း လူငယ်လေးများဟာ အင်္ဂလိပ်စကားကို မှန်မှန်နဲ့ ကျွမ်းကျွမ်းကျင်ကျင် ပြောပြီး မေးမြန်းနေကြတဲ့အတွက် တော်တော့်ကို အထင်ကြီးခဲ့ပါတယ်။

ဒါပေမယ့် သူတို့ကို ဆက်ပြီး တခြားအကြောင်းအရာတွေ မေးမြန်းပြောဆိုတဲ့အခါ နားမလည်ကြ၊ ပြန်မပြောနိုင်ကြဖြစ်နေကြပါတယ်။ ဒီတော့မှပဲ သူတို့တွေဟာ အလုပ်နဲ့ပတ်သက်တဲ့ အင်္ဂလိပ်စာ ကွက်ကွက်ကလေးကိုသာ လေ့ကျင့်သင်ယူခဲ့သူတွေ ဆိုတာကို သဘောပေါက်ခဲ့ရပါတယ်။

လူငယ်တစ်ယောက်ဟာ အင်္ဂလိပ်စာ သင်ယူတော့မယ်ဆိုရင် မိမိဟာ ဘယ်အဆင့်ထိ အနည်းဆုံးတတ်ရမယ်ဆိုတာ မိမိဘာသာ ဆုံးဖြတ်ထားရပါမယ်။ အချိန်ပေးရပါမယ်။ မတတ်, တတ်အောင် သင်ယူမယ်ဆိုတဲ့ ဇွဲရှိရပါမယ်။

နောက် သင်ယူရမယ့်စာအုပ်၊ ဖတ်ရမယ့် စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com



ရှိရပါမယ်။

ပထမဆုံးစာအုပ်ကတော့ Grammar စာအုပ် ဖြစ်ပါတယ်။ Grammar ကို အခြေခံအဆင့် သိကိုသိရမှာ ဖြစ်ပါတယ်။ အခြေခံထက်လည်း ပိုပြီးသိအောင် အချိန်ကုန်ခံသင်ယူမနေသင့်ပါဘူး။ စာဖတ်ရင်း၊ စကားပြောတာ နားထောင်ရင်း Grammar ကို ပိုသဘောပေါက်လာအောင်သာ လေ့ကျင့်သင့်ပါတယ်။

Grammar အခြေခံဆိုရာမှာ Present Simple, Present Continuous, Past Simple နဲ့ Present Perfect အစရှိတဲ့ Tenses တွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားအောင် လေ့ကျင့်ထားသင့်ပါတယ်။ နောက် Passive Voice ကို ကျွမ်းကျင်နေအောင် လေ့ကျင့်ထားရပါမယ်။ Articles များဖြစ်တဲ့ A, An, The တို့ကိုလည်း သူ့နေရာနဲ့သူ ကျွမ်းကျင်စွာ သုံးတတ်အောင် သင်ယူလေ့ကျင့်ထားရပါမယ်။ Grammar စာအုပ်ကိုလည်း ရှေးခေတ်က ဆရာကြီးများ ရေးသားထားခဲ့တဲ့ စာအုပ်တွေကို အသုံးမပြုစေချင်ပါဘူး။ ယခုခေတ် စာအုပ်တွေကိုသာ သုံးစေချင်ပါတယ်။ အထူးသဖြင့် ***Raymond Murphy*** ရဲ့ Essential Grammar In Use သို့မဟုတ် **English Grammar In Use** စာအုပ်များကို ညွှန်းလိုပါတယ်။

ကျောင်းသားတိုင်း မရှိမဖြစ်ရှိရမယ့် ဒုတိယစာအုပ်က Dictionary ပဲဖြစ်ပါတယ်။ ဒီမှာလည်း English-English



စာအုပ်ရော၊ English-English / မြန်မာစာအုပ်ရော နှစ်မျိုးလုံးရှိရင် ပိုကောင်းပါတယ်။ ညွှန်းလိုတဲ့စာအုပ်ကတော့ ***Oxford University Press*** ကထုတ်တဲ့ **The Advanced Learner's Dictionary of Current English** စာအုပ်နဲ့ **ရှေ့ဆောင် အင်္ဂလိပ်၊ အင်္ဂလိပ်/မြန်မာအဘိဓာန်** ဖြစ်ပါတယ်။ နောက်ထပ် ရှိရမယ့်စာအုပ်ကတော့ Idioms စာအုပ်ဖြစ်ပါတယ်။ အင်္ဂလိပ်စာက Idiomatic Language ဖြစ်တယ်။ ဒါကြောင့် တတ်ကိုတတ်အောင် လေ့ကျင့်ထားရပါမယ်။ အလွတ်ကျက်ထားရပါမယ်။ ဥပမာ **"မိုး သဲကြီးမဲကြီး ရွာနေတယ်"** ဆိုရင် **"It's raining cats and dogs."** လို့ သုံးရပါတယ်။ ဒါကို dogs and cats လို့ ရှေ့နောက် ပြောင်းပြန် မသုံးရပါဘူး။ cat and dog လို့ singular form ကိုလည်း မသုံးရပါဘူး။ ဒီလိုပါပဲ၊ **"ခွေးတူသားချင်း စားတယ်"** လို့ပြောချင်တဲ့အခါ **"Dog eat dog"** လို့ ပြောကြပါတယ်။ ဒါကို Grammar မှားနေတယ်ဆိုပြီး Dog eats dog ဆိုပြီး သွားပြင်လို့ မရပါဘူး။ ထို့အတူ Dog ate dog ဆိုပြီး Past Tense သွားသုံးလို့လည်းမရဘူး။ အင်္ဂလိပ်စာ တကယ်တတ်ဖို့က Idiom များများသိထားဖို့ လိုပါတယ်။ တကယ်တမ်း အင်္ဂလိပ်စကားပြောတဲ့အခါမှာ Idiom တွေကို များများသုံးပြီး ပြောသွားတာဖြစ်တယ်။ ဒါကြောင့် Idiom စာအုပ်ကောင်းကောင်းတစ်အုပ်ဝယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တတ်အောင်လုပ်ထားပါ။ ပြီးရင် အလွတ်ရအောင် ကျက်ကို ကျက်ထားပါ။

ရှိကိုရှိသင့်တဲ့ စာအုပ်ဖြစ်ပေမယ့် လူတော်တော်များများ သတိမထားမိတဲ့ စာအုပ်ကတော့ English Usage စာအုပ် ပဲဖြစ်တယ်။ ဒီစာအုပ်ဟာ Idiom စာအုပ်နဲ့ ခပ်ဆင်ဆင် တူသလို ရှိပေမယ့် ကွဲပြားပါတယ်။ အင်္ဂလိပ်စာဟာ Grammar သိရုံနဲ့ သုံးလို့မရ၊ ပြောလို့မရဘူး။ Usage ကိုပါ သိထားမှသာ မှန်မှန်ကန်ကန် သုံးတတ်၊ ပြောတတ် မှာဖြစ်ပါတယ်။ အရင်တုန်းက လမ်းဘေးစာအုပ်အဟောင်း ဆိုင်တွေမှာ တွေ့နိုင်ပေမယ့် အခု အတော်ရှားသွားတဲ့ စာအုပ် လေးရှိတယ်။ ELBS ကထုတ်တဲ့ ***Frederick T. Wood*** ရဲ့ **Current English Usage** ဆိုတဲ့ စာအုပ်လေးပါ။ ဒီစာအုပ်ထဲက တချို့ဟာလေးတွေ ပြန်ဖော်ပြပေးပါမယ်။

**ALWAYS: ALLWAYS**

**Always** means *"at all times"*, **all ways"** *in every possible way"*

**AMEND: EMEND**

**Amend** = alter (*usually for the better*) = ပြောင်းလဲသည်၊ ပြင်ဆင်သည်။

**Emend** = *correct an error* = အမှားပြင်သည်။

*Nouns:* amendment, emendation.



**DISINTERESTED: UNINTERESTED**

Disinterested = *having no personal advantage to gain.*

Uninterested = *unwilling to give attention to: bored*

**A judge should be disinterested in a case he is trying: he should not be uninterested.**

ခုခေတ်မှာတော့ ***Michael Swam*** ရေးတဲ့စာအုပ်တွေကို ညွှန်းလိုပါတယ်။ နောက်ထပ်တစ်အုပ်ကတော့ **The Thesaurus of English Words** စာအုပ်ဖြစ်တယ်။ ဒီစာအုပ်က Dictionary နဲ့ ပြောင်းပြန်ဖြစ်တယ်။ ကိုယ်သုံးမယ့်၊ ရေးမယ့်အကြောင်းအရာစိတ်ကူးကို ဆင်တူယိုးမှား စကားလုံးတွေထဲ အထိရောက်ဆုံး၊ အကောင်းဆုံးသုံးနိုင် အောင် စုစည်းပေးထားတာ ဖြစ်တယ်။ Thesaurus ဆိုတာ Greek စကားလုံးဖြစ်ပြီး အင်္ဂလိပ်လိုကတော့ Treasure ပဲဖြစ်တယ်။ 1852 မှာ Peter Mark Roget (1772-1869) က စုဆောင်းပြုစု ထုတ်ဝေခဲ့တာပါ။ ပထမဆုံးထုတ် စဉ်က ပေးခဲ့တဲ့အမည်အပြည့်အစုံက...

***The Theasurus of English Words and Phrases Classified and Arranged so as to Facilitate the Expression of Ideas and Assist in Literary composition.*** တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအမည်ကြည့်ရုံနဲ့ ဒီစာအုပ်အသုံးဝင်ပုံ သိလောက်ပါပြီ။


Theasurus ကို ပိုကောင်းအောင် modified လုပ်ထားတဲ့ ***The Activator*** ခေါ်တဲ့ ***The Production Dictionary*** စာအုပ်တွေ ခုချိန်မှာရှိလာပါပြီ။ ဒါပေမယ့် တန်ဖိုးက တစ်အုပ်ကို ကျပ်တစ်သောင်းကျော်လောက် ရှိပါတယ်။

* * *

အင်္ဂလိပ်စာ ၁

# သင်ယူခြင်း

အပိုင်း - ၂



www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်စာ သင်ယူခြင်း (၂)

*ယခုရေးသားသောဆောင်းပါးသည် အင်္ဂလိပ်စာကို လိုလိုချင်ချင်သင်ယူနေကြသော လူငယ်များကို ရည်ညွှန်းပါသည်။*

ဒီလိုစာအုပ်တွေ ဆော်တော်များများ ဖတ်ပြီးလာတဲ့အခါမှာ (The Social level of words) ဘယ်အလွှာနဲ့ စကားပြောရင်၊ ဘယ်စကားလုံးသုံးပြီး ပြောရမယ်ဆိုတာ ရွေးချယ်တတ်လာမယ်။ level of words အနေနဲ့...

**"Formal words"** မှာဆိုရင် ဆေးပညာစကားလုံး၊ ဥပဒေပညာစကားလုံး၊ တရားရုံးသုံးစကားလုံးတွေ ဖြစ်တယ်။

**"General use words"** တွေကတော့ နေ့စဉ်သုံးသာမန်စကားလုံးအများစုပဲ ဖြစ်တယ်။ ဒီထဲမှာ Formal words တွေလည်း ပြန်ပါလာနိုင်တယ်။

**"Euphemism"** ကတော့ ယဉ်ယဉ်ကျေးကျေး ပြောဆိုရမယ့်အခါ သုံးနှုန်းတဲ့ စကားလုံးတွေဖြစ်တယ်။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ထက် အသက်အရွယ်, ဂုဏ်ကြီးတဲ့လူတွေ၊ လေးစားရမယ့် လူတွေနဲ့ ရဟန်းသံဃာများနဲ့ ပြောတဲ့အခါ သုံးရမှာဖြစ်တယ်။ ဆိုလိုရင်း တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောရတယ်။

**"Children's words"** ဆိုတာ စကားလုံးမကြွယ်ဝသေးတဲ့ ကလေး ပြောတဲ့ စကားလုံးတွေဖြစ်တယ်။ Baby talk လို့လည်း ပြောနိုင်တယ်။

နောက်တစ်မျိုးကတော့ လူငယ်တွေ အများဆုံးပြောလေ့ရှိတဲ့ အထူးသုံးစကားလုံးတွေဖြစ်တယ်။ ဗန်းစကား **(Slangs)** တွေပေါ့။ ဒါတွေဟာ ကိုယ့်သူငယ်ချင်း အချင်းချင်း၊ မိသားစုချင်း၊ လုပ်ဖော်ကိုင်ဖက်ချင်းသာ ပြောသင့်တဲ့ စကားလုံးတွေဖြစ်တယ်။ "အရေးအသား" မှာ တရားဝင်သိပ်သုံးလေ့မရှိဘဲ "စကားပြော" မှာသာ သုံးလေ့ရှိတယ်။ ဒီစကားလုံးတွေဟာ 'ဟာသ' ရှိတယ်၊ 'တိုက်ရိုက် ထိရောက်မှု' ရှိတယ်။

နောက်တစ်မျိုးက သိပေမယ့် လုံးဝမသုံးသင့်တဲ့ စကားလုံးတွေဖြစ်တယ်။ ရိုင်းစိုင်းတဲ့ စကားလုံးတွေ၊ **Vulgar words** တွေဖြစ်တယ်။ ဒါပေမဲ့ တချို့ကတော့ ဗန်းစကား (Slang) လို့ပဲ သဘောထားပြီး ကိုယ့်ချစ်သူချင်း၊ အရွယ်ရောက်ပြီး သူငယ်ချင်းချင်း ပြောလေ့တော့ရှိတယ်။ ဆရာသမား၊ အသက်လူကြီးများနဲ့ အမျိုးသမီးများ၊ ကလေးများရှေ့မှာ လုံးဝမပြောသင့်တဲ့ စကားလုံးများဖြစ်တယ်။





***A person who use vulgar Language in the wrong social situation may be considered unedcated, immature, lower class or immoral.***

ဥပမာပေးပြီး Different Social Level of Words ကို ရှင်းပြရရင် အလွယ်ဆုံး၊ အရှင်းဆုံးစကားလုံးဖြစ်သော "ဝမ်းသွားသည်" နှင့် 'ဝမ်း' ဆိုတဲ့ မြန်မာစကားလုံးကို အင်္ဂလိပ်လို... Verb Forms မှာ

Defecate, have a bowel movement, use the bathroom, make ka ka, make number two, take a shit နဲ့

Noun Forms မှာ

stool, bowel movement, b.m, dirt, turds, shit ဆိုပြီး ခွဲခြားပြီးသုံးပါတယ်။

***In different situations, different words are chosen.***

1. **Formal.** *(Doctor to patient)*
   "We have to check a sample of your **stool.** When you **defecate,** use this special case to obtain. a small **stool** sample. Bring it to the laboratory for testing."
2. **General use***(A mother to another mother)*
   "The baby hasn't **had a bowel movement** in

www.burmeseclassic.com

www.burmeseclassic.com



twodays. I wonder if I should give him a laxative?
His **b.m.**'s have been very hard and dry."

3. **Euphemism.** *(Guset to host at a party)*
"May **I use your bathroom?**
*(Woman to companion walking in the street)*
"Watch out! Don't step in the dog **dirt**."

4. **Children's words.** *(Three-year-old child)*
"Mommy I have to **make Ka Ka**." (ဘွတ်ဘွတ် ယိုချင်တယ်)
*(Older child)*
"Guess what? The dog **did number two** on the rug in the living room."

5. **Slang.** *(Any member of the family)*
"Can we stop at a gas station soon? I have to **go**!
*(Friend to friend)*
"Watch out! Don't step in the dog **turds**!"

6. **Vulgar** *(In a college dormitory)*
"I have to **take a shit**."
*(Friend to friend)*
"Watch out! Don't step in the dog **shit**!" လို့ သုံးကြတယ်ဆိုတာ သိလာမယ်။



နောက်တစ်အုပ်ကတော့ ရှိမယ်ဆိုရင် ရှိသင့်တဲ့ စာအုပ်တစ်အုပ်ပဲ။ ELBS ကထုတ်တဲ့ စာအုပ်ဖြစ်တယ်။ **The Penguin Dictionary of Quotations.** "**အဆိုအမိန့် ပေါင်းချုပ်စာအုပ်**" လို့ ပြောရမယ်နဲ့တူတယ်။ ဒီထဲက နမူနာလေးတွေ ရေးပေးရရင်...

***Sleep is good,***
***death is better;***
***but of course,***
***the best thing would be never to have been born at all.***

**Heinrich Heine**
**(1797-1856)**

***No man is an Island, entire of itself;***
***every man is a piece of the Continent,***
***a part of the main.***

**John Donne**
**(1571? - 1631)**

ခုပြောခဲ့တဲ့ စာအုပ်တွေကို တစ်ဦးတည်းက အကုန်လုံးဝယ် ဖို့ မလွယ်ပါဘူး။ ဆရာ အကြံပေးချင်တာက စိတ်တူသူငယ်ချင်း ဆယ်ယောက်လောက်စုပြီး စာအုပ်တွေဝယ်၊ အချင်းချင်းပြန်ငှားကြပေါ့။ ဒါတွေအပြင် ပြင်ပက စာအုပ်များများဖတ်ဖို့လည်း လိုမယ်။ ငှားရရ၊ ဝယ်ရရပေါ့။ အထူး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် Simplified လုပ်ထားတဲ့စာအုပ်၊ ဒါမှမဟုတ် Retold လုပ်ထားတဲ့စာအုပ်တွေပေါ့။ နောက် Comic books တွေ၊ Cartoons တွေ ဖတ်ကိုဖတ်ရမှာဖြစ်ပါတယ်။

ဒါတွေက အင်္ဂလိပ်စာ "အဖတ်နဲ့ အရေး" အတွက်ပေါ့။ "အကြားနဲ့ အပြော" အတွက်လည်း လုပ်သင့်တာတွေ လုပ်ရဦးမှာပေါ့။ ဆရာတို့တုန်းက ခုလို Media ပေါင်းစုံမရှိသေးတော့ ရုပ်ရှင်ရုံကိုပဲ အားကိုးရတယ်။ အင်္ဂလိပ်ကား ကောင်းကောင်းလေးတွေကို ထပ်ခါထပ်ခါ (၆) ကြိမ်၊ (၇) ကြိမ်လောက် ကြည့်ရတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် စကားလုံးတွေ ပိုပိုသိလာရတယ်။ ခုခေတ်တော့ လွယ်ပါတယ်။ Video ခွေကောင်းကောင်းလေးတွေငှားပြီး ထပ်ခါထပ်ခါ ကြည့်ပေးပေါ့။ တချို့စကားလုံးလေးတွေ အလွတ်ရအောင် ကျက်ထားပေးပေါ့။

စကားလုံးတွေဆိုမှ သတိရတယ်။ ခုနပြောတုန်း ကျော်သွားတယ်။ စကားလုံးများများရဖို့အတွက် Affix တွေ၊ Roots တွေ များများသိထားဖို့လိုတယ်။ အဓိကအားဖြင့် Latin စကားလုံးတွေနဲ့ Greek စကားလုံးတွေပဲပေါ့။ ရှေ့ကတွဲရင် Prefix ဖြစ်ပြီး နောက်ကတွဲ suffix ပေါ့။ ဥပမာအဖြစ် Greek စကားလုံး Ge (စာလုံးအတွဲနဲ့ပေါင်းရင်တော့ Geo ပေါ့) ကိုကြည့်ရအောင်။ Geo ဆိုတာ မြေကြီး၊ ဘူမိပေါ့။ ဒါကို သိထားရင်...



Geology = ဘူမိဗေဒ၊ Geography = ပထဝီဝင် (မြေကြီးပေါ်က စာရင်းဇယားတွေ)၊ Geometry = မြေတိုင်းပညာရပ်၊ George= လယ်ယာလုပ်သားဦးကြီး၊ Georgia= မြေသြဇာကောင်းသောမြေ။ *(ဒီနာမည်နဲ့ အမေရိကန်မှာ ပြည်နယ်တစ်ခုရှိတယ်။ ရုရှားပြည်က ခွဲထွက်လာတဲ့ နိုင်ငံတစ်နိုင်ငံရှိတယ်။)*

* * *


www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်စာ

# သင်ယူခြင်း

အပိုင်း - ၃




www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်စာ သင်ယူခြင်း (၃)

*ယခုရေးသားသောဆောင်းပါးသည် အင်္ဂလိပ်စာကို လိုလိုချင်ချင်သင်ယူနေကြသော လူငယ်များကို ရည်ညွှန်းပါသည်။*

အကြားနဲ့အပြော (listening and spoken) အကြောင်း ပြန်ဆက်ရရင် အပြောအတွက် အခြေခံ general linguistics ကို သိထားသင့်ပါတယ်။ အခြေခံ phonetics ကိုလည်း သိထားရမှာပါ။

အင်္ဂလိပ်စကားပြောမှာ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ stress, style, intonation များမသုံးဘဲ၊ မထည့်ဘဲ ပြောရင် ရပါတယ်။ လိုလည်း လိုလှတယ်လို့ မထင်ပါဘူး။ ဒါပေမယ့် pure vowels တွေ၊ diphthongs တွေ အသံမှန်မှန် သိထားသင့်ပါတယ်။

အထူးသဖြင့် consonants တွေမှာ voiced sound နဲ့ voiceless sound တွေကို သိသင့်ပါတယ်။ P, T, K, F, S အစရှိသော စာလုံးအသံများသည် voiceless (သံပေါ့)

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး B, D, G, V, Z အစရှိသော စာလုံးအသံများသည် voiced (သံပြင်း)ဖြစ်ကြောင်း အခြေခံလောက်ကို သိထားသင့်ပါတယ်။

S သည် (s) အသံနဲ့ (z) အသံ နှစ်မျိုးထွက်ပါတယ်။ voiceless အသံ၏အဆုံးတွင် s အသံထွက်ရပြီး voiced အသံ၏အဆုံးတွင် z အသံထွက်ရပါတယ်။ သို့ဖြစ်၍ cats တွင် kts ဟု s အသံနဲ့ထွက်ပြီး dogs တွင် dgz ဟု z အသံနဲ့ ထွက်ရပါတယ်။ ထို့အတူ sits တွင် sits ဟု s အသံနဲ့ထွက်ရပြီး stands တွင်မူ standz ဟု z အသံနဲ့ ထွက်ရပါတယ်။

များသောအားဖြင့် noun တွင် s အသံနဲ့ထွက်ပြီး verb တွင်မူ z အသံနဲ့ ထွက်လေ့ရှိပါတယ်။ ခြွင်းချက်တော့ ရှိပါတယ်။ use ကို noun အဖြစ်ပြောက ju:s ဟု s အသံနဲ့ ထွက်ပြီး verb အဖြစ်ပြောက ju:z ဟု z အသံနဲ့ ထွက်ရပါတယ်။

ထို့အတူ C သည် k အသံထွက်သည့်အခါထွက်ပြီး s အသံထွက်သည့်အခါ ထွက်ပါတယ်။ ယေဘုယျအားဖြင့် ပြောရခြင်းဖြစ်ပါတယ်။ များသောအားဖြင့် CE, CI, CY တို့တွင် s အသံထွက်ပြီး CA, CO, CU တို့တွင် k အသံထွက်လေ့ရှိပါတယ်။ C သည် မည်သည့်အခါမှ z အသံမထွက်ပါ။ The letter 'C' never stands for z.

မြန်မာနိုင်ငံတွင် လူ ၁၀၀ မှာ ၉၀ ကျော်လောက်က



December လကို 'ဒီဇင်ဘာ' လဟု အသံထွက်ပြောနေကြပါတယ်။ မြန်မာစကားပြောတွင် ဒီဇင်ဘာလဟု ပြောခြင်းမှာ မည်သို့မျှကိစ္စမရှိပါ။ သို့ရာတွင် အင်္ဂလိပ်လိုစကားပြောရင်း dizemba ဟုပြောနေခြင်းမှာ အလွန်ပင်အကြားရဆိုးပါတယ်။ အမှန်မှာ disemba ဟုသာ s အသံနှင့်သာ ပြောရမယ်ဖြစ်ပါတယ်။

ထို့ထက် စိတ်မကောင်းစွာ ပိုဆိုးစွာပြောရမှာ တစ်ခုကတော့ အင်္ဂလိပ်စာသင်ဆရာ တော်တော်များများ ကိုယ်တိုင်ပင် သူတို့ရဲ့တပည့်များကို အင်္ဂလိပ်စာအသံထွက် pronunciation သင်ပေးမယ်ပြောသည်ကိုပင် Pranunsieifn ဟု s အသံနှင့် ထွက်ရမည်ကို Pranunzieifn ပရိုနာမ်ဇေရှင်းဟု z အသံနှင့် ပြောနေသည်ကို မျက်မြင်ကြားတွေ့ရတော့ တော်တော်လေး စိတ်မသက်မသာ ဖြစ်ရပါတယ်။

ထူးထူးခြားခြားအနေနဲ့ပြောရရင် waltz မှာ z ဟာ z အသံမထွက်ဘဲ s အသံသာထွက်ပါတယ်။ ထို့အတူ အင်္ဂလိပ်စကားလုံးတွင် အချို့သောစာလုံးကို အသံထွက်ဆိုခြင်းမရှိဘဲ အသံတိတ် (silent) အဖြစ်ထားခြင်း များစွာရှိပါတယ်။

တစ်ခါက ပိုက်ဆက်ပိုက်ပြင်သမား (plumber) စကားလုံးကို ကျွန်တော်က b သံဖျောက်ပြီး pluma အသံထွက်ပြောတာကို အင်္ဂလိပ်စာမဟာဝိဇ္ဇာကျောင်းသူ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ လျောင်ခြင်းကို ခံရခဲ့ဖူးပါတယ်။ အမှန်မှာ ထိုအမျိုးသမီးကိုယ်တိုင်ပင် b စာလုံးသည် t စာလုံးရှေ့နှင့် m စာလုံးနောက်တွင် အသံတိတ် (silent) ဖြစ်ကြောင်း ဥပဒေသကို လုံးဝမသိသူဖြစ်ကြောင်း သူကိုယ်တိုင်သူ မသိသူသာဖြစ်ပါတယ်။

debt, doubt, subtle နှင့် lamb, bomb, thumb, plumb တို့တွင် b အသံကိုထည့်ပြီး အသံမထွက်ပါ။ ထို့ကြောင့်ပင် ဗုံးကြဲလေယာဉ် bomber ကို b သံဖျောက်ပြီး boma ဟု အသံထွက်ပါတယ်။ ဒါပေမယ့် bomb နောက်က a စာလုံးနဲ့ ဆက်လိုက်ရင်တော့ b အသံမပျောက်ပြန်တော့ဘူး။ bombard, bombardier, bombast, bombay တို့မှာ ကျတော့ b အသံထွက် ပျောက်မသွားဘဲ နောက်က vowel နဲ့ အသံတစ်ခု ထပ်ထွက်တယ်။

ဒီအကြောင်းတွေသင်တော့ တပည့်ကျောင်းသူလေးတစ်ဦးက 'ဆရာတို့ အင်္ဂလိပ်စာက ရှုပ်မှရှုပ်ပဲ' လို့ပြောတယ်။ ဒါနဲ့ သူတို့ကို 'မင်းတို့ အင်္ဂလိပ်စာရှုပ်တာတော့ မပြောနဲ့တော့။ ရှုပ်သမျှ တစ်ကစရှုပ်တယ်' လို့ ပြောလိုက်တယ်။

သူတို့က 'ဉာဏ်မမီတော့ဘူးဆရာ။ ရှင်းပြပါဦး' လို့ ဝိုင်းအော်ကြတယ်။ ဒီတော့ သူတို့ကို 'မင်းတို့ "တစ်"ကို အင်္ဂလိပ်လို ဘယ်လိုပြောမလဲ။ ပြော' လို့ အလစ်ဖမ်းမေးလိုက်တော့ အားလုံးကြောင်ပြီး 'ဝမ်း' won လို့ ဝိုင်းအော်ကြတယ်။



ဒီတော့မှ သူတို့ကို 'မင်းတို့က "တစ်" ကို won လို့ အသံထွက်ရမယ် သင်ထားဖူးလို့၊ ကြားထားဖူးလို့ အသံထွက်တတ်တာပါ။ ဒီလိုမကြားဖူးခဲ့ရင်...' ဆိုပြီး white-board မှာ one ရေးပြလိုက်ပြီး 'ဒီလိုရေးပြထားတာကို မင်းတို့ "အွန်" လို့ဖတ်မလား၊ ဒါမှမဟုတ်ရင် "အုန်နေ" လို့ ဖတ်မလား၊ တစ်ခုခုပဲ။ ဒါကြောင့် အင်္ဂလိပ်စာဟာ "တစ်" ကစလို့ ရှုပ်တယ်ပြောတာပေါ့' လို့ပြောတော့ သူတို့အားလုံးကလည်း တအုန်းအုန်းနဲ့ ပွဲကျသွားတယ်။

**အင်္ဂလိပ်စာ ဘယ်လိုရှုပ်ရှုပ် ကျွန်တော်တို့က ကမ္ဘာကြီးကိုသိဖို့၊ ကမ္ဘာကြီးက ကျွန်တော်တို့ကို သိဖို့ အင်္ဂလိပ်စာကို ကြိုးစားသင်ယူရဦးမှာပါပဲ။**

ဒီတော့ ကျွန်တော်တို့ဟာ အင်္ဂလိပ်စာကို အထင်တကြီးမဟုတ်ပေမယ့် စိတ်ဝင်တစားနဲ့ ပျော်ပျော်ရွှင်ရွှင် လေ့လာသင်ယူသင့်ပါတယ်။ အင်္ဂလိပ်စာ သင်ယူသူများဟာ jokes တွေ၊ puzzles တွေ၊ poems တွေလည်း ဖတ်သင့်၊ လေ့လာသင့်ပါတယ်။ ကျွန်တော်ဆို ကျောင်းသား၊ ကျောင်းသူတွေကို စာအတည်သင်နေရင်း တစ်ခါတလေ ဦးနှောက်စားစရာလေးတွေ သူတို့ကို ဖြတ်ဖြတ်မေးပါတယ်။

ဥပမာပြောရရင် ***ဝေါင်တာ***'ကို၊ '***အပေါင်ဆိုင်***'ကို အင်္ဂလိပ်လို ဘယ်လိုခေါ်လဲ မေးတာမျိုးပေါ့။ ကျောင်းသားကျောင်းသူ အယောက်နှစ်ဆယ်မှာ တစ်ယောက်မှ အမှန်

www.burmeseclassic.com

www.burmeseclassic.com



မဖြေနိုင်ကြဘူး။ 'ပေါင်တာ' ကို အင်္ဂလိပ်လို ပေါင် (pawn) ခေါ်တယ်။ 'အပေါင်ဆိုင်' ကို pawnshop ခေါ်တယ် ပြောတော့မှ သူတို့ တော်တော်သဘောကျသွားကြတယ်။ မှတ်လည်း မှတ်မိသွားကြတယ်။

နောက် 'ခိုးတယ်' ကို steal မသုံးဘဲ slang (ဗန်းစကားနဲ့ ဘယ်လိုပြောမလဲမေးတော့လည်း ဘယ်သူမှ မှန်အောင် မဖြေနိုင်ကြဘူး။ အဖြေမှန်က bone စကားလုံးဖြစ်တယ်။ မြန်မာလိုလည်း သုံးလေ့ရှိပါတယ်။ 'ငါ့စာအုပ် ဘယ်သူ ဘုံးသွားသလဲ"

နောက်တစ်ခါ 'ရေးခြစ်' တာကို အင်္ဂလိပ်လို C စာလုံးအသံနဲ့စပြီး ထူးထူးခြားခြားပြောထားတဲ့ စကားလုံးပြောပြဆိုတော့လည်း သူတို့ ဦးနှောက်စားသွားပြန်တယ်။ စာအနည်းအကျဉ်းရေးခြစ်တာကို chit ဆိုတဲ့စကားလုံး သုံးတယ်။ jot down လို့လည်း ပြောကြပါတယ်။ တစ်ချိန်တုန်းက ဆေးရုံကြီးတွေမှာ "chit case" ဆိုရင် ဆရာဝန်ကြီးရဲ့ စာတိုလေးနဲ့ ဆေးရုံတက်လာတဲ့ အထူးလူနာတွေကို ပြောတာပါ။ chit chat ဆိုရင်တော့ အာလာပသလ္လာပ ပြောကြတာကို သုံးတာဖြစ်ပါတယ်။

Talk Shop ဆိုတာကတော့ အသက်မွေးဝမ်းကျောင်း ပညာရပ်နဲ့ အလုပ်လုပ်နေတဲ့သူတွေက အလုပ်အကိုင်အကြောင်းပြောတာကို ဆိုလိုတာဖြစ်ပါတယ်။ ဆရာဝန်တွေ ဆေးပညာအကြောင်း၊ ရောဂါကုသရေးများအကြောင်းကို



ပြောနေတာ၊ ရှေ့နေတွေ၊ တရားသူကြီးတွေ ဥပဒေ ပညာအကြောင်း ပြောဆိုကြတာမျိုးကို ဆိုလိုတာပါ။

*အင်္ဂလိပ်စာကို မှန်မှန်ကန်ကန်နဲ့ ပျော်ပျော်ရွှင်ရွှင် သင်ယူနိုင်ကြပါစေ။*

**ကိုကိုမောင်** (GE.M)

www.burmeseclassic.com

www.burmeseclassic.com

# စာဖတ်သူလူငယ်များ၏အမြင်

## အမေချစ်သား

တစ်နေ့သော တနင်္ဂနွေမနက်ခင်းတစ်ခုမှာ ဆရာကိုကိုမောင် (GEM) က စာအိတ်တစ်အိတ် ကျွန်တော့်ကို ပေးပါတယ်။ လုံးချင်းပြန်ထုတ်ဖို့ရှိတဲ့ ဆရာ့စာမူတွေကို ဖတ်ပြီး အမှာစာသဘောမျိုး ရေးပေးဖို့ ပြောလာပါတယ်။ ကျွန်တော်သိထားတဲ့ အမှာစာရေးလေ့ရှိတဲ့သူတွေဟာ အရာရာကို စေ့စပ်စွာသိထားတဲ့ ဆရာကြီးများကိုသာ ရေးနိုင်းလေ့ရှိရာ ကျွန်တော့်လို ဘာမှမဟုတ်တဲ့ သာမန်လူတစ်ယောက်ကို ရေးခိုင်းတယ်ဆိုတော့ အံ့သြမိပါတယ်။ ဆရာ့ကို သေချာမေးကြည့်မိတော့မှ အမှာစာသဘောမျိုးထက် ဒီစာမူတွေအပေါ် လူငယ်တစ်ယောက်ရဲ့ ခံစားချက်မျိုး ရေးပေးစေလိုတဲ့အတွက် လက်ခံခဲ့ပါတယ်။

ဆရာ့ရဲ့ အတွေးသစ်ဂျာနယ် Family မဂ္ဂဇင်းတွေမှာ ရေးသားဖော်ပြခဲ့သော 'ကျွန်တော့်ဖေဖေနဲ့ ...' စတဲ့ဆောင်းပါးများကို ဖတ်ခွင့်ရခဲ့ပါတယ်။ အမေ့ကို အဖေထက် ပိုချစ်တဲ့ အမေချစ်သားတစ်ယောက်ဟာ အဖေကို သိပ်ချစ်တဲ့ အဖေချစ်သားတစ်ဦးရဲ့ နက်ရှိုင်းလေးနက်တဲ့ အနှိုင်းမဲ့မေတ္တာကို အနုပညာရသနဲ့ ပေါင်းစပ်ထားတဲ့ အဖေ့အတွက် အမှတ်တရဆောင်းပါးတွေကို ဖတ်ရတဲ့ အခါ ကျွန်တော့်ရင်ထဲမှာ ခေါင်းစဉ်တပ်လို့မရတဲ့ ခံစားမှု

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ပေါ်လာပါတယ်။ အဖေကို သိပ်ချစ်တဲ့သား၊ သားကို သိပ်ချစ်တဲ့အဖေ၊ အဖေနဲ့သားတို့ရဲ့ ဆက်သွယ်မှုကြိုးကို အံ့ဩစွာ သိခွင့်ရခဲ့ပါတယ်။ ဆောင်းပါး တစ်ခုချင်းစီတိုင်းဟာ ဖြစ်ရပ်မှန်အတွေ့အကြုံလေးတွေ ဖြစ်တဲ့အတွက် ဖတ်ရသူအဖို့ ထူးခြားတဲ့အတွေးစ၊ ဗဟုသုတနဲ့ စဉ်းစားချင့်ချိန်စရာများစွာနဲ့ ရင်ထဲမှာ စွဲကျန်ခဲ့ပါတယ်။ ဘုရားကျောင်းမှာ အမြဲလိုတွေ့နေကြဖြစ်ပေမယ့် သိပ်ရင်းနှီးကျွမ်းဝင်မှုမရှိလှတဲ့ ဆရာနဲ့ကျွန်တော့်ရဲ့ ဆက်ဆံရေးဟာ ဆရာ့ဆောင်းပါးတွေကြောင့် မှတ်မှတ်ရရ ဖြစ်ခဲ့ရသလို ဆောင်းပါးတစ်ပုဒ်ချင်းစီရဲ့အောက်မှာ ရေးထားတဲ့ "ဖေဖေ၏မေတ္တာကျေးဇူးများကို ထာဝစဉ်အောက်မေ့သတိရလျက်" ဆိုတဲ့ စာသားလေးဟာ အဖေ့အပေါ်ထားရှိတဲ့ ဆရာ့ရဲ့ ချစ်ခြင်းမေတ္တာကို တိုက်ရိုက်ခံစားရပါတယ်။ ဆောင်းပါးတွေမှာပါတဲ့ ပုံတိုပတ်စလေးတွေ၊ ဉာဏ်စမ်းပုစ္ဆာလေးတွေနဲ့ ဆုံးမပဲ့ပြင်ပြီး လမ်းညွှန်ပေးခဲ့တဲ့ ဆရာ့ရဲ့ ဖခင်ကြီးကိုလည်း လေးစားမိပါတယ်။

စဖတ်လိုက်တဲ့ဆောင်းပါးကစလို့ အဖေနဲ့သားတို့ရဲ့ အပြန်အလှန် စကားပြောဟန်တွေနဲ့ ခံစားမှုအာရုံကို ဆွဲခေါ်သွားလိုက်တာ အဆုံးရောက်တဲ့အထိကို လက်ကမချလိုက်ရဘဲ ရောက်သွားခဲ့ပါတယ်။ ဆရာ့ရဲ့ဆောင်းပါးအားလုံးကို ဖတ်ပြီးတဲ့အခါမှာတော့ တွေးတောဆင်ခြင်စရာများစွာနဲ့ အမြင်သစ်များတိုးပွားလာမှာ အမှန်ပါပဲ။

စောဘိုဘို

*စာပေကော်မတီ (သဘာပတိ)*

*ကံဘဲ့နှစ်ခြင်းအသင်းတော်*

*လူငယ်ကြိုးစားခြင်းအသင်း*

# မရှိမဖြစ်

ဆရာ

ဆရာ့ရဲ့ 'ကျွန်တော့်ဖေဖေနဲ့...' ဆောင်းပါးများကို ဖတ်မိတော့ အဖေမရှိတော့တဲ့ ကျွန်မအတွက် အဖေအနားလာပြီး ကျွန်မကို ပြောနေသလို ခံစားရပါတယ်။

'ကျွန်တော့်ဖေဖေနှင့် မရှိမဖြစ်' ကို အကြိုက်ဆုံးပါပဲ ဆရာ။ လူတွေဟာ ကိုယ် တကယ်ကြုံဖူး၊ ခံစားဖူးရတာတွေကို ကြိုက်ကြစမြဲပါ။ ဥပမာ– အသည်းကွဲသီချင်းဆိုရင် လူတိုင်းနီးပါး ကြိုက်ကြသလိုပေါ့။ အခု ကျွန်မလည်း ကိုယ်ခံစားဖူးရတာကို သတိရပြီး မရှိမဖြစ်ကို ရွေးလိုက်ရတာပါပဲ။

ကျွန်မဟာ လွန်ခဲ့တဲ့ ၄–၅ နှစ် အသက်ငယ်ငယ်နဲ့ လူငယ်အတွင်းရေးမှူး စဖြစ်ခဲ့တဲ့အချိန် ဂုဏ်ယူမှုတွေ အပြည့်နဲ့ "ငါသာအတော်ဆုံး"၊ "ငါပါမှ ဒီကိစ္စက အောင်မြင်မှာ"၊ "ငါပြောလိုက်ရင် ရပြီပဲ" စတဲ့ ငါပါမှ ငါပါမှတွေနဲ့ ဘဝင်မြင့်နေတဲ့အချိန်တွေ ကျွန်မ ရှိခဲ့ပါတယ်။ ဒါပေမယ့် တစ်ရက် church က အစ်ကိုတစ်ယောက်ပြောတဲ့ စကားတစ်ခွန်းက ကျွန်မစိတ်ကို နိုးလိုက်တယ်။ "ကောင်းသေရင် ငွေပေါ်လိမ့်မယ်" တဲ့။ နောက်ပိုင်း ကျွန်မ အဲဒီကိစ္စကို ဂရုတစိုက်နဲ့ စမ်းကြည့်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



church CE ရဲ့ကိစ္စအချို့ကို ကျွန်မ တစ်ခါတလေ ဝင်မပါဘူး၊ ဝင်မပြောဘူး၊ လွှတ်ထားလိုက်တယ်။ အစတုန်းက ငါ Church မသွားရင် လူငယ်တွေ ဒုက္ခရောက်မှာပဲဆိုတဲ့ အတွေးက လုံးလုံးကြီးမှားနေတယ်ဆိုတာ လက်တွေ့သိလိုက်ရတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ကျွန်မ learn လုပ်လာလိုက်တာ အသက်အရွယ်ကြောင့်ပဲလား?၊ အတွေ့အကြုံကြောင့်ပဲလား?။ ကျွန်မ ဒီကိစ္စကို ကောင်းကောင်းကိုင်တွယ်တတ်သွားခဲ့ပါတယ်။

အခုတစ်ခါ ဆရာ့ရဲ့စာမူကိုဖတ်ရတော့ ကျွန်မရဲ့ခံယူချက်တွေဟာ ပိုပြီးရှင်းလင်းသွားခဲ့ရပါတယ်။ ဆရာ့ရဲ့ 'ရေပုန်းသင်ခန်းစာ' နဲ့ "လုပ်စရာရှိတာကို အကောင်းဆုံးလုပ်ပါ၊ ကိုယ့်အရည်အချင်းအတွက်ဂုဏ်ယူပါ၊ ဒါပေမယ့် မမေ့နဲ့၊ လောကကြီးမှာ အစားထိုးလို့မရနိုင်တဲ့ 'မရှိမဖြစ်လူ' ဆိုတာ မရှိ" ဆိုတဲ့ ဆရာ့ရဲ့စကားလုံးတွေက ထိမိလှပါတယ်။

ကျွန်မလည်း အခု အဲသလိုပဲ လိုက်နာကျင့်သုံးပြီး ကျွန်မလုပ်စရာရှိတာတွေကို အကောင်းဆုံးဖြစ်အောင် လုပ်နေပါတယ်ဆရာ။

*(ဆရာကတော့ ဆရာ့စာမူတွေကို comments ရေးခိုင်းလိုက်တယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမယ့် ကျွန်မကတော့ ကျွန်မခံစားချက်ကို ရှေ့တန်းတင်ပြီး ဆရာ့ကို ရင်ဖွင့်ခြင်း သက်သက် ဖြစ်သွားရပါတယ်။)*

**ကျေးဇူးတင်လျက်**
**ဆိုင်းဆောင်မ်**
***[အတွင်းရေးမှူး (စာပေကော်မတီ)***
***မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်]***

www.burmeseclassic.com